ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

မမြဲသော သဘောတို့ကိုသိ

စွန့်ပစ်အပ်သော ဤခန္ဓာကိုယ်သည် အဘယ်မှာလျှင် နစ်သက်မွေ့လျော်ဖွယ်ရှိအံ့နည်း။ ဤခန္ဓာကိုယ်ကိုစွဲ၍ ရာဂတို့ဖြစ်ခြင်းသည် မလျောက်ပတ်လေစွတကား။ (ခန္ဓာကိုယ်၏ မမြဲသောသဘော၊ အနှစ်မရှိသော သဘောတို့ကိုသိအောင် စဉ်ဆက်မပြတ် ကျင့်ကြံအားထုတ်ရာ၏။)

ဧရာဝဏ်(ဓမ္မပဒ-၁၄၉)

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်၊ စနေနေ့။ Saturday , 26 November 2016 (စ၇၅၇)

တတိယအကြိမ် မြန်မာ-အီးယူ လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲ ပူးတွဲသတင်းထုတ်ပြန်

နေပြည်တော် နိုဝင်ဘာ ၂၅

တတိယအကြိမ် မြန်မာ-အီးယူ လူ့အခွင့်အရေးဆွေးနွေးပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

ယင်းဆွေးနွေးပွဲဆိုင်ရာ ပူးတွဲသတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

တတိယအကြိမ် မြန်မာ-အီးယူ လူ့အခွင့်အရေးဆွေးနွေးပွဲ
ပူးတွဲသတင်းထုတ်ပြန်ချက်
မြန်မာနိုင်ငံနှင့်ဥရောပသမဂ္ဂတို့ တတိယအကြိမ် လူ့အခွင့်အရေးဆွေးနွေးပွဲကျင်းပခဲ့ခြင်း
(၂၂-၁၁-၂၀၁၆)

၁။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် တတိယအကြိမ် မြန်မာ-အီးယူ လူ့အခွင့်အရေးဆွေးနွေးပွဲကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဥရောပသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာစတာဗရို့စ် လမ်ဘရစ်နီဒစ်တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပါသည်။

၂။ ဆွေးနွေးပွဲတွင် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် တူညီသည့်တန်ဖိုးထားရှိမှုများကိုအခြေခံ၍ လူ့အခွင့်အရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုခိုင်မာစေရန် နှစ်ဖက်သန္ဓိဋ္ဌာန်ရှိမှုကို ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းစွာအာဏာလွှဲပြောင်းမှုနှင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ယှဉ်ပြိုင်မှုရှိပြီး အများယုံကြည်လက်ခံနိုင်သော ရွေးကောက်ပွဲများနောက်ပိုင်း ဒီမိုကရေစီနှင့် အခြေခံလွှတ်လပ်ခွင့်များတိုးမြှင့်ရန် အစိုးရ၏ကနဦးခြေလှမ်းများကို အီးယူမှခီးကျူးခဲ့ပါသည်။ အီးယူနိုင်ငံခြားရေးဝန်ကြီးများမှ (၂၂-၆-၂၀၁၆) ရက်နေ့တွင် အတည်ပြုခဲ့သည့် အီးယူပူးတွဲကြေညာချက် "Special Partnership for Democracy, Peace and Prosperity" တွင်ပါရှိသည့်အတိုင်း အီးယူအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို တိုးမြှင့်ထောက်ခံရန် အခိုင်အမာဆက်လက်သန္ဓိဋ္ဌာန်ပြုထားသည်ကို အလေးထားပြောကြားခဲ့ပါသည်။

၃။ ယင်းသို့ နှစ်ဖက်ဆွေးနွေးမှုများတွင် မြေယာအခွင့်အရေးများ၊ အလုပ်သမားအခွင့်အရေးများ၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များ၊ ရခိုင်ပြည်နယ်အခြေအနေ၊ အီးယူအဖွဲ့ဝင်နိုင်ငံများရှိ လူနည်းစု၏ အခွင့်အရေးများ၊ ဘာသာရေးဆိုင်ရာသည်းမခံမှုနှင့် အမုန်းတရားလှုံ့ဆော်မှုများတားဆီးရေး၊ ရွှေ့ပြောင်းသွားလာသူများ၊ ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်းသွားလာသူများ၏ လူ့အခွင့်အရေး၊ လူကုန်ကူးမှု၊ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲများတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်များသို့ အတည်ပြုပါဝင်ရေး စသည့်လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များစွာကို ဆွေးနွေးခဲ့ကြပါသည်။

၄။ လူ့အခွင့်အရေး တိုးမြှင့်ကာကွယ်စောင့်ရှောက်ရန် ကြိုးပမ်းမှုနောက်ဆုံးအခြေအနေများကို နှစ်ဖက်ပြောကြားခဲ့ကြပြီး အလေ့အထကောင်းများအပေါ် အမြင်ချင်းဖလှယ်၍ နှစ်ဖက်အကျိုးရှိစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနည်းလမ်းများ ထုတ်ဖော်ခဲ့ကြပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

အများပြည်သူနှင့်သက်ဆိုင်သည့် ငြိမ်းချမ်းရေးဖိုရမ် ရန်ကုန်မြို့တွင် ပြုလုပ်

ရန်ကုန် နိုဝင်ဘာ ၂၅

အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံတကာပညာရှင်များပါဝင်သည့် အများပြည်သူနှင့်သက်ဆိုင်သည့် ငြိမ်းချမ်းရေးဖိုရမ်ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

အများပြည်သူနှင့်သက်ဆိုင်သည့် ငြိမ်းချမ်းရေးဖိုရမ်တွင် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် မျှော်လင့်ချက်များ၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဖြစ်စဉ်၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်ရေး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင်ပါဝင်မှု၊ ငြိမ်းချမ်းရေးကြောင့် ရရှိလာမည့်အကျိုးအမြတ်များကို ဆွေးနွေးပြောကြားခဲ့ကြသည်။

ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် မျှော်လင့်ချက်များကိုပြောကြားရာတွင် "တိုင်းရင်းသားခေါင်းဆောင်တွေကော၊ ကြွရောက်လာတဲ့ ဧည့်သည်တွေကိုကော ကျွန်တော် တစ်ခုပဲ မေတ္တာရပ်ခံချင်တာက ကျွန်တော်တို့ ဒီမှာအခုလိုလာပြီးဟောနေပြောနေပေမယ့် အချို့ဒေသကပြည်သူတွေ ဘယ်လိုခံစားနေကြသလဲ။ IDP ပဲခေါ် ခေါ်၊ စစ်ဘေးရှောင်ပဲခေါ် ခေါ် ကလေးတွေ၊ အမယ်အိုကြီးတွေရှောင်တိမ်းနေရတယ်။ တစ်နေ့ စားဖို့၊ သောက်ဖို့၊ ရှောင်တိမ်းဖို့ ၊ အ သက်အန္တရာယ်ကာကွယ်ဖို့ဆိုတာပဲ ဦးတည်နေရတယ်။ ဒီလိုကလေးတွေ၊ ပြည်သူတွေအတွက် သူတို့ရဲ့အနာဂတ်ကိုဘာလုပ်ပေးရမလဲ။ ဘယ်လိုဖြေရှင်းပေးနိုင်ကြမလဲ။ ယုံကြည်မှုကိုအခြေခံတာ ကိုယ်ချင်းစာစိတ်နဲ့ မေတ္တာတရားပါ၊ ဖြောင့်မတ်မှုပါ။ ဒီမှာရှိနေတဲ့သူတွေက လုပ်ပေးနိုင်ကြမယ်ဆိုရင် အားလုံးယုံကြည်မှု ရလာလိမ့်မယ်။ ဦးတည်ချက်ချင်းတူတယ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐

အများပြည်သူနှင့်သက်ဆိုင်သည့် ငြိမ်းချမ်းရေးဖိုရမ် အင်းယားလိတ်ဟိုတယ်၌ ကျင်းပစဉ်။

STARMART nine mile Showroom တွင် အရည်အသွေးမြင့်ထုတ်ကုန်များကိုပိတ်ရက်မရှိ လက်လီလက်ကားဝယ်ယူရရှိနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ငြိမ်းချမ်းရေးခရီးအတူလက်တွဲ

ယနေ့အချိန်ကာလတွင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ကြီးမားသော မျှော်လင့်ချက်မှာ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးပင်ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းခြင်း၏ အကျိုးရလဒ်ကို သိရှိနားလည်ထားပြီးဖြစ်ကြသော ပြည်သူလူထု၏ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးရန် အချိန်တန်ပြီဖြစ်သည်။

လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများမှာ နှစ်ပေါင်း ၇၀ ခန့်ရှည်ကြာခဲ့ရာ ထာဝရငြိမ်းချမ်းရေးမတည်ဆောက်နိုင်ခြင်း၏ အကျိုးဆက်အဖြစ် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခြင်းက သက်သေပြလျက်ရှိသည်။ ထိုမျှသာမက နယ်စပ်ဒေသအချို့မှ တိုင်းရင်းသားပြည်သူများ စစ်ဘေးဒုက္ခကြုံတွေ့နေရမှုများကလည်း စိတ်မချမ်းမြေ့စရာပင်။

နိုဝင်ဘာ ၂၀ ရက်မှသည် ပြီးခဲ့သည့်ရက်များက ရှမ်းပြည်နယ် အရှေ့မြောက်ဒေသအချို့တွင် KIA, TNLA, MNDAA လက်နက်ကိုင်အဖွဲ့များက လုံခြုံရေးစခန်းများနှင့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းများသို့ ဝင်ရောက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ထိုတိုက်ခိုက်မှုများကြောင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသာမက အပြစ်မဲ့အရပ်သားပြည်သူများပါ ထိခိုက်ဒဏ်ရာရ သေဆုံးမှုများရှိခဲ့သည်ကို ဝမ်းနည်းဖွယ်ကြားသိခဲ့ရသည်။

ငြိမ်းချမ်းရေးနှင့်ဝေးကွာခဲ့ရသော မြန်မာနိုင်ငံတွင် ပြည်သူများ ခေတ်အဆက်ဆက် မျှော်လင့်တောင့်တခဲ့ရသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်ကာ (၂၁)ရာစုပင်လုံဟုခေါ်တွင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို ပြည်ထောင်စုစိတ်ဓာတ်နှင့် အားလုံးပါဝင်ခွင့်ရရှိစေနိုင်သည့် မူဝါဒများကို အခြေခံကာ ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ ငြိမ်းချမ်းရေးခရီးလမ်းကို အဟန့်အတားဖြစ်စေနိုင်သော လုပ်ရပ်များကိုလုပ်ဆောင်လိုက်ခြင်းသည် ပြည်သူများ၏မျှော်လင့်ချက်များ ဝေးကွာလွင့်ပါးသွားနိုင်ပါသည်။

ပြည်သူများ လိုလားတောင့်တပြီး မျှော်လင့်နေကြသော ပန်းတိုင်သို့ လျှောက်လှမ်းပါမည်ဆိုလျှင် ထိုကဲ့သို့ လက်နက်ကိုင်တိုက်ခိုက်ခြင်းနည်းဖြင့် ရောက်ရှိလိမ့်မည်မဟုတ်ချေ။ လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းခဲ့ကြခြင်းကြောင့်သာ ပြည်တွင်းစစ်ရှည်ကြာလာကာ နိုင်ငံနှင့်တိုင်းရင်းသားပြည်သူများမှာ ဆိုးကျိုးများကို ယခုထက်ထိ ခံစားနေကြရပြီး အခြားနိုင်ငံများထက် နောက်ကျကျန်ရစ်ခဲ့သည်မှာ အားလုံးအသိပင်ဖြစ်သည်။

ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ နှစ်ပေါင်းများစွာ ရှည်ကြာခဲ့ရခြင်း၊ ထာဝရငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်ခြင်း အကြောင်းအရင်းမှာ အခြေခံကျသည့် နိုင်ငံရေးပြဿနာများကို ဆွေးနွေးညှိနှိုင်း၍ အပေးအယူ၊ အလျှော့အတင်းများပြုလုပ်ကာ ဘုံသဘောတူလက်ခံခဲ့င်သည့် ဖြေရှင်းချက်များ၊ ရလဒ်များ မရှာဖွေနိုင်ခြင်းကြောင့်ဖြစ်ရာ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားသည်ဆိုပါက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် စုပေါင်းအဖြေရှာနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများက တိုင်းရင်းသားပြည်သူအားလုံးအကျိုးအတွက် အားကြိုးမာန်တက် ပြင်ဆင်ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ ပြည်သူများမျှော်လင့်နေသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းများကို အာရုံစိုက်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်သူများနေထိုင်ရာဒေသများအား တိုက်ခိုက်မှုများကို ရှောင်ရှားကြရမည်ဖြစ်သည်။

ထို့ကြောင့် ပြည်သူများ မျှော်လင့်တောင့်တနေသည့် ငြိမ်းချမ်းရေးပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိနိုင်ရေးအတွက် လက်နက်ကိုင်တိုက်ခိုက်မှုများကို စွန့်လွှတ်ကာ တိုင်းရင်းသားပြည်သူများနှင့်အတူ မကြာမီလျှောက်လှမ်းတော့မည့် ငြိမ်းချမ်းရေးခရီးလမ်းတွင် အတူပါဝင်လျှောက်လှမ်းကြရန် တိုက်တွန်းပါသည်။ ။

အလိုတော်ပြည့် ကယ်ဆယ်ရေးစခန်းတွင် mobile library ကွင်းဆင်းဆောင်ရွက်

ဘူးသီးတောင် နိုဝင်ဘာ ၂၅

နေရပ်ရှောင်ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရန်အတွက် ဘူးသီးတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၂၃ ရက်က အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသော နေရပ်ရှောင်ပြည်သူများ ခေတ္တနားခိုရာ စခန်းတွင် mobile library ဖွင့်လှစ်ပြီး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ကွင်းဆင်းဆောင်ရွက်ရာတွင် ပါရှိသည့် စာအုပ်များမှာ အပျော်ဖတ်ဝတ္ထုများ၊ ရုပ်ပြ ဂျာနယ်၊ မဂ္ဂဇင်းများဖြစ်ပြီး နေရပ်ရှောင်ပြည်သူများသာမက ကယ်ဆယ်ရေးစခန်းတွင် တာဝန်ကျနေသော ဌာနဆိုင်ရာများနှင့် အခြားသော စာဖတ်ပရိသတ်များ နေ့စဉ် ငှားရမ်းဖတ်ရှုနိုင်ရန်အတွက် ရည်ရွယ် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နမ္မတူတံတားကြုံခိုင်မှု စစ်ဆေးမည်ဖြစ်၍ ၃၆ တန်အောက်ယာဉ်သွားလာမှု ရပ်ဆိုင်း

လားရှိုး နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်ခြိမြို့နယ် နမ္မတူတံတားအား တံတားကြံခိုင်မှုပြင်ဆင်ဆောင်ရွက်နေသောကြောင့် လားရှိုး-မူဆယ်လမ်းပိုင်းအား ယာဉ်+ကုန် (၃၆)တန်နှင့် အထက် ယာဉ်များသွားလာမှုကို နိုဝင်ဘာ ၂၅ ရက်မှစတင်၍ ခေတ္တရပ်ဆိုင်းထားကြောင်း သိရသည်။

သိန်ခြိမြို့နယ် နမ္မတူတံတားအား ပြင်ဆင်ဆောင်ရွက်မည်ဖြစ်ပြီး တံတားပြင်ဆင်ပြီးစီးမည့်အချိန်ထိ ယင်းလမ်းပိုင်းအား (၃၆)တန်နှင့် ယာဉ်+ကုန်အထက်ကားများကို သွားလာခွင့်ပေးမည်မဟုတ်ဘဲ ယာဉ်+ကုန် (၃၆)တန်နှင့် အောက်ကားများ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း (ရှမ်း-မြောက်)လားရှိုးမြို့ အမှတ်(၂၀) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူးရုံး ဒုတိယရဲမှူး မျိုးဆွေထံမှ သိရသည်။

ဟန်ဌေး(လားရှိုး)

ငှက်ဖျားရောဂါကာကွယ်ရေး မွမ်းမံသင်တန်း ပြည်သူ့ဆေးရုံခန်းမ၌ကျင်းပ

မောက်မယ် နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေး ခရိုင် မောက်မယ်မြို့နယ်အတွင်း ဝေးလံခက်ခဲသော ကျေးရွာရှိ

တိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အထောက်အကူပြုစေရန်အတွက် ကျန်းမာရေးဦးစီးဌာနနှင့် UNOPS/GF တို့ ပူးပေါင်းဆောင်ရွက်သည့် လူထုကျန်းမာရေးလုပ်သား ငှက်ဖျားရောဂါကာကွယ်ရေး မွမ်းမံသင်တန်းကို ပြည်သူ့ဆေးရုံခန်းမ၌ နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့ရာ သင်တန်းတွင် ကြက်ခြေနီစေတနာလုပ်အားရှင် ၂၅ ဦးတို့က ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(စိုင်းမျိုးသန့်)

ပုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှုနည်းပြသင်တန်း မြောင်းမြတွင် ဖွင့်လှစ်

မြောင်းမြ နိုဝင်ဘာ ၂၅

ပညာရေးဝန်ကြီးဌာနနှင့် ဓမ္မရောင်ခြည်၊ ဓမ္မဒါနဖောင်ဒေးရှင်း (ရန်ကုန်)တို့ ပူးပေါင်းဖွင့်လှစ်သော ပုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှုနည်းပြသင်တန်းကို နိုဝင်ဘာ ၂၅ ရက်က မြောင်းမြမြို့ အထက(၁) ပညာရုံးနာခန်းမ၌ ပို့ချလျက်ရှိကြောင်း သိရသည်။

သင်တန်းသို့ မြောင်းမြမြို့နယ်အတွင်းရှိ မူလတန်း၊ အလယ်တန်းကျောင်းများမှ ဆရာ ဆရာမ ၃၁၂ ဦး တက်ရောက်လျက်ရှိပြီး နိုဝင်ဘာ ၂၅ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ သုံးရက်တိုင် ထေရဝါဒပုဒ္ဓသာသနာပြန့်ပွားရေးအတွက် လေ့ကျင့်သင်တန်းတက်ရောက်ပြီးသူ ဓမ္မဒါနဖောင်ဒေးရှင်းအဖွဲ့မှ နည်းပြ ဆရာငါးဦးတို့က သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ အဆိုပါ ဓမ္မရောင်ခြည်၊ ဓမ္မဒါနဖောင်ဒေးရှင်းအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ပုသိမ်၊ ငပုတောမြို့နယ်များတွင်လည်း သင်တန်းများဖွင့်လှစ် ပို့ချပေးခဲ့ကြောင်း သိရသည်။

အောင်မင်း(မြောင်းမြ)

စာပေမြင့်မှ လူမျိုးတင့်မည်

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သိသိမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1917
၁၉၅၇ ခု၊ ဧပြီ ၁၆ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၅၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၃၀၊
ရန်ကုန်မှုံးရုံး - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၀-၈၆၁၀၆၈၅၊ ဒီမဲ့/ဒွေစာရင်း ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်တွင်းရေးရာ

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တရုတ်နိုင်ငံခြားရေး ဒုတိယဝန်ကြီးနှင့် ပဟိုစစ်ကော်မရှင်တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၅

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လျှိကျန်းမင်နှင့် ပဟိုစစ်ကော်မရှင်၊ ကွန်မြူနစ်ပါတီ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကြီး Xu Fenlin တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ရုံးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။**(ဝဴပု)**

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်သမ္မတရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မော်စီ (သတင်းစဉ်)

ပထမအကြိမ် မြန်မာ-တရုတ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ဦးဆောင်သည့် ၂+၂ အဆင့်မြင့်ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၅

ပထမအကြိမ် မြန်မာ-တရုတ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ဦးဆောင်သည့် ၂+၂ အဆင့်မြင့်ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ အမှတ်(၁)စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့ ဦးဆောင်၍ လည်းကောင်း၊ တရုတ်နိုင်ငံခြား ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လျှိကျန်းမင်နှင့် ဗဟိုစစ်ကော်မရှင်၊ ကွန်မြူနစ်ပါတီ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကြီး Xu Fenlin တို့ဦးဆောင်၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနှင့်တရုတ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံမှ အပြုသဘောဆောင်သော အကူအညီများ ပေးအပ်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများတွင် တရားမဝင် ဝင်ထွက်သွားလာမှုများ တားဆီးရေးနှင့် တရားဝင်ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် နှစ်နိုင်ငံ နယ်စပ်ဒေသများ၏ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် ဒုတိယဝန်ကြီး ဦးကျော်တင်က အစည်းအဝေးသို့ တက်ရောက်လာသည့် နှစ်ဖက်ကိုယ်စားလှယ်များအား သင်္ဘာဟိုတယ်တွင် နေ့လယ်စာဖြင့် တည်ခင်းကျေ့ခဲ့ခဲ့သည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ဦးဆောင်၍ ကျင်းပသည့် ဖော်ပြပါ အစည်းအဝေးကို မြန်မာနှင့် တရုတ်နိုင်ငံတို့၏ နယ်စပ်ဒေသများ စိမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် အကျိုးသက်ရောက်မှု ပိုမိုရရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး နှစ်နိုင်ငံအကြား အလှည့်ကျ နှစ်စဉ် ပုံမှန်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပထမအကြိမ် မြန်မာ- တရုတ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ဦးဆောင်သည့် ၂+ ၂ အဆင့်မြင့် ဆွေးနွေးပွဲ မကျင်းပမီ နိုဝင်ဘာ ၂၄ ရက်တွင် ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တရုတ်နိုင်ငံခြားရေး ဒုတိယဝန်ကြီး H.E. Mr. Liu Zhenmin တို့ ဦးဆောင်သော နှစ်ဖက် ကိုယ်စားလှယ်အဖွဲ့များနှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဗိုလ်ချုပ်ကြီး Xu Fenlin တို့ ဦးဆောင်သော နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များ သီးခြားစီ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ **(သတင်းစဉ်)**

❐ ရှေ့ပုံမှ

၅။ အိုင်အယ်လ်အိုစာချုပ်များ အကောင်အထည်ဖော်မှုနှင့် အလုပ်သမားဥပဒေများ ပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ်ကို မြန်မာနိုင်ငံကအသိပေးခဲ့ပါသည်။ မြန်မာနိုင်ငံက ဝင်ရောက်ရန် ကျန်ရှိနေသော အိုင်အယ်လ်အိုအခြေခံစာချုပ်များသို့ပါဝင်ရန် အီးယူကအားပေးတိုက်တွန်းခဲ့ပြီး အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားသုံးပွင့်ဆိုင် ထိတွေ့ဆောင်ရွက်မှုအပါအဝင် မြန်မာနိုင်ငံ၏ အလုပ်သမားအခွင့်အရေးမြှင့်တင်ရာတွင် တိုးတက်မှုများရရှိသည်ကို အီးယူက ကြိုဆိုခဲ့ပါသည်။

၆။ မြေယာအခွင့်အရေးနှင့်စပ်လျဉ်း၍ မြေယာအငြင်းပွားမှုများကို နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာတာဝန်ဝတ္တရားများနှင့်အညီ ဖြေရှင်းရန်အရေးကြီးသည်ကို ပြန်ပြောင်းပြောကြားခဲ့ကြပြီး မြေယာသိမ်းပိုက်မှုများအပါအဝင် မြေယာအခွင့်အရေးဆိုင်ရာမဟာဗျူဟာနှင့် ရည်မှန်းချက်များကို မြန်မာနိုင်ငံကပြောကြားခဲ့ပါသည်။

၇။ မြန်မာနှင့် အီးယူသည် ဆွေးနွေးညှိနှိုင်းလျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုကာကွယ်စောင့်ရှောက်ရေးသဘောတူညီချက် (Investment Protection Agreement - IPA) နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး လူ့အခွင့်အရေးကိစ္စရပ်များအပါအဝင် လူသိရှင်ကြားဆွေးနွေးညှိနှိုင်းမှုများဖြင့် ပွင့်လင်းမြင်သာမှုရှိရေးသည် အရေးကြီးကြောင်း နှစ်ဖက်သဘောတူလက်ခံခဲ့ကြပါသည်။

၈။ ရခိုင်ပြည်နယ်မြောက်ပိုင်း၏ လက်ရှိလုံခြုံရေးနှင့် လူ့အခွင့်အရေးအခြေအနေကို စိုးရိမ်ကြောင်း အီးယူက ထုတ်ဖော်ပြောကြားခဲ့ပြီး ကနဦးတိုက်ခိုက်မှုများနှင့် နောက်ဆက်တွဲအရေးယူဆောင်ရွက်ချက်များ နှစ်ခုလုံးအပေါ် လွတ်လပ်၍ အများလက်ခံနိုင်သည့် စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ရန်နှင့် အကူအညီလိုအပ်သူများထံသို့ လူသားချင်းစာနာမှုအကူအညီများ အလျင်အမြန်ဝင်ရောက်ခွင့်ပြုရန် ထပ်လောင်းတောင်းဆိုခဲ့ပါသည်။ မြန်မာဘက်က အကြမ်းဖက်လက်နက်ကိုင် တိုက်ခိုက်မှုဆိုင်ရာ နောက်ဆုံးအခြေအနေကိုပြောကြားခဲ့ပြီး နောက်ဆက်တွဲအရေးယူဆောင်ရွက်မှုများကို အတတ်နိုင်ဆုံးထိန်းသိမ်းဆောင်ရွက်ခဲ့မှု၊ လူသားချင်းစာနာမှုအကူအညီများပေးအပ်လျက်ရှိပြီး အဆိုပါဒေသများသို့ အခြားလူသားချင်းစာနာမှုအကူအညီပေးသူများကို သင့်လျော်သကဲ့သို့ ထပ်မံဝင်ခွင့်ပြုမည့်ကိစ္စ၊ ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အမျိုးသားစုံစမ်းစစ်ဆေးမှုကော်မရှင်ဖွဲ့စည်းမည့်ကိစ္စတို့အပေါ် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ရခိုင်ပြည်နယ်အတွက် ရေရှည်နိုင်ငံရေး၊ လုံခြုံရေးနှင့် လူမှု-စီးပွားမဟာဗျူဟာတစ်ရပ်ရရှိရေး ခိုင်မာစွာဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

၉။ အီးယူအဖွဲ့ဝင်နိုင်ငံများရှိ လူနည်းစုများ၏အခွင့်အရေးများကို ဆွေးနွေးခဲ့ကြပါသည်။ အီးယူဘက်မှ ယင်းသို့ဖြေရှင်းရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများ၊မူဝါဒနှင့်အစီအမံများကိုမျှဝေခဲ့ပါသည်။မြန်မာနှင့်အီးယူသည် လူနည်းစုများကာကွယ်စောင့်ရှောက်ရေးအတွက် ဥပဒေပိုင်းမူဘောင်နှင့် ခွဲခြားဆက်ဆံမှုမရှိစေရေးမြှင့်တင်ရန် ကြိုးပမ်းအားထုတ်မှုများနှင့်စပ်လျဉ်း၍ နောက်ဆုံးအခြေအနေများကို နှစ်ဖက်ဆွေးနွေးခဲ့ပါသည်။လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်ရရှိရေး အပြည့်အဝ သန္ဓိဌာန်ရှိသည်ကိုအလေးထားလျက် လူနည်းစုများ၏အခွင့်အရေးများ အပြည့်အဝခံစားနိုင်ရေးနှင့် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်တို့အတွက် သည်းမခံမှု၊ အမုန်းတရားဖြစ်ပေါ်စေရန်လှုံဆော်မှုနှင့် အကြမ်းဖက်မှုတို့ကိုတိုက်ဖျက်ရေးလိုအပ်ကြောင်း နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

၁၀။ ဥရောပသို့ရွှေ့ပြောင်းဝင်ရောက်မှုများနှင့်စပ်လျဉ်း၍ လက်ရှိဖြစ်ပေါ်တိုးတက်မှုများမှ ရရှိသောသင်ခန်းစာများကို အီးယူကမျှဝေခဲ့ပြီး မူဝါဒပိုင်းဆောင်ရွက်ချက် နောက်ဆုံးအခြေအနေများကို အီးယူဘက်မှဆွေးနွေးခဲ့ပါသည်။

၁၁။ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များတွင် ဆွေးနွေးညှိနှိုင်းခြင်းနှင့် ကူညီထောက်ပံ့မှုများတိုးမြှင့်ဆောင်ရွက်ရေး လိုအပ်သည်ကို နှစ်ဖက်အလေးထားပြောကြားခဲ့ကြပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အမျိုးသမီးများနှင့် ကလေးသူငယ်များအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေးကို အထူးအလေးပေးမှုအပါအဝင် လူကုန်ကူးမှုတိုက်ဖျက်ရေး ထပ်လောင်းသန္ဓိဌာန်ပြုခဲ့ပါသည်။

၁၂။ နှစ်ဖက်နားလည်မှုပိုမိုနက်ရှိုင်းစေရန်နှင့် နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံနှုန်းများ မြှင့်တင်ရေး ဘုံရပ်တည်ချက်များ ခိုင်မာစေရေးအပါအဝင် ပူးပေါင်းဆောင်ရွက်မြှင့်တင်ရန် နိုင်ငံတကာမျက်နှာစာမှ ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြပါသည်။ မြန်မာနိုင်ငံက လက်ခံထားသော UPR အကြိမ်ပြုချက်များကို အကောင်အထည်ဖော်ရေး အမျိုးသားစီမံကိန်းတစ်ရပ်ရေးဆွဲရန် ထည့်သွင်းစဉ်းစားနေကြောင်းပြောကြားခဲ့ပြီး ယင်းကိစ္စအပေါ် အီးယူကထောက်ခံ၍ ၎င်း၏အတွေ့အကြုံများ မျှဝေရန်အသင့်ရှိမှုကို ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး(OHCHR) နှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ဝင်ရောက်ရန်ကျန်ရှိသော အဓိကနိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များသို့ ဝင်ရောက်ရေးကိစ္စများကို နှစ်ဖက်ဆွေးနွေးခဲ့ကြပါသည်။

၁၃။ စတုတ္ထအကြိမ် မြန်မာ-အီးယူလူ့အခွင့်အရေးဆွေးနွေးပွဲကိုဘရပ်ဆဲလ်မြို့၌ ၂၀၁၇ ခုနှစ်တွင် ပြုလုပ်ရန်နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

၁၄။ ယင်းဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာ၊ မြန်မာနိုင်ငံသက်ဆိုင်ရာဝန်ကြီးဌာန (၁၁)ခုမှ အဆင့်မြင့်အရာရှိကြီးများ၊ ဥရောပသမဂ္ဂမှအရာရှိများ၊ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှ အကြီးတန်းသံတမန်များ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

၁၅။ ယင်းဆွေးနွေးပွဲမတိုင်မီ ရန်ကုန်မြို့တွင် (၂၁-၁၁-၂၀၁၆) ရက်နေ့၌ လူမှုအဖွဲ့အစည်းဖိုရမ်တစ်ခုပြုလုပ်ခဲ့ပြီး ယင်းဖိုရမ်တွင် လူ့အခွင့်အရေးနယ်ပယ်၌ မြန်မာနှင့်အီးယူတို့၏ အောင်မြင်မှုများနှင့် ကျန်ရှိနေသောစိန်ခေါ်မှုများအပေါ် လူမှုအဖွဲ့အစည်းများ၊ လူ့အခွင့်အရေးကာကွယ်သူများနှင့် ဆွေးနွေးခဲ့ကြပါသည်။

ကြေးမုံ

နိုဝင်ဘာ ၂၆၊ ၂၀၁၆



ရိုင်ဖယ်သေနတ်တစ်လက်ဝယ်လျှင် သေနတ်တစ်လက် လက်ဆောင်ပေးမည်ဟု ပူတင်က ဒူတာတေးကို ကမ်းလှမ်း

မနီလာ နိုဝင်ဘာ ၂၅

ရိုင်ဖယ်သေနတ်တစ်လက်ဝယ်ယူလျှင် တစ်လက်ကို အခမဲ့ပေးမည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က မိမိအား ကမ်းလှမ်းခဲ့သည်ဟု ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက ပြောကြားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

မိမိသည် ရုရှားနိုင်ငံထံမှ ရိုင်ဖယ်သေနတ်များကို အမြဲတစေ ဝယ်ယူနိုင်ကြောင်း ပီလူးနိုင်ငံ လီမာမြို့၌ကျင်းပခဲ့သော အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်) ထိပ်သီး အစည်းအဝေးမှ ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် မြို့တော်မနီလာ၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဒူတာတေးက ပြောကြားသည်။

ရုရှားနိုင်ငံထံမှ သေနတ်တစ်လက်ဝယ်လျှင် အခြားတစ်လက်ကို လက်ဆောင်ပေးမည့် အစီအစဉ်ဖြင့် ရိုင်ဖယ်သေနတ်များ ရောင်းချပေးနိုင်သည်ဟု လီမာမြို့၌ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးရာတွင် ၎င်းက ပြောကြားခဲ့ကြောင်း ဒူတာတေးက ထုတ်ဖော်ပြောဆိုသည်။

ဖိလစ်ပိုင် နိုင်ငံ၏ လူအခွင့်အရေးမှတ်တမ်းညှဉ်းမှုရှိသည်ဟုဆိုကာ ယင်းနိုင်ငံသို့ တိုက်ခိုက်ရေး ရိုင်ဖယ်သေနတ် အလက်ပေါင်း ၂၆၀၀၀ ခန့် ရောင်းချပေးမည့် အစီအစဉ်ကို ရပ်ဆိုင်းပစ်မည်ဟု အမေရိကန် အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေး ကော်မတီ၏ ထိပ်တန်း ဒီမိုကရက်အမတ်တစ်ဦးဖြစ်သူ ဘန်ကာဒင် ပြောကြားခဲ့မှုကို ရည်ညွှန်းလျက် ဒူတာတေးက တုံ့ပြန်ပြောကြားခြင်းဖြစ်သည်။

ဆင်ဟွာ။

အီရတ်တွင် အသေခံပုံးခွဲ ဘုရားဖူး ၈၀ခန့် သေဆုံး

တီဟီရန် နိုဝင်ဘာ ၂၅

အီရတ်နိုင်ငံတွင် နိုဝင်ဘာ ၂၄ ရက်က ဖြစ်ပွားသော အသေခံပုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အီရန်နိုင်ငံသား ဘုရားဖူး ၄၀ ထက်မနည်းသေဆုံးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်ကို နိုင်ငံပိုင် အိုင်အာရ်အိုင်အင်နဲအင်န် ရုပ်မြင်သံကြား သတင်းတွင် ဖော်ပြသည်။

ယင်းတိုက်ခိုက်မှုကြောင့် အီရန်နိုင်ငံသား ဘုရားဖူးခရီးသည် ၂၀ တို့မှာလည်း ထိခိုက်ဒဏ်ရာရခဲ့ကြောင်း အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဟက်ဆန်ကွာ ရှက်ဗီ၏ ပြောကြားချက်ကို ရုပ်သံသတင်းတွင် ကောက်နုတ်ဖော်ပြသည်။

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက် တောင်ဘက် ဘာဘီးပြည်နယ်ရှိ ဓာတ်ဆီဆိုင်တစ်ဆိုင်၌ နိုဝင်ဘာ ၂၄ ရက်က လောင်စာဆီတင်ယာဉ်တစ်စီးကို အသုံးပြုကာ ဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ ဘုရားဖူးခရီးသည် ၈၀ ခန့် သေဆုံးပြီး ၃၁ ဦး ထိခိုက်ဒဏ်ရာရကြောင်း အီရတ်လုံခြုံရေးဆိုင်ရာ သတင်းများ၌ ဖော်ပြသည်။

အဆိုပါ အီရန်နိုင်ငံသား ဘုရားဖူးများသည် ရှီးယိုက် ဘာသာရေးပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့ပြီးနောက် ကာဘာလာမြို့မှ နေရပ်သို့ အပြန်တွင် ပုံးဖောက်ခွဲ တိုက်ခိုက်ခံရခြင်းဖြစ်သည်။ ယင်းသို့ တိုက်ခိုက်ခံရသော နေရာမှာ အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက် တောင်ဘက် ကီလိုမီတာ ၁၁၀ ခန့် အကွာတွင် ဖြစ်သည်။

ဆင်ဟွာ။

ပြန်လည်ပြင်ဆင်ရေးဆွဲထားသော ငြိမ်းချမ်းရေး သဘောတူညီချက် ကိုလံဘီယာအစိုးရနှင့် သူပုန်အဖွဲ့တို့ လက်မှတ်ရေးထိုး

ဘိုဂိုတာ နိုဝင်ဘာ ၂၅

ရာစုနှစ်ထက်ဝက်ကျော်မျှ ဖြစ်ပွားလာခဲ့သည့် ပြည်တွင်းစစ်ပြီးဆုံးစေရန် ရည်ရွယ်လျက် ကိုလံဘီယာ အစိုးရအဖွဲ့နှင့် ကိုလံဘီယာ တော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့(ဖာ့ခ်)သူပုန်အဖွဲ့တို့သည် ပြင်ဆင်ရေးဆွဲထားသည့် ငြိမ်းချမ်းရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

မြို့တော်ဘိုဂိုတာ၌ နိုဝင်ဘာ ၂၄ ရက်က ကျင်းပသည့် အခမ်းအနားတစ်ရပ်တွင် သမ္မတ ယွန်မင်နျွယ်ဆန်တို့စုံနှင့် ဖာ့ခ်သူပုန်အဖွဲ့တို့က ငြိမ်းချမ်းရေး သဘောတူညီချက်သစ်တစ်ရပ်အား ကျည်ဆန်ဟောင်းတစ်လုံးကို အသုံးပြုထားသည့် ကလောင်တံဖြင့် လက်မှတ်ရေးထိုးခဲ့ကြသည်။

အတိတ်ကာလက ဆယ်စုနှစ်များနှင့် ချီ၍ ဖြစ်ပွားခဲ့သောလက်နက်ကိုင် ပဋိပက္ခကို အဆုံးသတ်ကာ မိမိတို့ချစ်ခင်မြတ်နိုးရသည့် နိုင်ငံတော်အတွက် စည်းလုံးညီညွတ်ကြပါစို့ဟု သမ္မတဆန်တို့စိုက လက်မှတ်ရေးထိုးပြီးနောက် ပြောကြားသည်။

လက်တင် အမေရိကဒေသရှိ ကိုလံဘီယာနိုင်ငံ၌ (၅၂) နှစ်ကြာ ဖြစ်ပွားခဲ့သော ပြည်တွင်းစစ် အဆုံးသတ်ရေးဆိုင်ရာ သဘောတူညီချက်မှာ အောက်တိုဘာ ၂ ရက်တွင် ကျင်းပသော လူထုဆန္ဒခံယူပွဲတွင် ပယ်ချခံခဲ့ရသည်။ သို့ရာတွင် ငြိမ်းချမ်းရေး သဘောတူညီချက်ကို ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ပြီးနောက် လက်မှတ်ရေးထိုးနိုင်ခြင်းဖြစ်သည်။

မူလငြိမ်းချမ်းရေး သဘောတူညီချက်သည် သူပုန်ခေါင်းဆောင်များကို အလွန်အမင်း သက်သာခွင့်ပေးထားသည်ဟု ဝေဖန်ခံခဲ့ရသည်။

ရိုက်တာ။

မြို့တော်ပေကျင်း အရှေ့ပိုင်း၌ ရှေးဟောင်းအုတ်ဂူများ တွေ့ရှိ

ပေကျင်း နိုဝင်ဘာ ၂၅

တရုတ်နိုင်ငံ ပေကျင်းမြို့တော် အရှေ့ပိုင်းရှိ အုပ်ချုပ်ရေးဆိုင်ရာ အဆောက်အအုံသစ်တည်ဆောက်ရေး ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ရှေးဟောင်းအုတ်ဂူပေါင်း ၁၀၉၂ ခုကို တူးဖော်တွေ့ရှိခဲ့ရကြောင်း တာဝန်ရှိသူများက နိုဝင်ဘာ ၂၅ ရက်တွင် ပြောကြားကြသည်။

ရှေးဟောင်းအုတ်ဂူများသည် ၄၇၄ ဘီစီ-၂၂၁ ဘီစီ ခေတ်မှသည် ချင်မင်းဆက် (၁၆၄၄ ခုနှစ်-၁၉၁၁ခုနှစ်)အထိ သက်ဆိုင်ကြောင်း ယဉ်ကျေးမှုအမွေအနှစ်များဆိုင်ရာ ပေကျင်းမြို့တော်စည်ပင်သာယာရေးနှင့် အုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။

ယဉ်ကျေးမှု အမွေအနှစ်များဆိုင်ရာ ပေကျင်း မြို့တော်စည်ပင်သာယာရေးနှင့် အုပ်ချုပ်ရေးအဖွဲ့သည် ရှေးဟောင်းမြို့နေရာ တစ်ခုနှင့် မီးဖို ၆၉ လုံးကိုလည်း ရှာဖွေတွေ့ရှိခဲ့သည်။

စက်တင်ဘာလနှောင်းပိုင်းအထိ ခုနစ်လအတွင်း ရှေးဟောင်းအိုးများ၊ ကြွေထည်များ၊ ကြေးပစ္စည်းများနှင့် သံထည်ပစ္စည်းများ အပါအဝင် ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်းပစ္စည်းပေါင်း ၁၀၀၀၀ကျော်ကို တောင်ကျိုးစီရင်စုလူချန်းမြို့၌ တူးဖော်ရရှိခဲ့ခြင်းဖြစ်သည်။ မြေဧရိယာ စတုရန်းမီတာ တစ်သန်းအတွင်း စတုရန်းမီတာ ၄၀၀၀၀ ရှိ ရှေးဟောင်း မြေနေရာကို တူးဖော်ပြီးဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဆင်ဟွာ။

အီရန်တွင် ခရီးသည်တင်ရထားနှစ်စင်းတိုက်မိ၊ လူ ၃၁ ဦး ထက်မနည်းသေဆုံး

တီဟီရန် နိုဝင်ဘာ ၂၅

အီရန်နိုင်ငံမြောက်ဘက် အလယ်ပိုင်းရှိ ဆမ်နန်ပြည်နယ်တွင် နိုဝင်ဘာ ၂၅ ရက်က ခရီးသည်တင်ရထားနှစ်စင်း ခေါင်းချင်းဆိုင် တိုက်မိမှုဖြစ်ပွားခဲ့ရာ လူ ၃၁ ဦး ထက်မနည်း သေဆုံးရကြောင်း သေဆုံးသူအရေအတွက် တိုးမြင့်လာဖွယ်ရှိကြောင်း အဆိုပါပြည်နယ် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

အီရန်အစိုးရရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသရာတွင် လမ်းချော်နေသည့် ရထားတွဲလေးတွဲကို တွေ့မြင်ရပြီး ယင်းတို့ထဲမှ နှစ်တွဲမှာ မီးလောင်ကွမ်းလျက်ရှိသည်။

မီးသတ်သမားများသည် ရထားတွဲများအား လောင်ကွမ်းနေသည့်မီးကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေသည်ဟု အီရန်နိုင်ငံ ကြက်ခြေနီအသင်းမှ ပြောရေးဆိုခွင့်ရှိသူ မိုစတာဖာမိုတာဇာဒီက အစိုးရတစ်ပိုင်းသတင်းဌာန ဖားစ်သို့ ပြောကြားသည်။ အဆိုပါ ရထားမတော်တဆဖြစ်ရပ်သည် အီရန်နိုင်ငံ မြို့တော် တီဟီရန် အရှေ့ဘက် ကီလိုမီတာ ၄၀၀၊ မိုင် (၂၅၀) အကွာရှိ ပြည်နယ်မြို့တော် ရှာဇစ်မှ တတ်ခန်ဘူတာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းမတော်တဆမှုတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည့် လူ ၅၂ ဦးအား ဆေးရုံတင် ကုသမှုများ ပြုလုပ်နေကြောင်း ဆမ်နန်ပြည်နယ် အုပ်ချုပ်ရေးမှူး မိုဟာမက်ရီမာခါဘက်ဇိက ဖားစ်သတင်းဌာနသို့ ပြောကြားသည်။

အဆိုပါမတော်တဆမှုတွင် ပါဝင်သော ရထားနှစ်စင်းပေါ်၌ ခရီးသည်ဦးရေမည်မျှ လိုက်ပါလာသည်ကို လတ်တလောမသိရသေးပေ။ ခရီးသည် ဦးရေ ၁၀၀ခန့်အား ကယ်ဆယ်ရရှိထားကြောင်း ဖားစ်သတင်းဌာနက ဖော်ပြသည်။

ဆင်ဟွာ။

ပြည်တွင်းရေးရာ

လျင်ဘေးဒဏ်သင့် ရွှေဟောင်းဘုရားစေတီပုထိုးများ ပြုပြင်မွမ်းမံခြင်းဆိုင်ရာ ထုံးတမ်းစဉ်လာများဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရွှေဟောင်းစေတီပုထိုး ၃၈၉ ဆူတို့ကို ပြန်လည်ပြုပြင်မွမ်းမံခြင်းဆိုင်ရာ ထုံးတမ်းစဉ်လာအခမ်းအနားနှင့် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က ပုဂံမြို့ စူဠာမဏိစေတီတော်ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး ဘဒ္ဒန္တကုန္ဒဝံသဆရာတော်ကြီးထံမှ ငါးပါးသီလခံယူတည်ဆောက်ခြင်း၊ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်သော ပရိတ်တရားတော်များကို နာယူခြင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပုဂံရွှေဟောင်းယဉ်ကျေးမှုဒေသရှိ ဘုရားစေတီပုထိုးများ ပြုပြင်မွမ်းမံခြင်း ဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်မည့် အခြေအနေများကို လျှောက်ထားခြင်း၊ ဩဝါဒါစရိယဆရာတော်ကြီးများဖြစ်သော နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တဩဘာသာဘိဝံသ ဆရာတော်ကြီးနှင့် သီတဂူကမ္ဘာပုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရတို့က ဩဝါဒချီးမြှင့်ကြပြီး ပြည်ထောင်စုဝန်ကြီးက ချီးမြှင့်သော ဩဝါဒများအပေါ် ထပ်မံတင်ပြ လျှောက်ထားခြင်း ဆောင်ရွက်သည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ပျက်စီးခဲ့သည့် စေတီပုထိုးများ ပြန်လည်ပြုပြင်ခြင်းမပြုမီ ရှေးဟောင်းစေတီပုထိုးများ ပြုပြင်မွမ်းမံခြင်းဆိုင်ရာ ထုံးတမ်းအစဉ်အလာအရ ဘေးအန္တရာယ်အပေါင်းကင်းရှင်းစေရန် ပုဂံမြို့၏ အလယ်ဗဟိုဖြစ်သော စူဠာမဏိစေတီတော်ပရိဝုဏ်အတွင်း၌ သံဃာတော်များဖြင့် အသံမစဲပဌာန်းရွတ်ဖတ်ပူဇော်ခြင်းကို နိုဝင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ လည်းကောင်း သာသနာရေးဦးစီးဌာနမှ ဥပါသကာများက ဆီမီးထွန်းဂါထာတော်နှင့် သီရိမင်္ဂလာ ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်းကို နိုဝင်ဘာ ၂၃ ရက်မှ ၂၄ ရက်အထိ ဆောင်ရွက်ခဲ့ကြသည်။ ပျက်စီးသွားသည့် ပုဂံရှေးဟောင်းစေတီပုထိုးများအနက်မှ ပျက်စီးမှုအနည်းငယ်သာရှိသည့် စေတီပုထိုး ၂၂၄ ဆူကို နိုဝင်ဘာ ၂၆ ရက်မှစတင်၍ ပြုပြင်မွမ်းမံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံဒေသတွင်းနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ စာတိုက်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံဒေသတွင်းနှင့် မိတ်ဖက်နိုင်ငံများ၏ စာတိုက်လုပ်ငန်းဆိုင်ရာ အစည်းအဝေး(ASEANPOST++ Business Meeting) ကို နိုဝင်ဘာ ၂၁ ရက်နံနက် ၉ နာရီက ရန်ကုန်မြို့ နိုပြိတယ်ဟိုတယ်၌ ကျင်းပသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်နှင့် မလေးရှားနိုင်ငံဆိုင်ရာ အာဆီယံဒေသတွင်း စာတိုက်လုပ်ငန်းဆိုင်ရာအစည်းအဝေးဥက္ကဋ္ဌ Mr. MohdSallehMohdShukrie တို့က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အာဆီယံဒေသတွင်း နိုင်ငံ ၁၀ နိုင်ငံနှင့် မိတ်ဖက်နိုင်ငံများမှ စာတိုက်အကြီးအကဲများအား စာတိုက်လုပ်ငန်းဆိုင်ရာ တံဆိပ်များ ပေးအပ်သည်။

အစည်းအဝေးတွင် စာတိုက်လုပ်ငန်းဆိုင်ရာလုပ်ငန်းသစ်များပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ချောစာထုပ်များ ပေးဝေခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် လမ်းဆုံးထိ ရုံးဆောင်ရွက်ခ သတ်မှတ်ချက်များ သုံးသပ်ခြင်း၊ အာဆီယံနိုင်ငံများအားလုံး ပါဝင်သောတံဆိပ်ခေါင်းများ ညှိနှိုင်းထုတ်ဝေနိုင်ရေး၊ ကမ္ဘာ့စာတိုက်သမဂ္ဂမှ ချမှတ်ထားသောလမ်းစဉ်များအား ပူးပေါင်းအကောင်အထည်ဖော်ရေး၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးစသည်တို့ ဆွေးနွေးကြသည်။

ထို့အပြင် အာဆီယံ ၁၀ နိုင်ငံအပြင် မိတ်ဖက်နိုင်ငံများဖြစ်သော ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယားနှင့် ဟောင်ကောင်တို့မှ စာတိုက်လုပ်ငန်းအကြီးအကဲများနှင့်လည်း စာတိုက်လုပ်ငန်းသစ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံများအကြားချောလုပ်ငန်းအဆင်ပြေချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံအနေဖြင့် စာတိုက်လုပ်ငန်းပို မိုတိုးတက်ရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့် လုပ်ငန်းများ ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရေး စသည်တို့ ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သည်။

ယခုအစည်းအဝေးသည် နှစ်စဉ်အကျရာစဉ်အလိုက် ကျင်းပကြခြင်းဖြစ်ရာ ယမန်နှစ်က မလေးရှားနိုင်ငံ၌ ကျင်းပခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံက အလှည့်ကျ ကျင်းပခြင်းဖြစ်သည်။ အစည်းအဝေးကို နိုဝင်ဘာ ၂၂ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ပြီး ကိုယ်စားလှယ်ပေါင်း ၃၀ ကျော် တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်

ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းဒေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂၃-၁၁-၂၀၁၆ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၁၇-၁၀-၂၀၁၆ ရက်နေ့မှ ၄-၁၁-၂၀၁၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ၎င်းဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်းလေးဦး၊ အထွေထွေကိုးဦး ပေါင်း ၁၃ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်လိုသူ နှစ်ဦးတို့အား ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၃၈၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၁၉၇၅ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၁ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၄၁၄ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးနှင့် ဂျာနယ်လျှောက်ထားလာသူ တစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ ကျောက်စိမ်းအတွဲ ၈၂၈ တွဲရောင်းချခဲ့ရ

နေပြည်တော် နိုဝင်ဘာ ၂၅

၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ရတနာကုန်သည်များသည် သတ်မှတ်ဧရိယာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတွဲများအား လွတ်လပ်စွာကြည့်ရှုလေ့လာကြပြီး ဝယ်ယူလိုသည့် ကျောက်စိမ်းတွဲအမှတ်များအလိုက် တင်ဒါတင်သွင်းလျက်ရှိနေကြသည်ကို တွေ့မြင်ရသည်။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့သို့ ပြည်ပရတနာကုမ္ပဏီ ၇၇၂ ခုနှင့် ပြည်တွင်းရတနာကုမ္ပဏီ ၆၀၈ ခု တို့မှ ပြည်ပရတနာကုန်သည် ၁၇၉၃ ဦးနှင့် ပြည်တွင်းရတနာကုန်သည် ၁၇၄၃ ဦး တက်ရောက်ကြောင်း သိရသည်။

ယနေ့ ကျင်းပသည့် ၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ယူရို သန်း ၇၇ ဒသမ ၂၆ တန်ဖိုးရှိ ကျောက်စိမ်းတွဲ ၈၂၈ တွဲ ရောင်းချခဲ့ရသည်။

နိုဝင်ဘာ ၂၆ ရက်တွင် ကျောက်စိမ်းတွဲ အမှတ် ၃၆၀၁ မှ ၄၈၀၀ ထိကို ဆက်လက် ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ပဲခူးလမ်းရပ်ကွက်၊ ဦးဘသင်းလမ်း၊ အမှတ်(၃) တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၅-၁၁-၂၀၁၆ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)၏ အလံပုံစံ

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ လာရောက် လျှောက်ထားလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ နိုဝင်ဘာ ၂၅ ရက်တွင် **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)** က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးသတိပြု

ပြည်သူ့သဘောထားစင်မြင့်

တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရွေထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေး နိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)

မြန်မာ့ရုပ်ရှင်မှ ပြိုးတိုးတက်ရေးပိုရမ်မှတစ်ဆင့်

မောင်ဆွေဝင်း (ပဲခူး)

နောက်လေးနှစ်ကြာတဲ့အခါ မြန်မာ့ရုပ်ရှင်စတင်ခဲ့တာ နှစ် (၁၀၀) ပြည့်ပါတော့မယ်။ ဒါကလည်း မြန်မာ့ရုပ်ရှင်နေ့ သတ်မှတ်ချက်ကိုကြည့်ပြီး ပြောတာပါ။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၃ ရက်က မြန်မာ့ရုပ်ရှင်နေ့ (၉၆) ကြိမ်မြောက်ရှိခဲ့တာကိုကြည့်ပြီးပြောတာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၉၆ နှစ်ကာလ ၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းစျေး (ဟိုစဉ်က စကော့မားကက် Scott's Market လို့ခေါ်ပါတယ်)မှာ တည်ရှိတဲ့ ရွှိုင်ယယ်စီနီမာရုံမှာ ပထမဆုံး မြန်မာဇာတ်လမ်းရုပ်ရှင်'မေတ္တာနဲ့သူရာ' (Love & Liquor) ကို စတင်ပြသခဲ့ရာက အဲဒီနေ့ကို မြန်မာ့ရုပ်ရှင်နေ့အဖြစ် သတ်မှတ်ခဲ့တာဖြစ်တယ်လို့ မှတ်သားရပါတယ်။

သက်တမ်းအားဖြင့် နှစ်(၁၀၀) ပြည့်တော့မယ့် မြန်မာ့ရုပ်ရှင်လုပ်ငန်းကြီးဟာ အခုအချိန်မှာ တိုးတက်အောင်မြင်နေပါပြီလား။ ဒီမေးခွန်းကိုမေးရင် မြန်မာဇာတ်ကားကြိုက်သူတွေကတောင် ခေါင်းခါပြနေတဲ့ အဆင့်မှာရှိနေတယ်လို့ ပြောချင်ပါတယ်။ ဒီလို သုံးသပ်လိုက်လို့ ရုပ်ရှင်လောကသားတွေ စိတ်မကွက်စေချင်ပါ။ မြန်မာကား မကြိုက်သူများအဖွဲ့ရှိသလို အဖွဲ့မဖွဲ့ရသေးပေမယ့် မြန်မာကားတွေကို အစဉ်တစိုက် ညတိုင်းလိုလိုကြည့်နေတဲ့ မိသားစုတွေလည်း ရှိနေတယ် ဆိုတာသိစေချင်လို့ဖြစ်ပါတယ်။ ဒါပေမယ့် ဝမ်းနည်းစရာကောင်းတာက အဲဒီမြန်မာကားကြိုက်သူတွေဟာ တစ်ခါတစ်ရံ ငှားလာတဲ့ မြန်မာ့ဗီဒီယိုခွေကို ပထမပိုင်း (A Side) ပဲကြည့်ပြီး B-Side ကို ဆက်မကြည့်တော့ဘဲ နက်ဖြန်ပြန်သာအပ်လိုက်တော့ကွာဆိုတဲ့ ပြောသံတွေ ခပ်စိပ်စိပ် ကြားလာရတာကို အသေအချာဆန်းစစ်ဖို့လို လာပြီထင်ပါတယ်။

ကျွန်တော်လည်း ရုပ်ရှင်ဝါသနာအိုးဖြစ်ပါတယ်။ တက္ကသိုလ်ကျောင်းသားဘဝကတည်းက ခုခ်ိန်ထိ မြန်မာကားရော၊ နိုင်ငံခြားကားပါ စွဲစွဲလမ်းလမ်းကြည့်နေတုန်းပါပဲ။ ၁၉၇၀ ပြည့်နှစ် တစ်ဝိုက်က ရန်ကုန်မြို့လယ်မှာဆို ရုပ်ရှင်ရုံတွေမှ အများကြီး။ ဗိုလ်ချုပ်ဆောင်ဆန်းလမ်းနဲ့ ဆူးလေဘုရားလမ်းပေါ်က ရုပ်ရှင်ရုံတွေဟာ ရုပ်ရှင်ချစ်သူတွေအတွက် တကယ့်နားခိုရာတွေဖြစ်ခဲ့ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ထိုစဉ်က အဖြူအမည်း မြန်မာ့ရုပ်ရှင်ကားတွေဟာ ပရိသတ်ရင်ကို ထိစေခဲ့တာ အမှန်ပါပဲ။ ကျွန်တော်တို့ အစ်မတစ်ယောက်တော့ ကာတွန်းရုပ်ပြတင်မောင်ဝင်းရဲ့ မမကြီးဇာတ်လမ်းကို လူငယ်ဒါရိုက်တာနေပိုင်က မမကြီးအမည်နဲ့ပဲ မင်းမော်ကွန်း၊ ခိုင်သင်းကြည်တို့ပါဝင်စေပြီး ဗီဒီယိုအဖြစ် အသက်သွင်းခဲ့တာကို သဘောကျနေတာပါ။ အဲဒီအခွေကို သူအခုအချိန်အထိ သိမ်းထားတုန်း။ မကြာခဏလည်းပြန်ကြည့်တတ်တယ်။

အခုအခါ မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်က အချက်ရှစ်ချက်ချမှတ်ခဲ့ပြီး အဲဒီအထဲက တစ်ချက်ဖြစ်တဲ့ ခိုးကူးခွေပယ်ပျောက်ရေး ပညာပေးရက် ၁၀၀ စီမံချက်ကို အောက်တိုဘာ ၁ ရက်မှာ စတင်ခဲ့ပါတယ်။ မြို့နယ်အသီးသီးမှာ နိုင်ငံခြားဇာတ်ကား အများစုရောင်းချလေ့ရှိတဲ့ လမ်းဘေးအခွေဆိုင်တွေဟာ ဒီစီမံချက်မတိုင်မီ စက်တင်ဘာ လကုန်ပိုင်းကပဲ ပိတ်သိမ်းလိုက်တာ တွေ့ရပါတယ်။ ဒီဆောင်ရွက်ချက်ဟာ မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးရေးအတွက် အစိတ်အပိုင်းတစ်ရပ်အနေနဲ့ ကြိုးပမ်းတာဖြစ်ပေမယ့် အဖျားရူးစီမံချက်ဖြစ်သွားပါတယ်။ ဘာကြောင့်လဲဆိုတော့ ရက် ၁၀၀ မပြည့်ခင်အတွင်းမှာပဲ အခုဆို နိုင်ငံခြားအခွေဆိုင်တွေ လမ်းဘေးတွေမှာ အစီအရီပေါ်ပေါက်လာသလို မြန်မာဗီဒီယိုအခွေတွေလည်း ပြန်ဝယ်ယူလို့ရနေပြန်တာကြောင့် ဖြစ်ပါတယ်။

ဒီအတောအတွင်း ခိုးကူးခွေပယ်ပျောက်ရေး ရက် ၁၀၀ စီမံချက်နဲ့ ပတ်သက်လို့ ပြည်သူတွေရဲ့ အသံတွေ အများကြီး ထွက်လာပါတယ်။ အဓိက သူတို့ပြောတာက တော့ ခိုးကူးခွေတွေဖမ်းရုံနဲ့ မြန်မာကားတွေလူကြည့်များလာမှာ မဟုတ်ဘူး။ ရုပ်ရှင်လောက ကမ္ဘာနဲ့ ရင်ပေါင်မတန်း နိုင်သေးတာကို လက်ခံတယ်။ ပေါတောတောနဲ့ ကလေးကွက်တွေတော့ မလုပ်နဲ့ပေါ့။ တစ်ခါလာလည်း ဒီဇာတ်ညွှန်း ဒီဇာတ်လမ်း။ တချို့နေရာဆို မင်းသားဘာပြောရင် မင်းသမီးဘာပြောမယ်ကအစ သိနေတယ်။ နိုင်ငံခြားဇာတ်လမ်းခွေတွေဖမ်းလို့ မြန်မာ့ရုပ်ရှင်လောက ဦးမော့လာမယ်လို့ ထင်ရင်တော့ အတော်စိတ်ကူးယဉ်ဆန်လိမ့်မယ်။ မြန်မာဇာတ်ကားတွေကြည့်ရှုတဲ့ ပရိသတ်ကျဆင်းလာတာက ဘာကြောင့်လဲဆိုတာ အရင်ဆန်းစစ်ဖို့လိုတယ်။ ဇာတ်ကားရဲ့ အရည်အသွေးပိုင်း၊ သရုပ်ဆောင်မှု အရည်အသွေးတွေ မြှင့်တင်မှုမရှိရင်၊ ပရိသတ်ကို ဆွဲဆောင်မှုမပေးနိုင်ရင် ကြည့်မယ့်သူမရှိတာ သဘာဝပဲ။ ဟောလိဝုဒ်ဇာတ်ကားကြည့်တဲ့ ပရိသတ်ကတော့ လမ်းဘေးအခွေအရောင်းဆိုင်တွေဖမ်းလည်း မြန်မာဇာတ်ကား ပြောင်းကြည့်မှာ မဟုတ်တော့ဘူး ဆိုတာတွေ့ပါပဲ။

ကျွန်တော်တို့ ရုပ်ရှင်ချစ်သူများကတော့ မြန်မာ့ရုပ်ရှင် သက်တမ်းနှစ် (၁၀၀) ပြည့်ဖို့ လေးနှစ်လောက်ပဲ လိုနေတဲ့ အချိန်မှာ ဘာကြောင့် မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးမှုနှေးကွေးနေရသလဲ။ ကမ္ဘာမပြောနဲ့။ အာရှအဆင့်မှာတောင် မဝင်ဆံ့သေးတာ ဘာ့ကြောင့်လဲဆိုတာ အပြန်ပြန် အလှန်လှန် ဆွေးနွေးကြတဲ့အခါ အဓိကအချက်ကြီး တစ်ချက်ပဲ သွားတွေ့ပါတယ်။ ဒါကတော့ အုပ်ချုပ်တဲ့ အစိုးရတိုင်းဟာ သူတို့ပေါ်လစီအောင်မြင်ရေးအတွက် ရုပ်ရှင်ကို အသုံးချခဲ့ကြတာကလွဲလို့ ဘာမှထိထိရောက်ရောက် ပံ့ပိုးကူညီပေးခဲ့ကြတာမရှိဘူး ဆိုတာပါပဲ။ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်မှာ အာဏာသိမ်းပြီး တော်လှန်ရေးကောင်စီဖွဲ့ခဲ့တဲ့ မဆလအစိုးရက ဆိုရှယ်လစ်စနစ်ကို ချီးမြှောက်တဲ့ ရုပ်ရှင်ကားတွေကို တွင်တွင်အားပေးခဲ့တယ်။ နဝတ၊ နအဖ ခေတ်တွေမှာလည်း ထိုနည်းအတိုင်းပါပဲ။

(၇၅)နှစ်မြောက် မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ကျင်းပရေး ဦးတည်ချက် (၆)ရပ်ကို ကြည့်တဲ့အခါ (၁) ရုပ်ရှင်အနုပညာဖြင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်ရန်၊ (၂) ပြည်သူများအတွင်း မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကို အထောက်အကူပြုရန်၊ (၃) နိုင်ငံတော်ကို ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းရေးတည်ဆောက်ရာတွင် တစ်တပ်တစ်အားပါဝင်စည်းရုံး လှုံ့ဆော်ရန်၊ (၄) မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ရန်၊ (၅) မြန်မာ့ယဉ်ကျေးမှုကို အခြေခံသော ရုပ်ရှင်ပညာရပ်ကို မျိုးဆက်သစ် အနုပညာရှင်များသို့ လက်ဆင့်ကမ်းပေးရန်နဲ့ (၆) မြန်မာ့ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များအားလုံး စည်းလုံးညီညွတ်ရေးကို ရှေးရှုကြိုးပမ်းရန် ဆိုတာတွေ့ရပါတယ်။

ဒီအထဲမှာ "မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ရန်" ဆိုတဲ့ အချက်ပါပါတယ်။ ဒီလို အဆင့်အတန်းမြင့်ဖို့ ရုပ်ရှင်လောကသားတွေကပဲ သိမ်းကျုံးပြီး ကြိုးပမ်းရမှာလား။ အုပ်ချုပ်နေတဲ့ အစိုးရက ဦးဆောင်ပြီး ကြိုးပမ်းပေးမှာလားဆိုတာ သဲသဲကွဲကွဲ မရှိပါဘူး။ ဦးတည်ချက်တွေက ကောင်းပေမယ့် မြန်မာ့ရုပ်ရှင်လောက တာဝန်ရှိသူတွေနဲ့ အစိုးရတာဝန်ရှိသူတွေ တကယ်ထိထိရောက်ရောက် တွေ့ဆုံပြီး လိုအပ်တာမှန်သမျှ အစိုးရက အရင်းအနှီးပြုပေးဖို့ အားပေးအားမြှောက် လုပ်ပေးဖို့ကတော့ လက်တွေ့ဆန်ဖို့လိုတယ် ထင်ပါတယ်။ ဒီလိုလုပ်ပေးလို့လည်း အစိုးရမှာ အသုံးမရှိပါဘူး။ ဘောလိဝုဒ်လို့ခေါ်တဲ့ အိန္ဒိယရုပ်ရှင်လုပ်ငန်းနဲ့ တောင်ကိုရီးယား ရုပ်ရှင်လုပ်ငန်းတွေဟာ သူတို့ နိုင်ငံအတွက် ပြည်ပဝင်ငွေတွေရှာဖွေပေးနေတယ်ဆိုတာ မျက်မြင်ပဲ ဖြစ်လို့ ဒီအချက်ကို အဓိကထားဆောင်ရွက်ဖို့ ရုပ်ရှင်ချစ်သူများကိုယ်စား တိုက်တွန်းအကြံပြုလိုက်ရခြင်းပဲ ဖြစ်ပါတယ်။ ။

၁၉၇၀ ပြည့်နှစ် တစ်ဝိုက်က ရန်ကုန်မြို့လယ်မှာဆို ရုပ်ရှင်ရုံတွေမှ အများကြီး။ ဗိုလ်ချုပ်ဆောင်ဆန်းလမ်းနဲ့ ဆူးလေဘုရားလမ်းပေါ်က ရုပ်ရှင်ရုံတွေဟာ ရုပ်ရှင် ချစ်သူတွေအတွက် တကယ့်နားခိုရာတွေဖြစ်ခဲ့ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ထိုစဉ်က အဖြူအမည်း မြန်မာ့ရုပ်ရှင်ကားတွေဟာ ပရိသတ်ရင်ကို ထိစေခဲ့တာ အမှန်ပါပဲ။

အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း စတင်ဆောင်ရွက်ခြင်း အခမ်းအနား လွိုင်ကော်မြို့၌ကျင်းပ

လွိုင်ကော် နိုဝင်ဘာ ၂၅

အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း Launching Ceremory on End TB Strategy and National TB Strategic Plan (2016-2020) စတင်ဆောင်ရွက်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (တီဘီ) ဒေါက်တာအိအိချောက မြန်မာနိုင်ငံ တီဘီရောဂါဖြစ်ပွားမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက Launching Ceremory on End TB Strategy and National TB Strategic Plan (2016-2020) အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း ပြခန်းငယ်အား လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊

ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။ **ပြည်နယ်(ပြန်/ဆက်)**

အမျိုးသားနေ့သိကောင်းစရာများဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ တပ်ကုန်းမြို့တွင် ကျင်းပ

တပ်ကုန်း နိုဝင်ဘာ ၂၅

နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော (၉၆)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပန်းချီဆွဲပြိုင်ပွဲ၊ နံရံကပ်စာစောင်ပြပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက ကျောက်စရစ်ကုန်းကျေးရွာအုပ်စု ကျောက်စရစ်ကုန်းကျေးရွာ အမှတ်(၁)ပရဟိတဘုန်းတော်ကြီး သင်ပညာရေးအထက်တန်းကျောင်း(ခွဲ)နှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာကျောင်းတိုက်တွင် ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က ကျောင်းသား ကျောင်းသူများအား အမျိုးသားနေ့သိကောင်းစရာအကြောင်းများ ရှင်းလင်းဟောပြောပြီး စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ဂိမ်းကစားခြင်းများ ဆောင်ရွက်ပေးပြီး ဆုရရှိသည့်သူများအား ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် နံရံကပ်စာစောင်၊ မှတ်တမ်းဓာတ်ပုံများအား ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **(တင်စိုးလွင်)**

မြိတ်တက္ကသိုလ်တွင် ဖွင့်လှစ်ခဲ့သော လူငယ်ခေါင်းဆောင်သင်တန်းဆင်း

မြိတ် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ဦးဆောင်မှုဖြင့် မြိတ်တက္ကသိုလ်ကြက်ခြေနီအသင်းမှ ကြီးမှူး၍ နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ခဲ့သော လူငယ်ခေါင်းဆောင်သင်တန်း သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက မြိတ်တက္ကသိုလ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ကြက်ခြေနီအခြေခံမူနှင့် သိကောင်းစရာများ ခေါင်းဆောင်မှုပညာ၊ လူငယ်နှင့်မူးယစ်ဆေး၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားတတ်သော သဘာဝဘေးအန္တရာယ်များနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ ဘဝတွက်တာ ကျွမ်းကျင်စရာများ စတဲ့ ဘာသာရပ်များကို သင်တန်းနည်းပြကိုးဦးက ပို့ချပေးခဲ့ကြောင်း၊ သင်တန်းသားများအား လူထုဘဝလေ့လာရေးလုပ်ငန်းစဉ်အနေဖြင့် တနင်္သာရီမြို့နယ် ဘန်းလမွတ်ကျေးရွာအုပ်စု ထုံနွယ်ရွာသို့ ကွင်းဆင်းလေ့လာခဲ့ကြပြီး မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာတွင် ရွှက်ဖျင်တဲ့ထိုးနည်းလက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း၊ သင်တန်းကို မြိတ်တက္ကသိုလ်မှ သင်တန်းသား ၂၀၊ ကွန်ပျူတာတက္ကသိုလ်မှ ငါးဦး၊ နည်းပညာတက္ကသိုလ်မှ ငါးဦး တက်ရောက်ခဲ့ကြကြောင်းသိရသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမြသူက သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစီစီလှဘူးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း လူငယ်တာဝန်ခံ ဦးရဲမင်းက သင်တန်းကြေးကြပ်အတွေ့ အကြုံရှင်းလင်းပြောကြားကာ သင်တန်းနည်းပြများကို အမှတ်တရလက်ဆောင်များ၊ သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ မြိတ်တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

ဘာကြောင့် ဒေါ်လာစျေးမငြိမ်သလဲ

သက်ဇင်မိုး

(ယမန်နေ့မှအဆက်)

ယခုအခါ အမေရိကန် ဒေါ်လာငွေတန်ဖိုးခိုင်မာနေခြင်းကို ကမ္ဘာတစ်ခုလုံးက ရင်ဆိုင်နေရသည်။ ပြည်တွင်းသုံးငွေတန်ဖိုး ကျဆင်းခြင်းများဖြစ်ပေါ်လျက်ရှိသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၃ ရက်နှင့် နိုဝင်ဘာ ၁၈ ရက် နှိုင်းယှဉ်ပါက နိုင်ငံအချို့၏ ငွေတန်ဖိုးများကျဆင်းခဲ့မှုကို အောက်ပါဇယားအတိုင်းတွေ့ရသည်-

စဉ်	နိုင်ငံနှင့် ငွေအမျိုးအစား	US ၁ဒေါ်လာ လဲလှယ်နှုန်း ၃-၁၀-၂၀၁၆	US ၁ဒေါ်လာ လဲလှယ်နှုန်း ၁၈-၁၁-၂၀၁၆	ပြည်တွင်း ငွေတန်ဖိုး ကျဆင်းမှု%
(က)	ဩစတြေးလျ ဒေါ်လာ	၁.၃၀၄၈	၁.၃၆၁၇	၄.၃၆ %
(ခ)	ယူရိုငွေ	၀.၈၉၁၉၇	၀.၉၄၃၄၁	၅.၂၇%
(ဂ)	ဂျပန် ယန်း	၁၀၁.၅၂	၁၁၀.၅၄	၈.၈၈%
(ဃ)	အင်ဒိုနီးရှား ရူပီး	၁၃၀၀၇	၁၃၃၈၅	၂.၉%
(င)	အိန္ဒိယ ရူပီး	၆၆.၅၅	၆၈.၁၄	၂.၃၉%
(စ)	ထိုင်း ဘတ်	၃၄.၆၇၁	၃၅.၅၃	၂.၄၈%
(ဆ)	တရုတ်ယွမ်	၆.၆၇၁၉	၆.၈၈၆၉	၃.၂၂%
(ဇ)	စင်ကာပူ ဒေါ်လာ	၁.၃၆၆	၁.၄၂၅၆	၄.၇၆%
(ဈ)	မလေးရှား ရင်းဂစ်	၄.၁၃၅	၄.၄၁၆၅	၆.၈၁%
(ည)	မြန်မာ ကျပ်	၁၂၇၈	၁၃၂၃	၃.၂၅%

အထက်ပါအခြေအနေများအရ ဖွံ့ဖြိုးပြီးနိုင်ငံများက မိမိတို့ အကျိုးစီးပွားကို ကာကွယ်ရန်လိုအပ်သော တုံ့ပြန်အရေးယူဆောင်ရွက်မှုများကို ပြုလုပ်လျက်ရှိကြပြီး ၎င်းပြုလုပ်မှုများသည် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ပုံ့နှံ့သက်ရောက်မှုရှိလေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံကလည်း လိုအပ်သော မူဝါဒတုံ့ပြန်မှုများ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သည်။

စိစစ်ထိန်းချုပ်

မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်ရေးအတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်လျက်ရှိပေသည်။ ၎င်းတို့မှာ ကုန်သွယ်ရေးမူဝါဒကိုသုံးသပ်၍ လိုအပ်သလိုပြင်ဆင်ဆောင်ရွက်ခြင်း၊ ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒတို့နှင့် ထိန်းညှိဆောင်ရွက်ပေးခြင်း၊ ပို့ကုန်ရငွေများပြန်လည်ဝင်ရောက်ခြင်း ရှိ၊ မရှိ စစ်ဆေးကြပ်မတ်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် ကြိုးပမ်းခြင်း၊ နိုင်ငံခြားခရီးသွားများ ပိုမိုဝင်ရောက်လာရန်ကြိုးပမ်းခြင်း၊ နိုင်ငံခြားချေးငွေထောက်ပံ့ငွေများ စိစစ်ရယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ မူဝါဒချမှတ်သူများအနေဖြင့် ဒေါ်လာရောင်းလိုအား တက်လာစေရေး အားပေးဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဒေါ်လာသုံးစွဲရမည့်ကိစ္စများကိုလည်း စိစစ်ထိန်းချုပ်ပေးရမည်ဖြစ်သည်။ ဒေါ်လာဝယ်လိုအားကိုလျော့နည်းစေရန် အဘက်ဘက်မှသုံးသပ်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်သည်။

မူဝါဒဆိုင်ရာတုံ့ပြန်ဆောင်ရွက်မှုများအနက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဆောင်ရွက်ရမည့် ငွေကြေးမူဝါဒဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လွတ်လပ်စွာသုံးသပ်ဆောင်ရွက်နိုင်ပေသည်။ ၎င်းတို့မှာ အပ်ငွေလေလံခေါ်ယူခြင်း၊ သီးသန့်ငွေလိုအပ်ချက်အချိုးသတ်မှတ်ခြင်း၊ နိုင်ငံခြားငွေစျေးကွက်များကို မျက်ခြည်မပြတ်စောင့်ကြည့်၍ ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းအား စျေးကွက်ကပြဋ္ဌာန်းသည့်နှုန်းနှင့် လိုက်လျောညီထွေဖြစ်သည့်နှုန်းကို သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ဗဟိုဘဏ်က တိုက်ရိုက်ဝင်ရောက်စွက်ဖက်မှုမျိုးမှာ မသင့်လျော်သေးပေ။ သွယ်ဝိုက်စွက်ဖက်ထိန်းကျောင်းမှုများကို မျက်ခြည်မပြတ်ဆောင်ရွက်လျက်ရှိသည်။ OMO ဟုခေါ်သော Open Market Operation ဖြစ်သည့် ငွေတိုက်စာချုပ်များ၊ ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ခြင်းကိုလည်း လိုအပ်သလို သုံးသပ်ဆောင်ရွက်သင့်သည်။

အခွန်တိမ်းရှောင်မှုဖော်ထုတ်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း ဘဏ္ဍာရေးမူဝါဒဖြစ်သည့် အခွန်မူဝါဒနှင့် အသုံးစရိတ်မူဝါဒများကို ထိရောက်မှုရှိအောင် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ အခွန်တိမ်းရှောင်မှုများကို ဖော်ထုတ်ခြင်း၊ အခွန်ပေးဆောင်ရမည့် အခွန်အခြေခံများ ချဲ့ထွင်ခြင်း၊ နိုင်ငံခြားငွေဖြင့် ရရှိမည့် အခွန်အခများဂရုပြုကောက်ခံခြင်း၊ အစိုးရအသုံးစရိတ်များတွင် နိုင်ငံခြားငွေဖြင့် သုံးစွဲမှု၊ နိုင်ငံခြားငွေဖြင့်ရရှိသော အစိုးရ၏ရငွေအခြေအနေတို့ကို စိစစ်သုံးသပ်၍ လိုအပ်သလို ထိန်းညှိတွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

ကြေးမုံ၏ အယူအဆ

မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်ရေးအတွက် ကုန်သွယ်ရေးမူဝါဒကိုသုံးသပ်၍ လိုအပ်သလိုပြင်ဆင်ဆောင်ရွက်ခြင်း၊ ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒတို့နှင့် ထိန်းညှိဆောင်ရွက်ပေးခြင်း၊ ပို့ကုန်ရငွေများပြန်လည်ဝင်ရောက်ခြင်း ရှိ၊ မရှိ စစ်ဆေးကြပ်မတ်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် ကြိုးပမ်းခြင်း၊ နိုင်ငံခြားခရီးသွားများ ပိုမိုဝင်ရောက်လာရန်ကြိုးပမ်းခြင်း၊ နိုင်ငံခြားချေးငွေထောက်ပံ့ငွေများ စိစစ်ရယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိ။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်ရေးမူဝါဒ၏နိုင်ငံခြားငွေလဲလှယ်နှုန်းအပေါ် အကျိုးသက်ရောက်မှုကို သုံးသပ်၍ ပို့ကုန်ဆိုင်ရာမူဝါဒများ၊ သွင်းကုန်ဆိုင်ရာမူဝါဒများတွင် ဖြေလျှော့သင့်သည်များကို ဖြေလျှော့ပေးခြင်း၊ အားပေးရမည့်ကိစ္စရပ်များကို အားပေးခြင်း၊ စိစစ်စောင့်ကြည့်ရမည့်ကိစ္စများကို စိစစ်စောင့်ကြည့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ အရေးကြီးသောအချက်တစ်ခုမှာ သွင်းကုန်အတွက် နိုင်ငံခြားငွေလိုအပ်ချက်၊ ပို့ကုန်ကရရှိသည့် နိုင်ငံခြားငွေတို့ကို မည်သို့ဆောင်ရွက်ကြသည်ကို Currency movement အသွားအလာကို လေ့လာသုံးသပ်ဆောင်ရွက်သင့်သည်။ ယခင်က ကျင့်သုံးခဲ့သည့် Export First စနစ်သည် ပို့ကုန်ရှိမှသာ သွင်းကုန်တင်သွင်းရသဖြင့် ထိန်းညှိပြီးသားဖြစ်သည်။

ယခုအခါ လွတ်လပ်စွာဆောင်ရွက်ခွင့်ပြုထားသဖြင့် ပို့ကုန်အတွက် ရငွေများ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်မှုအခြေအနေကို သေချာလေ့လာသင့်သည်။ သွင်းကုန်များတင်သွင်းမှုကို အမျိုးအစားအလိုက် ကြည့်ရှုသုံးသပ်၍ နိုင်ငံခြားငွေဝယ်လိုအားများပြားနေမှုကို လျှော့ချနိုင်ရန် ကြိုးပမ်းသင့်သည်။

ကုစားနိုင်မည့်နည်းလမ်း

ယင်းသို့မူဝါဒဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများ(Policy Response) ဆောင်ရွက်ရာတွင် ဌာနတစ်ခုချင်းက ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ခြင်း၊ ဌာနအချင်းချင်းပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ခြင်းတို့သည် အရေးကြီးပေသည်။ စျေးကွက်ဟူသည် အတက်အကျရှိမြဲဖြစ်သည်။ တက်သည့်အချိန်တက်မည်၊ ကျသည့်အချိန်ကျမည်။ ဘာကြောင့် တက်သလဲ။ ဘာကြောင့် ကျသလဲ ဆန်းစစ်ရန်နှင့် သွယ်ဝိုက်ထိန်းကျောင်းသည့်အနေဖြင့် ကုစားနိုင်မည့်နည်းလမ်းများကို ရွေးချယ်ကျင့်သုံးကြရခြင်းဖြစ်သည်။ တည်ငြိမ်သည့်အခြေအနေတစ်ရပ်သို့ ရောက်ရှိရန်အစိုးရကလည်း အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ရမည်ဖြစ်သော မူဝါဒဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများကို ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အစိုးရသာမက နိုင်ငံခြားငွေသုံးစွဲဆောင်ရွက်နေရသည့် ပတ်သက်သူများအားလုံးကလည်း အစိုးရ၏မူဝါဒဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများကို ကြိုဆိုထောက်ခံ၍ အားပေးလိုက်နာဆောင်ရွက်ပြီး ပိုင်းဝန်းကြိုးပမ်းရမည်ဖြစ်သည်။ မူဝါဒဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများ၏ ရလဒ်သည် အတိုင်းအတာတစ်ခုအထိ ပေါ်ထွက်လာမည်ဖြစ်သည်။ အမြတ်အစွန်းရလိုမှုဖြင့် စျေးကစားသူများ၏ အန္တရာယ်ကိုလည်းသတိပြုရမည်ဖြစ်သည်။ စျေးကစားလိုသူများအနေဖြင့်လည်း အဝယ်မှား၊ အရောင်းမှား အခြေအနေများကို ရင်ဆိုင်ရန်ရိုင်ဖွယ်ရှိသည်။ စျေးကွက်သဘောတရားတစ်ခုအရ စျေးတက်လျှင် ပို၍တက်တော့မည်ဟုယူဆပြီး ပိုမိုဝယ်ယူစုဆောင်းကြခြင်း၊ စျေးကျလျှင် ပို၍ကျတော့မည်ဟုယူဆပြီး ထုတ်ရောင်းကြခြင်းမျိုးရှိလေသည်။ ယခင်ကာလများကလည်း အလားတူဖြစ်စဉ်မျိုး ကြုံတွေ့ရဖူးသည်။ အဆင့်တစ်ဆင့်ရောက်ပြီးလျှင် ပြန်လည်ကျဆင်းသည့်အခါ ရှိသင့်သည့်အတိုင်းအတာအထက် ကျော်လွန်ကျဆင်းမသွားစေရန် ထိန်းသိမ်းရဦးမည်။ ဤသို့ဖြင့် Exchange Rate အတက်အကျ သံသရာလည်နေလေသည်။ သံသရာလည်သည်ကတော့ထားပါ။ အတက်အကျများစွာဖြင့် သံသရာလည်မည့်အစား အတက်အကျအနည်းဆုံးဖြင့် သံသရာလည်စေချင်ပါသည်။ ။

ရန်ကုန် နိုဝင်ဘာ ၂၅

ညပိုင်းယာဉ်ကြောပိတ်လေ့ရှိသော ဗဟိုစံပြငါးစျေး (နတ်စင်လမ်း)ဝန်းကျင် ရှင်းလင်းရန်စီစဉ်

ညပိုင်းနှင့် နံနက်ပိုင်းအချိန်များတွင်ယာဉ်ကြောပိတ်ဆို့မှုတွေ့ကြုံရတတ်သော လှိုင်မြို့နယ် သီရိမင်္ဂလာစျေးသစ်ရှေ့ဝန်းကျင်နှင့် ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်း ဗဟိုစံပြငါးစျေးဝန်းကျင်နေရာတို့တွင် မြို့တော်စည်ပင်စျေးများဌာနမှ ရှင်းလင်းဆောင်ရွက်ခြင်းနှင့် ဆောင်ရွက်ရန် စီစဉ်နေမှုများကို နိုဝင်ဘာလလယ်မှစ၍ မြင်တွေ့လာရသည်။

နိုဝင်ဘာ ၁ ရက်မှစ၍ အများပြည်သူအသုံးပြုမှုများသော နေ့ပိုင်းအချိန်များတွင် ရန်ကုန်မြို့တွင်းလမ်းများအနက် အဓိကကျသော ကမ်းနားလမ်း၊ ဘုရင့်နောင်လမ်းမကြီးတစ်လျှောက် ကုန်တင်ယာဉ်ကြီးများနှင့် ကုန်သေတ္တာတင်ယာဉ်များ သွားလာခွင့်မပြုဘဲ ည ၉ နာရီမှ နောက်နေ့နံနက် ၆နာရီအတွင်းသာ သွားလာခွင့်ပြုရန် စီစဉ်မှုများရှိခဲ့သည်။

သို့သော် ညှိနှိုင်းဆောင်ရွက်ချက်များကို ဆက်လက်ညှိနှိုင်းနေဆဲဖြစ်၍ ယင်းစီမံချက်စတင်မည့် နေ့ရက်ကို သက်ဆိုင်ရာမှ တရားဝင်ထုတ်ပြန်ကြေညာရန်ရှိသည်ဟု သိရသည်။

နိုဝင်ဘာ ၁၆ ရက်မှစ၍ သီရိမင်္ဂလာငါးစျေးသစ်ရှေ့ကားလမ်းဘေးတစ်လျှောက် ယာဉ်ရပ်နားကွင်းအတွင်း စျေးရောင်းချမှုခွင့်မပြုဟု စျေးများဌာနမှ အသိပေးမှုရှိလာသည်။ စျေးရောင်းချသူများကို စျေးသစ်နောက်ရှိ ဂိုဒေါင်အတွင်း နေရာချထားရောင်းချစေပြီး တစ်လတာအခမဲ့ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးစျေးကြီးနှင့် ဆက်စပ်လျက်ရှိသော ကမ်းနားလမ်းမကြီးယာဉ်ကြောကျပ်တည်းမှု ပမျောက်စေရေးအတွက် ဗဟိုစံပြငါးစျေးကြီးသို့ လာရောက်သည့် ငါးတင်/ချ၊ ကုန်ကြို၊ မော်တော်ယာဉ်များအား ကမ်းနားလမ်း၊ နတ်စင်လမ်း၊ ဌာနာလမ်း၊ ဥယျာဉ်လမ်းနှင့် စကားဝါလမ်းများတွင် စနစ်တကျ ရပ်နားနိုင်ရေး ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါ လမ်းများ၌ တရားမဝင်ရောင်းချနေသော ပင်လယ်ငါး၊ ပုစွန်ရောင်းဝယ်မှုများ၊ ငါးအသားခြစ်ခြင်း လုပ်ငန်းများနှင့် စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်များအား နိုဝင်ဘာ ၂၂ ရက်နေ့မှစတင်၍ ရောင်းချခွင့်လုံး၀ (လုံး၀) ခွင့်ပြုမည် မဟုတ်ကြောင်း စျေးများဌာနမှ ထုတ်ပြန်အသိပေးကြေညာထားရသည်။

သီရိမင်္ဂလာစျေးသစ်နှင့် ဗဟိုစံပြငါးစျေးရှေ့ဝန်းကျင်တို့တွင် ကြုံတင်အသိပေးပြီး ရှင်းလင်းဆောင်ရွက်မှုများကြောင့် ညပိုင်းကုန်တင်ယာဉ်ကြီးများနှင့် ကုန်သေတ္တာတင်ယာဉ်ကြီးများ သွားလာရာတွင် ယာဉ်ကြောပိတ်ဆို့ကျပ်တည်းမှုများ ကြုံတွေ့ရမှုနည်းလာနိုင်မည်ဖြစ်သည်။

အများပြည်သူသွားလာမှုများသော ခရီးသည်တင်ယာဉ်များ၊ လမ်းကြောင်းများ အပါအဝင် ရန်ကုန်မြို့လယ်၊ မြို့တွင်းရှိ ကားလမ်းပေါင်း ၁၁လမ်းတွင် ၂၄ နာရီ စျေးရောင်းခွင့်မရှိခြင်း၊ ရောင်းချပါက စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဖြင့် စောင့်ကြည့်အရေးယူခြင်းများရှိမည်ဟု သိရသည်။

ကားလမ်းမတွင် စျေးရောင်းချမှုမရှိရန် စီစဉ်ခြင်း၊ နေ့အချိန်ကုန်တင်ယာဉ်ကြီးများနှင့် ကုန်သေတ္တာတင်ယာဉ်များ သွားလာခွင့်မပြုခြင်းများကို သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်မှုများကြောင့် ယာဉ်ကြောကျပ်တည်းမှုများလျော့ကျလာနိုင်သည်။ သို့သော် သက်ဆိုင်ရာမှ ယာဉ်မရပ်ရလမ်းပေါင်း ၁၀၀ ဝန်းကျင် သတ်မှတ်၍ ယင်းလမ်းများတွင် အသိပေးလမ်းညွှန်များ အများအပြားစိုက်ထူထားသော်လည်း လိုက်နာမှုအားနည်းနေဆဲဖြစ်ခြင်းသည် ယာဉ်ကြောကျပ်တည်းမှု ဆက်လက်ဖြစ်ပေါ်စေနိုင်သည်ဟု လမ်းအသုံးပြုသူများက ဆိုသည်။

ဘုရင့်နောင်ခုံးကျော်တံတား နှစ်စင်း၊ ဘုရင့်နောင်တံတားအမှတ် (၂)တို့ ဆောက်လုပ်ပြီးစီး၍ အသုံးပြုလာသည်မှာ နှစ်ခါသာသော်လည်း ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းတွင် ယာဉ်ကြောပိတ်ဆို့မှုများ ရက်ရှည်ကြုံတွေ့ရသည်။ ယာဉ်ကြောရှောင်လမ်းဖြစ်သော ဗဟိုလမ်းတွင်လည်း ယာဉ်ပိတ်ဆို့၍ ယာဉ်ကြောရှင်းနေသော အင်းစိန်လမ်းမကြီးပေါ်မှ ခရီးသည်တင်ယာဉ်အချို့လမ်းကြောင်းပြောင်းမောင်းနှင်မှုရှိလာသည်။

စည်ပင်မြေပေါ် တာရားမဝင်ကျူးကျော်အသုံးချနေမှုများကို သီရိမင်္ဂလာစျေးသစ်နှင့် စံပြဗဟိုငါးစျေးတို့တွင် မြို့တော်စည်ပင်စျေးများဌာနမှ အလေးထားရှင်းလင်းနေသကဲ့သို့ မြို့တော်စည်ပင်အခွန်ဌာနအနေဖြင့်လည်း ပွဲရုံများ၊ ကားဂိတ်များရှေ့ စည်ပင်ပိုင်မြေတွင် ကုန်တင်ကုန်ချယာဉ်များ ရပ်ရမည့် နေရာများတွင် စျေးရောင်းချနေခြင်း၊ ကုန်ပစ္စည်းအစုအပုံလိုက် သိုလှောင်ခြင်းထားများကို ဖယ်ရှားရှင်းလင်းပေးသင့်သည်။ စည်ပင်မြေပေါ် ကျူးကျော်ဆောက်လုပ်ထားမှုများနှင့် အထက်ဖော်ပြပါ ကုန်တင်၊ ကုန်ချနေရာများမရှိသဖြင့် ကုန်တင်-ကုန်ချမည့် ယာဉ်ကြီးများ ကားလမ်းမပေါ်တွင် ရပ်နားနေရသည်။

ပွဲရုံဝင်းရှိ NGO အဖွဲ့မှ ခန့်ထားသော ပုဂ္ဂလိက ယာဉ်မောင်းသူများနှင့် ယာဉ်လုပ်သားများအကြား ယာဉ်ပိတ်ဆို့မှုဖြစ်စေသည့် ကားလမ်းပေါ် ယာဉ်များရပ်နားခြင်း၊ ကုန်တင်ကုန်ချခြင်းများ အကြောင်းပြု၍ နားလည်မှုကြေးပေးရမှုများဖြစ်ပေါ်တတ်သည်ကို မြင်တွေ့လာရသည်ဟု လုပ်ငန်းလုပ်ကိုင်သူများက ဆိုသည်။

သို့ဖြစ်ရာ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ယာဉ်ကြောပိတ်ဆို့မှု၊ ကျပ်တည်းမှုလျော့ကျရေးအတွက် စျေးများဌာနကဲ့သို့ အခွန်ဌာနမှလည်း ထိရောက်စွာ အရေးယူလုပ်ဆောင်ပေးသင့်သည်။ ရန်ကုန်မြို့တွင်း ယာဉ်ပိတ်ဆို့စေတတ်သည့် ဖြစ်စဉ်အားလုံးကို ပြိုင်တူဖယ်ရှားခြင်းဖြင့် ယာဉ်ပိတ်ဆို့မှုလျော့ပါးလာပြီး အများပြည်သူများအတွက် သွားလာရေးအဆင်ပြေ၊ ငွေကြေးကုန်ကျမှုသက်သာလာမည်ဖြစ်သည်။ စည်းကမ်းလိုက်နာတတ်သော စိတ်ဓာတ်နှင့် အလေ့အကျင့်များ၊ စည်းကမ်းပျက်လုပ်ဆောင်မှုများအပေါ် အရေးယူဆောင်ရွက်သည့် တာဝန်ယူ၊ တာဝန်ခံဖြေရှင်းသည့် ဖြစ်စဉ်များသည် တိုင်းပြည်အတွက် ပုံရိပ်ကောင်းများသဖွယ် ဖြစ်လာမည်ဟု ရန်ကုန်မြို့တွင်းနေထိုင်သွားလာသူများက သုံးသပ်ပြောကြားသည်။

မောင်စေအောင်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Vikram Misri အား ယနေ့ နံနက် ၉ နာရီတွင် လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (FSMTC)၏ ညွှန်ကြားရေးမှူး Mr. Alexander FOMIN နှင့် အဖွဲ့အား နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

အိန္ဒိယသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအတွက် လက်ရှိဆောင်ရွက်နေသည့် တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်သတင်းဖလှယ်မှုကိစ္စရပ်များ၊ နှစ်ဖက်တပ်စခန်းများ၏ ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရေး၊ လေ့ကျင့်ရေးသင်တန်းများအပါအဝင် တပ်မတော်နှစ်ရပ်အကြား သက်ဆိုင်ရာနယ်ပယ်အလိုက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ရှိဖြစ်ပွားနေသော ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော အရေးကိစ္စများသည် နိုင်ငံရေးတည်ငြိမ်မှုအတွက်စိန်ခေါ်မှုများဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးတည်ငြိမ်မှုအတွက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန် နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေး အတတ်နိုင်ဆုံးကြိုးပမ်းလုပ်ဆောင်နေကြောင်း ပြောကြားခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ FSMTC ညွှန်ကြားရေးမှူးနှင့် တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား လက်ရှိဆောင်ရွက်နေသော စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ လေ့ကျင့်ရေးသင်တန်းဆိုင်ရာကိစ္စရပ်များနှင့် ဆက်လက်တိုးမြှင့်လုပ်ဆောင်သွားမည့် အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး ခေါင်းဆောင်သောအဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးဖိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့်အတူ အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်း၊ ကာကွယ်ရေးဌာနတာဝန်ခံ စောရော်ဂျာခင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ စီးပွားရေးတာဝန်ခံ စောတာဖိုးမု၊ စစ်ထောက်ချုပ်အဆင့်ရှိ စောအိုင်းဇက်၊ ဥက္ကဋ္ဌ၏ နိုင်ငံရေးနှင့် စစ်ရေးအကြံပေး စောထူးထူးလေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ကျင်းပနိုင်ရေးကိစ္စရပ်များ၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးရမည့် ကိစ္စရပ်များနှင့် နှစ်ဖက်တပ်များ တပ်နေရာချထားရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဗဟိုစစ်ကော်မရှင်၊ ကွန်မြူနစ်ပါတီ၊ ဒုတိယပူးတွဲစစ်ဦးစီးချုပ်တို့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Liu Zhenmin နှင့် ဗဟိုစစ်ကော်မရှင်၊ ကွန်မြူနစ်ပါတီ၊ ဒုတိယပူးတွဲစစ်ဦးစီးချုပ် General Xu Fenlin တို့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အစဉ်အသိအမှတ်ပြုလေးစားမှုရှိကြောင်းနှင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဆောင်ရွက်ချက်များအပေါ် ထောက်ခံမှုရှိကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရှေ့မြောက်ဒေသတွင် ဖြစ်ပွားနေသည့် KIA၊ TNLA၊ MNDAA လက်နက်ကိုင်တစ်ဖွဲ့ချင်း၏ နောက်ခံသမိုင်းကြောင်းနှင့် အကြမ်းဖက်လုပ်ဆောင်မှုများ၊ တပ်မတော်မှ နယ်မြေရှင်းလင်းလုပ်ဆောင်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

❐ ရှေ့ဖုံးမှ

အခုကျွန်တော်တို့မြင်နေရတဲ့ မောင်နှမတွေ၊ မိသားစုတွေကို မင့်ညာနိုင်တော့ဘူးလား၊ သူတို့အတွက် ပုဂ္ဂိုလ်ရေးဆိုင်ရာယူဆချက်တွေ၊ လိုလားချက်တွေ သိပ်ပြင်းထန်နေမယ်ဆိုရင် မျိုချပြီးတော့ မလုပ်ပေးနိုင်တော့ဘူးလား။ ဒါဆိုဖွံ့ဖြိုးမှုတွေသွားနိုင်မှာပါ။ စိတ်ဒုက္ခတွေ၊ ခန္ဓာကိုယ်ဒုက္ခတွေ၊ မျှော်လင့်ချက်ပျောက်နေတဲ့ဒုက္ခတွေ ဝိုင်းပြီးတော့ လုပ်ပေးကြရအောင်ပါ။

အမြင်တူလာရင်၊ ညှိနှိုင်းပြီးရင် ရာခိုင်နှုန်းပြည့်တော့ မရနိုင်ပါဘူး။ ဒီဘက်က ၄၀ ရရင် ဟိုဘက်က ၆၀ ရမယ်။ နောက်ဒီက ၆၀ ရရင် တစ်ဖက်က ၄၀ ရမယ်။ စသဖြင့် အပြန်အလှန် ညှိယူကြရမှာပါ။ အခုတစ်ကမ္ဘာလုံးက နံပါတ်တပ်ထားတဲ့ ငြိမ်းချမ်းရေးကို တိုင်းပြည်က ပြည်သူပြည်သားတွေ ဖော်ဆောင်ကြရအောင်ပါ။ နိုင်ငံအလယ်မှာ ဂုဏ်ယူစွာနဲ့ ဒီလောက်အထိ ခက်ခဲတဲ့ ငြိမ်းချမ်းရေးကို လူမျိုးပေါင်းများစွာထဲက၊ လက်နက်ကိုင်အဖွဲ့အစည်းပေါင်းများစွာထဲက ဘုံသဘောတူညီချက်ရပြီးတော့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းလုပ်ဆောင်ပြီး ကြိုးပမ်းပါလို့ စိတ်ရင်းအမှန်နဲ့ မေတ္တာရပ်ခံပါတယ်" ဟု ပြောကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ "ကျွန်တော်တို့နိုင်ငံရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြောရမယ်ဆိုရင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ကို ချန်လို့မရပါဘူး။ ၂၀၁၁ ခုနှစ်က ငြိမ်းချမ်းရေးအတွက် စလုပ်ပါတယ်။ ဟိုအရင်တုန်းကတော့ နှစ်ဖက်သဘောတူစာချုပ်တွေလုပ်ခဲ့တာရှိပေမယ့် အားလုံးတစုတဝေးတည်းလုပ်ရအောင်လို့ ဖိတ်ခေါ်တဲ့ အခါနိုင်ငံအခြေစိုက် DeFehr ဖောင်ဒေးရှင်းမှ Dr.ArthurDeFehr က မြန်မာနိုင်ငံငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဝိုင်းဝန်းအဖြေရှာကြရန် ပြောကြားခဲ့သည်။

ညနေပိုင်းတွင် မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် နိုင်ငံတကာမှ ငြိမ်းချမ်းရေးအတွေ့အကြုံရှိသူများ၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် ပံ့ပိုးကူညီကြသူများ၊ ကနေဒါနှင့် ကိုလံဘီယာနိုင်ငံတို့မှ ပညာရှင်များက စကားပိုင်းဆွေးနွေးပွဲ ဆက်လက်ပြုလုပ်ခဲ့သည်။

ယနေ့ပြုလုပ်သည့် ငြိမ်းချမ်းရေးဖိုရမ်သို့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာမှပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့သည်။

သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်

❍ သမိုင်းဝင်မှ

ရန်ကုန်မြို့၏ ဘဏ္ဍာရေးအချက်အချာ အဆောက်အအုံဖြင့် ၁၉၀၀ ပြည့်နှစ်က တည်ဆောက်ခဲ့သည့် ယခုအနောက်ပိုင်းခရိုင်တရားရုံး၊ ပင်စင်ဦးစီးဌာန၊ မူလက စကော့လူမျိုးပိုင် ကုမ္ပဏီအဖြစ် တည်ဆောက်ခဲ့သည့် ဗြိတိသျှသံရုံး၊ ၁၉၀၁ ခုနှစ်က အာမေနီးယန်းဟိုတယ်လုပ်ငန်းရှင် ညီအစ်ကို နှစ်ဦး တည်ဆောက်ခဲ့သည့် စထရန်းဟိုတယ်၊ ၁၉၀၂ ခုနှစ်က စကော့လူမျိုးပိုင်ရုံးခန်းဖြစ်ခဲ့သည့် ယခုကျေးလက်ဖွံ့ဖြိုးရေးဘဏ်၊ ၁၉၀၅ ခုနှစ်က ပထမဆုံး မြန်မာနိုင်ငံသားပိုင် ကုန်တိုက်ဖြစ်ခဲ့ပြီး ၁၉၉၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ အသုံးပြုခဲ့သည့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရုံးခန်း၊ ၂၀၀၆ ခုနှစ်ထိ မြန်မာနိုင်ငံ၏ အမြင့်ဆုံးတရားရုံးအဖြစ် တည်ရှိခဲ့သည့် ၁၉၀၅ ခုနှစ်က တည်ဆောက်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ ပြည်တွင်းမှာသာမက အာရှတစ်ခွင် နာမည်ကျော်ရိုးကုန်တိုက်အဖြစ် ထင်ရှားခဲ့သည့် ၁၉၀၈ ခုနှစ်က တည်ဆောက်ခဲ့သော ယခု ဧရာဝတီဘဏ်ရုံးချုပ်၊ ဂျူးလူမျိုးကုန်သည် မိသားစုပိုင်ဆိုင်ခဲ့သည့် ၁၉၀၆ ခုနှစ်ကတည်ဆောက်ခဲ့သော ယခုလောကနတ်အဆောက်အအုံ၊ ၁၉၁၁ ခုနှစ် ဝန်းကျင် မူလက Rangoon Times သတင်းစာတိုက်ဖြစ်ခဲ့သည့် ယခု ဂန္ဓိခန်းမ၊ ၁၉၀၈ ခုနှစ် မူလက စကော့လူမျိုးပိုင်ရုံးအဖြစ် တည်ရှိခဲ့သည့် ယခုဗဟိုစာတိုက်ကြီး၊ ၁၉၁၄ ခုနှစ်က Bank of Bengal အမည်ဖြင့် အိန္ဒိယဘဏ်ဖြစ်ခဲ့သည့် ယခု မြန်မာ့စီးပွားရေးဘဏ်-၃ စသည့် နှစ် ၁၀၀ ကျော် သက်တမ်းရှိအဆောက်အအုံများ၏ သမိုင်းကြောင်းကို လေ့လာသိရှိခွင့်ရမည်ဖြစ်သည်။ ယင်းပြင် ပန်းဆိုးတန်းနှင့် ဆူးလေတစ်လျှောက်ရှိ နှစ် ၉၀ ကျော် သက်တမ်းရှိ အဆောက်အအုံများလည်း ပါဝင်ကြောင်း သိရသည်။

သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-YHT

■

ပြည်တွင်းရေးရာ

မောင်တောခရိုင်အတွင်းရှိ ကျေးရွာများသို့ စားနပ်ရိက္ခာများ ထပ်မံထောက်ပံ့

မောင်တော နိုဝင်ဘာ ၂၅

အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေဖြင့် ဝယ်ယူခဲ့သည့် စားနပ်ရိက္ခာများအား မောင်တောမြို့တောင်ဘက်ပိုင်းရှိ ကျေးရွာများကို နိုဝင်ဘာ ၂၅ ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

မောင်တောခရိုင်အုပ်ချုပ်ရေးမှူးအပါအဝင် ခရိုင်မှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ မောင်တောမြို့၏ တောင်ဘက်ပိုင်းတွင် တည်ရှိသည့် ရွာလေးရွာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေဖြင့် ဝယ်ယူထားသည့် စားနပ်ရိက္ခာများကို သွားရောက်ထောက်ပံ့ခြင်းဖြစ်ပါကြောင်း၊ မောင်တောဒေသဖြစ်စဉ်ကြောင့် စားနပ်ရိက္ခာလိုအပ်နေသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို အောက်တိုဘာလအတွင်းမှာ သိန်း ၇၀၀ ကျော်ဖိုး ထောက်ပံ့ပေးခဲ့သကဲ့သို့ ယခုနိုဝင်ဘာအတွင်းမှာလည်း နောက်ထပ် သိန်း ၇၀၀ ကျော် ထပ်မံထောက်ပံ့ပေးခဲ့ပါကြောင်း၊ ထောက်ပံ့ငွေများကို ရခိုင်ပြည်နယ်အစိုးရကို လွှဲပြောင်းပေးအပ်ပြီး ပြည်နယ်အစိုးရနှင့် ခရိုင်အုပ်ချုပ်ရေးမှူး စသည့် တာဝန်ရှိသူများ၏ အစီအစဉ်ဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့် စားနပ်ရိက္ခာများထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမင်းသိဏ်းက ပြောသည်။

ရွှေဗဟိုလ်ကျေးရွာမှ အသက် (၃၀)နှစ်ရှိ ဒေါ်ငွေးငွေးခင်က မိမိတို့ရွာသို့ စားနပ်ရိက္ခာများ လာရောက်ထောက်ပံ့သည်မှာ ယခုအကြိမ်နှင့်ဆိုလျှင် လေးကြိမ်ရှိပြီဖြစ်ပါကြောင်း၊ နေ့ခင်းဘက်တွင် နေရေးထိုင်ရေး အဆင်ပြေသော်လည်း ညဘက်တွင် စိုးရိမ်ရကြောင်း၊ မိမိအမျိုးသားမှာ ယာဉ်မောင်းတစ်ဦးဖြစ်ပြီး ယခုလောလောဆယ် အလုပ်မရှိဖြစ်နေပါကြောင်း ပြောသည်။

ထို့ပြင် ခရေမြိုင်ကျေးရွာမှ ဦးထွန်းလှအောင်က ယခုကဲ့သို့ လာရောက်ထောက်ပံ့သည့်အတွက် စားနပ်ရိက္ခာများ ရရှိကြသော်လည်း စပါးရိတ်သိမ်းရေး၊ နေရေးထိုင်ရေးနှင့် သွားလာရေး အခက်အခဲရှိနေသေးပါကြောင်း ပြောကြားသည်။

ဥဒေါင်းကျေးရွာမှ ဒေါ်မချောကလည်း "ဒီလိုလာရောက်ထောက်ပံ့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ ဝမ်းလည်းနည်းပါတယ်။ ဝမ်းနည်းတာက အရင်လို လုပ်ကိုင်စားသောက်ရတာအဆင်မပြေလို့ပါ။ တောထဲသွားတော့လည်း လုံခြုံရေးက လိုက်မပေးနိုင်ပါဘူး။ တောင်တက်တာလည်း လုံခြုံရေးက လိုက်မပေးနိုင်ပါဘူး။ ကိုယ့်ဒေသ၊ ကိုယ့်ရွာ၊ ကိုယ့်အိမ်မှာ အေးအေးချမ်းချမ်းပဲ နေချင်ပါတယ်"ဟု ပြောသည်။

သွားရောက်ထောက်ပံ့ခဲ့သည့် ကျေးရွာများမှာ ရွှေရင်အေး၊ ခရေမြိုင်၊ ရွှေဗဟိုလ်နှင့် ဥဒေါင်းကျေးရွာများဖြစ်သည်။ ယခုကဲ့သို့ သွားရောက်ထောက်ပံ့ရာတွင် မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် ဒေါက်တာ မင်းသိဏ်းတို့က ဒေသခံတိုင်းရင်းသားပြည်သူများကို အားပေးစကားများ ပြောကြားခဲ့ကြသည်။ **သတင်းနှင့်ဓာတ်ပုံ-အောမ်းစိုး**

မောင်တောတွင် နယ်မြေတည်ငြိမ်ပြီဖြစ်၍ စပါးများရိတ်သိမ်း

မောင်တော နိုဝင်ဘာ ၂၅

ရခိုင်ပြည်နယ် မောင်တောဒေသတွင် နယ်မြေတည်ငြိမ်အေးချမ်းနေပြီဖြစ်သည့်အတွက် စိုက်ပျိုးထားသည့် စပါးများ ရိတ်သိမ်းလျက်ရှိကြောင်း စပါးစိုက်တောင်သူများထံမှ သိရသည်။

"နယ်မြေကလည်း အေးချမ်းတည်ငြိမ်သွားပြီဆိုတော့ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီရိတ်သိမ်းနေကြတယ်။ တချို့ရိတ်သိမ်းပြီး စပါးတွေ ခြွေလှေနေကြတယ်။ အချိန်မီမရိတ်သိမ်းရင် လေလွင့်မှုများမယ်။ကျွန်တော်ကတော့ စားဖို့လောက်ပဲစိုက်တာဆိုတော့ ဒီနှစ်အတွက်တော့ ဖူလုံသွားပြီ"ဟု မောင်တောခရိုင်တောင်ပိုင်း ဗောဓိကုန်းကျေးရွာမှ တောင်သူ ဦးဖြူသာထွန်းက ပြောသည်။

ရခိုင်ပြည်နယ်အစိုးရနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က မောင်တောဒေသရှိ ဒေသခံတောင်သူလယ်သမားများထံ စပါးများအချိန်မီ ရိတ်သိမ်းနိုင်ရန် စပါးရိတ်စက် အလုံး ၄၀ ကို အောက်တိုဘာလ နောက်ဆုံးပတ်က ပေးပို့ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန (ရခိုင်ပြည်နယ်) ပြည်နယ်ဦးစီးမှူးရုံးမှ သိရသည်။

"လယ်မြေကောင်းများရှိတဲ့ တောင်သူတွေကတော့ စပါးရိတ်စက်တွေနဲ့ ရိတ်သိမ်းကြတယ်။ တချို့ ကောနည်းနည်းရှိတဲ့သူတွေက လူနဲ့ပဲစပါးရိတ်ကြတယ်။ ကျွန်တော်တော့ စားဖို့လောက်ပဲစိုက်တော့ အိမ်ကမိသားစုနဲ့ပဲ ရိတ်သိမ်းလိုက်တယ်"ဟု တောင်သူ ဦးဖြူသာထွန်းက ပြောသည်။

မောင်တောဒေသအတွက် ထောက်ပံ့ပေးအပ်ခဲ့သည့် စပါးရိတ်သိမ်းစက်များသည် ရိတ်သိမ်းစက် တစ်စက်လျှင် တစ်ရက် သုံးဧကမှ ငါးဧကအထိ ရိတ်သိမ်းနိုင်ပြီး ကုန်ကျစရိတ်မှာလည်း တစ်ဧကလျှင် ကျပ် တစ်သောင်းနှုန်းသာကုန်ကျကြောင်း လေလွင့်မှုလည်းနည်းပါးကြောင်း ပြည်နယ်ဦးစီးမှူးရုံးမှ သိရသည်။

"စပါးရိတ်သိမ်းစက်က အချိန်ကုန်လည်း သက်သာတယ်။ အလုပ်သမားလိုအပ်မှု ပြဿနာကိုလည်း ဖြေရှင်းပေးနိုင်တယ်။ လုပ်ငန်းပြီးမြောက်မှုမှာလည်း လူထက်စက်က ပိုပြီး လုပ်ငန်းမှာ အလုပ်ပိုတွင်ကျယ်တယ်"ဟု ပြည်နယ်ဦးစီးမှူး ဦးတိုးဝေကပြောသည်။

မောင်တောဒေသသည် ရာသီဥတုကောင်းမွန်ပြီး စပါးထွက်ရှိမှုနှုန်းကောင်းမွန်ကြောင်း၊ မောင်တောဒေသတွင် စိုက်ပျိုးထားသည့်စပါးစိုက်ဧက ရှစ်သောင်းခန့်ရှိသော်လည်း တိုင်းရင်းသားလယ်သမားများပိုင် စပါးစိုက်ဧကမှာ ဧကတစ်သောင်းကျော်ခန့်သာရှိကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

မင်းသစ်(သတင်းစဉ်)
ဓာတ်ပုံ-နေလင်း

ကားနှင့် ကားပေါ်ပါလူများ
မီးဘေးအန္တရာယ်
ကင်းဝေးစေရေးအတွက်
"ကား"တိုင်းတွင်
မီးသတ်ဆေးဘူးဆောင်ထားပါ။
မီးသတ်ဦးစီးဌာန

ရှိမီးကြောင့် နေအိမ်တစ်လုံးမီးလောင်

နေပြည်တော် နိုဝင်ဘာ ၂၅

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နိုရူလာတောင်ကျေးရွာတွင် ယနေ့နံနက်ပိုင်းက ရှိမီးကြောင့် နေအိမ်တစ်လုံးမီးလောင်မှုဖြစ်ပွားခဲ့ရာ ရွာမှ ငြိမ်းသတ်ခြင်း မရှိသဖြင့် နိုရူလာရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်မီးငြိမ်းသတ်ခဲ့ရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

မောင်တောမြို့နယ် တပ်ဦးချောင်းကျေးရွာအုပ်စု နိုရူလာတောင်ကျေးရွာရှိ လူနေထိုင်မှုမရှိသည့် အဒူရော်ဟိမ်း၏ နေအိမ်မှာ ယနေ့နံနက် ၂ နာရီခန့်က ရှိမီးကြောင့် မီးလောင်နေကြောင်း နိုရူလာရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များက တွေ့မြင်ရသဖြင့် ၎င်းရွာရှိ ရာအိမ်မှူး မော်ဂျီဘူရကမန်ထံသို့ ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားပြီး ဝိုင်းဝန်းမီးငြိမ်းသတ်ကြရန် ပြောဆိုသော်လည်း ရွာမှ ငြိမ်းသတ်ခြင်းမရှိသဖြင့် စခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ငြိမ်းသတ်ခဲ့ရကြောင်း၊ ထိုသို့ အချိန်မီ ငြိမ်းသတ်နိုင်မှုကြောင့် အခြားနေအိမ်များသို့ မီးကူးစက်လောင်ကျွမ်းမှုမရှိခဲ့ဘဲ ၎င်းနေအိမ်တစ်လုံးသာ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အကြမ်းဖက်တိုက်ခိုက်သူဟု သံသယရှိသူများအား ထပ်မံဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၅

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် အောက်တိုဘာ ၉ ရက် အကြမ်းဖက်တိုက်ခိုက်မှုနှင့် ဆက်စပ်တိုက်ခိုက်မှုများတွင် ပါဝင်သည်ဟု သံသယရှိသူ မောင်နှမတောင်ရွာမှ နိုရူကာမာ အပါအဝင် ၁၆ ဦးအား ယနေ့ ညနေ ၃ နာရီခန့်တွင် သက္ကယ်ပြင် ကျေးရွာနှင့် မောင်နှမကျေးရွာကြားမှ ဖမ်းဆီးရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

ဖမ်းဆီးရမိသူများအား လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာ နယ်ခြားစောင့်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ထားကြောင်း သိရသည်။

(သတင်းစဉ်)

တရားမဝင် ဝင်ရောက်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦး ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၅

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက လှည့်ကင်းဆောင်ရွက်စဉ် မောင်တောမြို့နယ် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် နယ်ခြားမှတ်တိုင် (၅၀)အနီး နယ်စပ်ခြံစည်းရိုးပေါက်မှ တရားမဝင် ဝင်ရောက်ကာ မိမိနိုင်ငံအတွင်းသို့ ရောက်ရှိနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နတ်ချောင်စရီမြို့နယ် ဘာချာရီရွာနေ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ဖာဂူတူဖျာ၊ (၄၀)နှစ် (ဘ) နူရ်မော်ဂူရှ်နှ်အား ဖမ်းဆီးရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် အမျိုးသားဆရာများ ခန့်ထားပေးမည်

နေပြည်တော် နိုဝင်ဘာ ၂၅

ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် အမျိုးသားဆရာများခန့်ထားပေးမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန (နေပြည်တော်)မှ သိရသည်။

ရခိုင်ပြည်နယ်အတွင်း အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ သင်ယူမှုအခွင့်အလမ်းပိုမိုရရှိရေး၊ မူလတန်းအဆင့်သင်ကြားသောဆရာ လုံလောက်စွာခန့်ထားရေး၊ ဒေသခံဘွဲ့ရများ ဦးစားပေးခန့်ထားနိုင်ရေးတို့အတွက် အသက် (၃၅)နှစ်အောက် ဘွဲ့ရမူလတန်းပြဆရာ(အမျိုးသား)များ ခန့်ထားပေးမည်ဖြစ်ကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဒဏ်ရာရပြည်သူများအား ထောက်ပံ့ငွေပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်အတွင်း ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများအတွင်း ဒဏ်ရာရရှိခဲ့သော ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက မူဆယ် ပြည်သူ့ဆေးရုံ လူနာဆောင်၌ ကျင်းပခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

ပြင်းထန်စွာဒဏ်ရာရရှိသူ တစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် လူနာ ၁၅ ဦးအတွက် ငွေကျပ် ၄၅ သိန်း၊ သာမန်ဒဏ်ရာရရှိသူ တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ၁၃ ဦးအတွက် ငွေကျပ် ၁၃ သိန်း စုစုပေါင်း ငွေကျပ်၅၈ သိန်းအား တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့ပြင် မူဆယ်ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌကလည်း ဒဏ်ရာရ ပြည်သူတစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်းစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ နမ့်ဆာ သစ်သားတံတားအား ဖောက်ခွဲဖျက်ဆီး

နေပြည်တော် နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် KIA၊ TNLA နှင့် MNDAA လက်နက်ကိုင် ပူးပေါင်းအဖွဲ့ အင်အား ၁၅၀ ခန့်သည် ယနေ့မွန်းလွဲ ၃ နာရီက နမ့်ဆာ သစ်သားတံတားအား ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

ဖောက်ခွဲဖျက်ဆီးခံရသော နမ့်ဆာသစ်သားတံတားမှာ အရှည်(၁၂)ပေ၊ အကျယ် (၁၂)ပေခန့်ရှိပြီး ကွတ်ခိုင်မြို့နယ် နမ့်မာအုပ်စု နမ့်ဆာရွာအနီး တာမိုးညဲ-မုံးစီသွား ကားလမ်းပေါ်တွင် တည်ရှိသည်။

(သတင်းစဉ်)

ပန်ဆိုင်းရဲစခန်းအား အလစ်အငိုက် ချောင်းမြောင်းပစ်ခတ်

နေပြည်တော် နိုဝင်ဘာ ၂၅

မူဆယ်မြို့နယ် ပန်ဆိုင်းနယ်မြေရဲစခန်းဝင်ပေါက်အနီး နိုဝင်ဘာ ၂၅ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က မသင်္ကာဖွယ် လူတစ်ဦးချဉ်းကပ်လာ၍ စခန်းအတွင်းရှိ တာဝန်ကျ ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးစဉ် ရဲစခန်းနှင့် မျက်နှာချင်းဆိုင်ကိုက်(၁၀၀)ခန့်အကွာ နေအိမ်ခြံဝင်းအတွင်းရှိ လက်နက်ကိုင် နှစ်ဦးက အလစ်အငိုက်ပစ်ခတ်တိုက်ခိုက်ပြီး ထွက်ပြေးသွားခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါဖြစ်စဉ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိ တစ်ဦးနှင့် ရဲတပ်သားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ပစ်ခတ်ထွက်ပြေးသွားသူများအား နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရသည်။

ရဲစခန်းဝင်ပေါက်အနီးသို့ ကနဦး ချဉ်းကပ်လာသည့် ပန်ဆိုင်းမြို့ ရပ်ကွက်(၈)နေ ဦးယုံချီး(၃၀)နှစ်အား ဖမ်းဆီးရမိခဲ့ပြီး လက်နက်ကိုင်အဖွဲ့များနှင့် ဆက်စပ်ပတ်သက်ခြင်း ရှိ၊ မရှိ စစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

KIA၊ TNLA လက်နက်ကိုင် ပူးပေါင်းအဖွဲ့များက ပြည်ထောင်စုလမ်းမပေါ်တွင် သွားလာနေသည့်ယာဉ်များအား တားဆီးမီးရှို့ဖျက်ဆီး

နေပြည်တော် နိုဝင်ဘာ ၂၅

ကွတ်ခိုင်မြို့ မြောက်ဘက် ၁၃ မိုင်ခန့် အကွာ အထက် နမ့်ဖတ်လွန်းကျေးရွာအနီး၌ နိုဝင်ဘာ ၂၅ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်၌ KIA၊ TNLA လက်နက်ကိုင် ပူးပေါင်းအဖွဲ့များက ပြည်ထောင်စုလမ်းမကြီးပေါ်တွင် သွားလာနေသည့် ယာဉ်ကြီး၊ ယာဉ်ငယ်များအား တားဆီးကာ ၂၂ ဘီးယာဉ် နှစ်စီးနှင့် ခရီးသည်တင် မှန်လုံယာဉ်တစ်စီးတို့အား ခေါင်းချင်းဆိုင်၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

အလားတူ ကွတ်ခိုင်မြို့မြောက်ဘက် ၁၆ မိုင်ခန့်အကွာ မန်လွယ်ရွာအနီး အဆိုပါလက်နက်ကိုင် ပူးပေါင်းအဖွဲ့များကပင် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် သွားလာနေသည့် ယာဉ်များအား နှောင့်ယှက်တားဆီးခဲ့ပြီး PARADO ယာဉ်တစ်စီးအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း ကနဦးသတင်းများအရ သိရသည်။ **(သတင်းစဉ်)**

မသင်္ကာဖွယ် ပါဂျဲရိုးယာဉ်မောင်းအား ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် (၁၀၅)မိုင် ကုန်သွယ်ရေးစခန်း ဂိတ် (၄)ရှေ့သို့ ယမန်နေ့နံနက် ၇ နာရီတွင် ခေါက်တုံ့ခေါက်ပြန် ဖြတ်သန်းနေသော မသင်္ကာဖွယ် ပါဂျဲရိုးယာဉ် သုံးစီးတွေ့ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရန်တားဆီးစဉ် ရပ်တန့်ပေးခြင်းမရှိသောကြောင့် ပစ်ခတ်တားဆီးခဲ့ရာ ပန်ဆိုင်းမောင်းတံဂိတ်ဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

ထို့နောက် ယင်းနေ့နံနက် ၁၀ နာရီခွဲတွင် မူဆယ်ပြည်သူ့ဆေးရုံကြီးသို့ ယာဉ်ပို့ ကျည်ထိမှန်ဒဏ်ရာ တစ်ချက်ဖြင့် တက်ရောက်ဆေးကုသနေသည့် နမ့်ဟွယ်ကျေးရွာနေ စံအေး(၂၄)နှစ်အား တာဝန်ရှိသူများက မေးမြန်းရာ နံနက်ပိုင်းက (၁၀၅)မိုင် ကုန်သွယ်ရေးစခန်းဂိတ်(၄)တွင် တားဆီးစဉ် မောင်းနှင်ထွက်ပြေးခဲ့သည့် ပါဂျဲရိုးယာဉ်၏ ယာဉ်မောင်းဖြစ်ကြောင်း စစ်ဆေးသိရှိပြီး လက်နက်ကိုင်အဖွဲ့များနှင့် ဆက်စပ်ပတ်သက်ခြင်း ရှိ၊ မရှိ စစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

■

မင်းပြားမြို့တွင် စျေးဆိုင်အလုံး ၂၀ နှင့် လူနေအိမ်တစ်လုံး မီးလောင်

နေပြည်တော် နိုဝင်ဘာ ၂၅

ရခိုင်ပြည်နယ် မင်းပြားမြို့တွင် ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ က စျေးဆိုင်အလုံး ၂၀ နှင့် လူနေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မင်းပြားမြို့ ဦးစိုးတင့်အလယ်ပိုင်းရပ်ကွက် တံတားဦးလမ်း၌ မောင်ဖြူလှ(ခ)ဦးတင်လှိုင်သည် ပလတ်စတစ်ပုံးအတွင်းသို့ ဓာတ်ဆီထည့်ရာမှ မီးလောင်မှုစတင်ဖြစ်ပွားခဲ့ပြီး ယင်းရပ်ကွက်ရှိ စျေးဆိုင်ခန်း ၂၀ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မင်းပြားတပ်နယ်နှင့် မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံများက မီးသတ်ယာဉ် ခြောက်စီးဖြင့် ပိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ကာလတန်ဖိုး ငွေကျပ် ၈၉၅၅၀၀၀ ဖိုးခန့်ဆုံးရှုံးခဲ့ပြီး ဒဏ်ရာရရှိသူများမှာ မင်းပြားပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

■

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်း၌ အသေးစားပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွား

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်မြို့ အလုံမြို့နယ်အတွင်းရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်း၌ ယနေ့ ညနေပိုင်းက အသေးစား ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က အဆိုပါရုံးဝင်းအတွင်းရှိ စုပေါင်းရုံးတည်ရှိရာဌာနတစ်ခု၏ မြေညီထပ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် မိနစ်ပိုင်းအကြာတွင် အခြားနေရာတစ်ခုမှ ထပ်မံပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

အဆိုပါဖြစ်ပွားရာသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ နယ်မြေခံစစ်မြေပြင် အင်ဂျင်နီယာတပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ရှင်းလင်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ကနဦးသတင်းများ အရသိရသည်။

"တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဂိတ်ပေါက်နားမှာတော့ မိုင်းရှင်းလင်းရေးအဖွဲ့က ပစ္စည်းကိရိယာတွေနဲ့ အတူ မိုင်းရှာတဲ့ခွေးတွေနဲ့ ရှာဖွေမှုတွေလုပ်နေတာကို တွေ့ရတယ်။ စီအိုင်ဒီအဖွဲ့တွေလည်း ကားတွေနဲ့ဝင်သွားတာတွေ့တယ်။ ကျွန်တော်တို့ရောက်ပြီးတဲ့အချိန်မှာတော့ ပေါက်ကွဲတဲ့အသံ မကြားရပါဘူး"ဟု အဆိုပါဖြစ်ပွားမှုကို အနီးရှိ လာရောက်လေ့လာသူ ကိုကျော်က ပြောသည်။

ယင်းဖြစ်စဉ်ကြောင့် အဆိုပါ ဝင်းအတွင်း၌ သက်ဆိုင်ရာက ည ၉ နာရီအချိန်ခန့်အထိ ဆက်လက် ရှာဖွေရှင်းလင်းမှုများ ပြုလုပ်လျက်ရှိသည့်အပြင် ဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်းသိရသည်။

ထို့အပြင် သတင်းမီဒီယာသမားများအနေဖြင့်လည်း ပေါက်ကွဲမှုဖြစ်စဉ်အား သိရှိသော်လည်း သက်ဆိုင်ရာမှ တရားဝင်ပြန်လည်ဖြေကြားခြင်းမရှိသည့်အတွက် ည ၉ နာရီကျော် အချိန်အထိ အဆိုပါရုံး၏ ဝင်ပေါက်အနီး၌ သတင်းရရှိရေးအတွက် စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ညနေ ၆ နာရီဝန်းကျင်လောက်က တိုင်းရုံးအဝင်ဂိတ်ပေါက်ကိုရောက်တယ်။ ဒီမှာရောက်နေတဲ့ သတင်းသမားတွေကို သက်ဆိုင်ရာက အတည်ပြုတာတော့မရှိသေးဘူး။ ကြားရသလောက်တော့ ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်တယ်လို့တော့ကြားတယ်။ ဘယ်နေရာမှာ ဘယ်လို ပေါက်ကွဲမှုဖြစ်သွားတယ်ဆိုတာမျိုးကိုတော့ မသိရသေးပါဘူး။ တကယ်ဆိုရင် တစ်ယောက်ယောက်က ထွက်ပြီးရှင်းပြသင့်တာပေါ့"ဟု အဆိုပါရုံး၏ အဝင်ဂိတ်ပေါက်အနီးတွင် သတင်းစောင့်ယူနေသည့် သတင်းသမားတစ်ဦးက ပြောသည်။

ယင်းကဲ့သို့ ပေါက်ကွဲမှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်နယ်မြေရဲစခန်းမှူးနှင့် အဖွဲ့သည် ယနေ့ည စနာရီခွဲခန့်က သမိုင်းလမ်းဆုံအနီးရှိ လူစည်ကားသည့်နေရာနှင့် CITY MART အနီးရှိ အမှိုက်ပုံးများနှင့် မသက်သည့်နေရာများကို စောင့်ကြည့်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဇော်ကြီး(ပဏာမိတ)

■

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်(ရွှေဈေး) ၈၅၇၀၀၀ - ၈၅၈၀၀၀ မန္တလေး(ရွှေဈေး) ၈၅၇၀၀၀ - ၈၅၈၀၀၀

စက်သုံးဆီဈေးနှုန်း

		ရန်ကုန်	မန္တလေး
(က) ဒီဇယ်	တစ်လီတာ	၆၂၀/၆၃၀ ကျပ်	၆၂၀/၆၃၀ ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၆၆၀/၆၉၀ ကျပ်	၇၅၀/၇၆၀ ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၆၁၅/၆၃၀ကျပ်	၆၅၀/၆၆၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၆၃၅/၆၉၀ကျပ်	၆၄၀/၆၆၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၅၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၇၃ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၃၅ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	- ၁၃၀၅. ၀	(ဆ) ဂျပန်	တစ်ရာယန်း	- ၁၁၄၈. ၁
(ခ) ဥရောပ	တစ်ယူရို	- ၁၃၇၆. ၂	(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	- ၁၁၀. ၆၁
(ဂ) တရုတ်	တစ်ယွမ်	- ၁၈၈. ၅၉	(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	- ၉၆၆. ၈၈
(ဃ) ထိုင်း	တစ်ဘတ်	- ၃၆. ၅၈၅	(ည) စင်ကာပူ	တစ်ဒေါ်လာ	- ၉၁၀. ၄၅
(င) မလေးရှား	တစ်ရင်းဂစ်	- ၂၉၂. ၃၄			
(စ) အိန္ဒိယ	တစ်ရူပီး	- ၁၈. ၉၈၀			

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း ဆွမ်ပရာဘွမ်မြို့တွင်ပွင့်

ဆွမ်ပရာဘွမ် နိုဝင်ဘာ ၂၅

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၂/၂၀၁၆)ဖွင့်ပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆွမ်ပရာဘွမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၂၀ တက်ရောက်သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးရက်ကြာဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တံတားလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းအား အရပ်ဝတ်များဝတ်ဆင်ထားသည့် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်

နေပြည်တော် နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နှင့် လားရှိုးမြို့ကြားရှိ စဉ့်အင်တံတား၌ လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းအား ယမန်နေ့ မွန်းလွဲ ၂ နာရီခန့်တွင် အရပ်ဝတ် ဝတ်ဆင်ထားသော လက်နက်ကိုင်အင်အား ခုနစ်ဦးခန့်က တံတား၏မြောက်ဘက် မီတာ ၅၀၀ ခန့်အကွာမှ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်ခဲ့ရာ မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါ လက်နက်ကိုင်အဖွဲ့များ ဆုတ်ခွာရာနောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံ၍ နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော နိုဝင်ဘာ ၁၅ ရက်မှ ၂၂ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

ယမန်နေ့မှအဆက်

စဉ်	စာရေးသူ	စာအုပ်	ဈေးနှုန်း	ထုတ်ဝေသည့်တိုက်
၃၅။	မေကျော်ရှင်း	ကလေးတို့လာကြ. . လာကြ (ဒုတိယ)	၁၀၀၀	ရွှေသစ္စာစာပေ
၃၆။	ဦးမြင့်ဝေ (ကြို့ပင်ကောက်)	ကျောက်မျက်ရတနာအမေးအဖြေ	၂၀၀၀	ရွှေကြိုသားစာပေ
၃၇။	ဒေါက်တာခင်မောင်ဝင်း တက္ကသိုလ်	ဘုရားသမိုင်းဒဏ္ဍာရီများ	၅၀၀၀	လောကသစ်စာပေ
၃၈။	မြင့်သန်း	နယ်ဘက်ကျေးဘက်မှဝတ္ထုများ	၄၀၀၀	နှစ်ကာလများစာပေ
၃၉။	သတိုးသူဇာအောင်	ပိုက်ကြီးပြီးကလေးမမွေးသူများ	၂၀၀၀	-
၄၀။	တမန်တော်မမြိသာရ	ဘာသာရေးနှင့်ဘိန်း	၁၅၀၀	ယဉ်မျိုး
၄၁။	အန်တီချို	ကလေးတို့မှတ်သားဖွယ် အံ့သြဖွယ်ရာကမ္ဘာဖြစ်ရပ်မှန်များ	၅၀၀၀	စိတ်ကူးချိုချို
၄၂။	ဦးလှမြင့်(ဂန္ဓမာ)	ကျန်းမာသုတဆေးသုတ	၁၈၀၀	စိတ်ကူးချိုချို
၄၃။	ဦးသိန်းဟန်	သောတာပန်စခန်းလမ်းပြကျမ်း	၄၀၀၀	-
၄၄။	ကြပ်ကလေး	တစ်သိုက်တစ်မြို့တစ်ထွေး	၂၅၀၀	စိတ်ကူးချိုချို
၄၅။	သံအမတ်ကြီး ဒေါက်တာလှမောင်	အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ဖွံ့ဖြိုး တိုးတက်မှုနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု	၂၅၀၀	Unity
၄၆။	သံအမတ်ကြီး	ကမ္ဘာ့ငွေရေးကြေးရေးကဏ္ဍနှင့် ကမ္ဘာ့စီးပွားရေးသို့ ဆက်နွယ်အကျိုးပြုမှု	၂၅၀၀	Unity
၄၇။	အောင်လှိုင်	ဦးနှောက်ကျန်းမာရေးစွမ်းရည်တိုးမြင့်ရေး	၁၃၀၀	စိတ်ကူးချိုချို
၄၈။	ဇေရတု	နဝိုလီယမ်ဟေးလ်၏ကမ္ဘာတည်မဲ့ အတွေးအမြင်	၃၀၀၀	စိတ်ကူးချိုချို
၄၉။	ဒေါက်တာစိုးခိုင်	ဆီးချိုရောဂါနှင့်နေထိုင်ခြင်းအမေး+ အဖြေသာ	၁၅၀၀	စိတ်ကူးချိုချို
၅၀။	မောင်လွင်ပြင်	မိသားစုဘဝပျော်ရွှင်ရေး	၁၅၀၀	စိတ်ကူးချိုချို
၅၁။	မြနှင်းဆီ	အံ့ဖွယ်တိုက်ဆိုင်မှုဖြစ်ရပ်မှန်ဇာတ်လမ်းတိုများ -၅	၃၅၀၀	တူဒေး
၅၂။	ဒေါက်တာဝင်းဆွေ	မူးယစ်သားကောင်အဖြစ်မှ လွတ်မြောက်ခြင်း	၂၅၀၀	အာရုံသစ်
၅၃။	အောင်ရဲထွန်း (ဓာတု)	သမိုင်းကြောင်းကောင်းသူများနှင့် လမ်းလျှောက်ထွက်ခြင်း	၃၅၀၀	ပြည်မြန်မာ
၅၄။	မသန်းသန်း (မန်းတက္ကသိုလ်)	ကြီးပွားချမ်းသာရေးလက်တွေအသုံးချ ကိုယ်ကျင့်မင်္ဂလာ-၂	၂၀၀၀	Wisdom house
၅၅။	ဒေါက်တာဖြိုးသီဟ	မာန်	၂၀၀၀	စာပေခရီးသွား
၅၆။	ညိဉီးလွင်	လိမ္မော်ခင်းစိုက်သူ	၁၅၀၀	မျိုးဆက်သစ်
၅၇။	အရည်ကြို	ပေါ့ပေါ့ပါးပါးလေးလေးပင်ပင်အတွေးများ	၅၀၀၀	စိန်မိုးယံ
၅၈။	လင်းဇော်ဦး	အလောင်းကောင်များနှင့်ပေါင်းဖော်ခြင်း	၂၅၀၀	ဥတ္တရလမင်း
၅၉။	ကလောင်စုံ	မြန်မာစာရေးဆရာတို့၏ ကလောင်	၁၈၀၀	စာပေခရီးသွား
၆၀။	ကလောင်စုံ	နိုင်ငံတော်၏စီးပွားရေးမူဝါဒများနှင့် ပညာရှင်များအမြင်	၂၀၀၀	မဖျိမ
၆၁။	ဆရာမိုး (FollowMe)Ph.D(USA)	ကုမ္ပဏီနှင့်ဌာနဆိုင်ရာ အင်္ဂလိပ်စကားပြော+ DVD	၅၅၀၀	မိုးသီဂီစာပေတိုက်
၆၂။	အလင်းသစ်	အချစ်သစ်ပင်မကြွေတဲ့အမုန်းသစ်သီး	၁၅၀၀	ရွှေပဒေသာ
၆၃။	လှိုင်ကြာဖြူ	ချစ်သူတစ်ယောက်ကောက်ရထားသည်	၁၅၀၀	ရွှေပဒေသာ
၆၄။	မိုးစက်ပွင့်	သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်	၁၆၀၀	ရွှေပဒေသာ
၆၅။	မမသဒ္ဓါမောင်	အတိတ်စာမျက်နှာထက်ကအလွမ်းကဗျာ	၁၇၀၀	ရွှေပဒေသာ
၆၆။	ဂုဏ်ထူးပဒေသာ	အလယ်တန်းအဆင့်ရွှေဆုရှင်၏လက်ရာမွန် စာစီစာကုံးများ(၁)	၂၀၀၀	ရွှေပဒေသာ
၆၇။	ကြယ်စင်မှူးဝေ	အချစ်ဖော်ဟေဝန်မှအပြန်	၁၆၀၀	ရွှေပဒေသာ

ရီတာအော်ရာ၏ ဒုတိယမြောက် တေးအယ်လ်ဘမ် မကြာမီထွက်ရှိမည်

"I Will Never Let You Down"တေးသီချင်းနဲ့ ကျော်ကြားခဲ့တဲ့ တေးသံရှင် ရီတာအော်ရာရဲ့ ဒုတိယမြောက်စတူရီယို တေးအယ်လ်ဘမ်ကို မကြာမီထုတ်လွှင့်သွားဖို့စီစဉ်ထားပြီး ယင်းတေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ကို ဘီဘီစီရဲ့ ရေဒီယိုအစီအစဉ်တစ်ခုမှာ ရီတာအော်ရာက အမြည်းသဘော သီဆိုပြခဲ့ကြောင်း အော့စ်ရှူးဘစ်ဇင်္ဂေါ်ကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါတေးအယ်လ်ဘမ်ကို လွန်ခဲ့တဲ့ ၂၀၁၃ခုနှစ်အတွင်းက စတင်ပြင်ဆင်ခဲ့တာဖြစ်ပြီး ထွက်ရှိဖို့ရာ နှောင့်နှေးနေခဲ့ရတာ ဖြစ်ပါတယ်။ ရီတာအော်ရာက သုံးနှစ်နီးပါးအချိန်ယူခဲ့ရတဲ့အဆိုပါတေးအယ်လ်ဘမ်ကို ထုတ်လွှင့်သွားဖို့ အလွန်စိတ်လှုပ်ရှားရင်ခုန်နေပြီး ယင်းတေးအယ်လ်ဘမ်မှာ သူ့ရဲ့ အကြိုက်နှစ်သက်ဆုံးတေးသီချင်းတွေ ပါဝင်မှာဖြစ်ကာ ကိုယ်ပိုင်ခံစားချက်တွေကို ရေးသားထားတဲ့ တေးသီချင်းတွေလည်း ပါဝင်မှာ ဖြစ်တယ်လို့ ဩဇာတိန်အဆိုတော်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ရီတာအော်ရာက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ပထမဆုံးတစ်ကိုယ်တော်တေးအယ်လ်ဘမ် "Ora"ကို ၂၀၁၂ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့ပြီးနောက် တေးဂီတဇယားတွေမှာ ထိပ်ဆုံးက ရပ်တည်နိုင်ခဲ့တဲ့ ရီတာအော်ရာဟာ ပြီးခဲ့တဲ့ ၂၀၁၃ခုနှစ်ကစတင်ပြီး ဒုတိယမြောက်တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်ခဲ့ပေမယ့် ထင်သလောက်ခရီးမရောက်ဖြစ်ခဲ့ရပါတယ်။ ၂၀၁၃နောက်ပိုင်းမှာ ရီတာအော်ရာဟာ ချစ်သူဟောင်း ဒီဂျေပညာရှင် ကယ်လ်ဗင်ဟဲရစ်နဲ့ လမ်းခွဲခဲ့တာကြောင့် တေးအယ်လ်ဘမ်သစ်အပေါ် အာရုံလျော့ခဲ့ကာ နောက်ပိုင်းမှာလည်း ရှော့ခ်နေရှင်နဲ့ တေးသံသွင်းတဲ့စာချုပ်ချုပ်ဆိုတာနဲ့ ပတ်သက်ပြီး တရားရင်ဆိုင်ခဲ့ရတာတွေနဲ့ အလုပ်များနေခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်းမှာတော့ ရီတာအော်ရာဟာ အတ္တလန္တိတ်တေးသံသွင်းနဲ့ စာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့တာဖြစ်ပါတယ်။

ယခုထုတ်လွှင့်သွားမယ့်တေးအယ်လ်ဘမ်သစ်ရဲ့ ထွက်ရှိမယ့်နေ့အတိအကျနဲ့ အသေးစိတ်အချက်အလက်တွေကိုတော့ ရီတာအော်ရာက ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပါဘူး။

ဆောင်းဟေကိုအတွက် ပရိသတ်တွေပေးတဲ့ အထူးမွေးနေ့လက်ဆောင်

ပြီးခဲ့တဲ့နိုဝင်ဘာ ၂၂ ရက်မှာ ကျရောက်ခဲ့တဲ့ တောင်ကိုရီးယားထိပ်တန်းမင်းသမီးဆောင်းဟေကိုရဲ့ မွေးနေ့အထိမ်းအမှတ်အဖြစ် တောင်ကိုရီးယားမှာရှိတဲ့ သူ့ရဲ့ ပရိသတ်တွေ စုပေါင်းကာ အထူးမွေးနေ့လက်ဆောင် တစ်ခုကို ပေးအပ်ခဲ့ကြောင်း အောကေပေါဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ပရိသတ်တွေက မင်းသမီးချောဆောင်းဟေကိုရဲ့ ၃၅ နှစ်ပြည့်မွေးနေ့အတွက်ရည်ရွယ်ကာ အလှူဒါနတစ်ခုပြုခဲ့တာဖြစ်ပါတယ်။ လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖွဲ့စည်းထားတဲ့ ဆောင်းဟေကို ပရိသတ်တွေစုစည်းကာ အလှူငွေများ ကောက်ခံပြီး အဆိုပါ အလှူငွေတွေကို တောင်ကိုရီးယားနိုင်ငံမှာရှိတဲ့ ဆိုးလ်တက္ကသိုလ်ကလေးများဆေးရုံကို လှူဒါန်းခဲ့ပါတယ်။ ကောက်ခံရရှိခဲ့တဲ့ အလှူငွေစုစုပေါင်းကတော့ ကိုရီးယား၀မ် ၁၁၂ သိန်း (အမေရိကန်ဒေါ်လာ ၁၁၂၂၀ခန့်)ဖြစ်ပါတယ်။

အဆိုပါ အလှူငွေတွေကို ဆောင်းဟေကိုရဲ့ မွေးနေ့ဖြစ်တဲ့ ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၂ ရက်က ဆောင်းဟေကိုရဲ့အမည်နဲ့ လှူဒါန်းခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့် - ရေးသားသည်။

နိုင်ငံတကာပြိုင်ပွဲမှ၌ပြိုင်မို့ ကြိုးစားဦးမယ် ယွန်းမိုမို့ကျော်

Miss People 2013 ပြိုင်ပွဲနှင့် Miss Universe Myanmar 2014 ပြိုင်ပွဲများတွင် သရဖူနဲ့ အခြားဆုများရရှိခဲ့တဲ့ အလှမယ်ယွန်းမိုမို့ကျော်ဟာ ယခုအခါ အနုပညာအလုပ်များကို ဆက်တိုက်ဆိုသလို လုပ်ဆောင်လျက်ရှိနေပါတယ်။ ပြည်တွင်းပြိုင်ပွဲတွေမှာ အောင်မြင်မှုများရရှိခဲ့ပြီး နိုင်ငံတကာပြိုင်ပွဲများပါ ထပ်မံယှဉ်ပြိုင်ဖို့ ကြိုးစားနေတဲ့ ယွန်းမိုမို့ကျော်နဲ့ ယခုလို ဆက်သွယ်မေးမြန်းဖြစ်ခဲ့ပါတယ်။

လတ်တလောအနုပညာလှုပ်ရှားမှု -

ကျွန်မ ရှိုးပွဲတွေလက်ခံထားတာရှိတယ်။ ပြက္ခဒိန်တွေ ရိုက်ဖြစ်ပါတယ်။ နောက်ထပ် ပြက္ခဒိန်နှစ်ခုလောက်ရိုက်ဖို့လည်းရှိပါတယ်။ အနုပညာလုပ်ငန်းစလုပ်ဖြစ်တာက ၂၀၁၂ ခုနှစ်မှာ စလုပ်ဖြစ်ပါတယ်။ ကျောင်းတက်နေတဲ့အချိန်ကလွဲလို့ ကျန်တဲ့အချိန်တွေမှာ အနုပညာအလုပ်တွေ လုပ်ဖြစ်ပါတယ်။

အနုပညာအတွေ့အကြုံကရော-

အနုပညာအတွေ့အကြုံကတော့ ကျွန်မပြိုင်ပွဲတွေပြိုင်ရင်း အနုပညာလောကထဲရောက်လာတာပါ။ ပထမဦးဆုံးပြိုင်ပွဲဖြစ်တဲ့ Miss Moe Yan ပြိုင်ပွဲမှာ အခက်အခဲရှိခဲ့ပါတယ်။ အသစ်လည်းဖြစ်တော့ အတွေ့အကြုံလည်း မရှိဘူး။ မော်ဒယ်သင်တန်းလည်းမတက်ဘဲ စပြိုင်ခဲ့တာ။ လမ်းလျှောက်တာကအစ အခက်အခဲတွေရှိခဲ့တာပေါ့။ ပြိုင်ပွဲ နှစ်ပွဲလောက်ပြိုင်ပြီးမှ ဆရာဂျွန်လွင်ဆီမှာ သင်တန်းတက်ဖြစ်တယ်။ တစ်ဆင့်ပြီးတစ်ဆင့် ဖြတ်သန်းလာတာနဲ့အမျှ အတွေ့အကြုံတွေ ရလာခဲ့ပါတယ်။ အစပိုင်းက ပို့စ်တွေလည်း မပေးတတ်ဘူး။ သင်တန်းမတက်ဖူးတော့ ကြုံခဲ့ရတာတွေပါ။ ဆန်ခါတင် ငါးဦးအဆင့်ရောက်ပြီးမှ ပြုတ်တာလည်းရှိတယ်။ ဆုမရတဲ့ ပြိုင်ပွဲတွေလည်းရှိတယ်။ တစ်ခေါက်ပြိုင်ပြီးလို့ နောက်တစ်ခေါက်ပြိုင်ရင် ပြိုင်ပွဲတွေ ဝင်ပြိုင်တာများလာတော့ အတွေ့အကြုံကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပိုရှိလာတယ်။

အမှတ်တရရှိခဲ့တဲ့ ပြိုင်ပွဲအကြောင်းမြောပြပါဦး-

ကျွန်မ ၂၀၁၂ ခုနှစ်က စပြိုင်ခဲ့တယ်။ ပထမဆုံးပြိုင်ခဲ့တဲ့ Miss Moe Yan ပြိုင်ပွဲမှာ ဘာဆုမှမရခဲ့ဘူး။ Top 16 ပဲဝင်တယ်။ နောက်ပြိုင်တာက Miss Christmas ပါ။ Top 5 နဲ့ ပြုတ်သွားတယ်။ နောက်တစ်ခုက Miss People 2013 ဝင်ပြိုင်ဖြစ်တယ်။ ကျွန်မအမှတ်တရဖြစ်တဲ့ ပြိုင်ပွဲကတော့ နှစ်ပွဲရှိတယ်။ Miss People 2013 ပြိုင်ပွဲနဲ့ Miss Universe Myanmar 2014 ပြိုင်ပွဲပါ။ ပထမပွဲ Miss People 2013 မှာ Miss People ဆုရခဲ့တယ်။ Top 3 ရွေးပြီးသွားတဲ့အချိန်မှာ ကျွန်မက ရှေ့မှာ Miss Title ဆုသုံးဆုရပြီးပြီဆိုတော့ မရလောက်တော့ဘူးထင်တာ။ ကျွန်မနဲ့ယှဉ်ပြိုင်ရတဲ့ သူငယ်ချင်းနှစ်ယောက်ကလည်း အလွန်ကောင်းကြတော့ စိုးရိမ်စိတ်တော့ နည်းနည်းဖြစ်တယ်။ အဲဒီမှာလည်း မထင်မှတ်ဘဲ ကျွန်မနာမည် အခေါ်ခံရတော့ အဲဒီအချိန်လေးမှာ တကယ်ကိုဝမ်းသာတယ်၊ ရင်ခုန်မိတယ်။ နောက်တစ်ပွဲက Miss Universe Myanmar 2014 ပြိုင်ပွဲပါ။ အဲဒီ ပြိုင်ပွဲမှာ 1st Runner Up ဆုရတယ်။ Top 5 ဝင်ကတည်းက ရင်တွေခုန်မိနေပြီ။ သူငယ်ချင်းတွေကလည်း တစ်ယောက်တစ်မျိုးစီ အရည်အချင်းရှိကြတော့ ရင်ခုန်မိတယ်။ ကျွန်မ အဲဒီအချိန်တုန်းက ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကိုယ်ကြိုးစားခဲ့တဲ့ ရလဒ်ကိုလက်ခံမယ်လို့ ဆုံးဖြတ်ပြီးသားပါ။ ဒီနှစ်ပွဲလုံးက ဆုရလို့ဆိုပေမယ့် ပြိုင်ပွဲရင်ခုန်မှုကတော့ အဲဒီနှစ်ပွဲက ရင်ခုန်အရဆုံးနဲ့ အမှတ်တရအဖြစ်ဆုံးပါပဲ။

ငယ်ဘဝဖြတ်သန်းမှုကရော-

ဗိုလ်တထောင် အထက(၄)မှာ သူငယ်တန်းကနေ ဆယ်တန်းထိတက်ပြီး ဆယ်တန်းလည်း အဲဒီကျောင်းက အောင်ပါတယ်။ ကျွန်မက သူငယ်တန်းရယ်၊ ပထမတန်းရယ်ပဲ ကျောင်းကပွဲမှာ ကဖူးတယ်။ အနုပညာအလုပ်တွေ လုပ်ဖြစ်တာကလည်း အမေကအားပေးတယ်၊ ပံ့ပိုးပေးတယ်။ ကျွန်မကတော့ ကလေးကတည်းက လူကြောက်တယ်။ တက္ကသိုလ်တက်တဲ့ ပထမနှစ်၊ ဒုတိယနှစ်အထိ လူကြောက်နေတုန်း။ စကားပြောရင်တောင် မျက်နှာကြည့်ပြီး မပြောရဲဘူး။ နောက်ပိုင်း ကျွန်မ ပြိုင်ပွဲဝင်ရင်းနဲ့မှ ပြောင်းလဲလာတာ။ ဆက်ဆံရေးကအစ ပြောင်းလဲသွားတယ်။ အားကစား လုပ်တာကတော့ ရေကူးဖြစ်တယ်။ မိဘတွေက အနုပညာလုပ်ငန်းကို ဝါသနာပါလည်း ကျောင်းပြီးမှလုပ်စေချင်တယ်။ ကျောင်းတက်တုန်းက သိပ်အားပေးတဲ့ပုံမပေါ်ခဲ့ဘူး။ ကျွန်မ G.T.C နောက်ဆုံးနှစ်ရောက်တော့ သန်လျင်မှာတက်တယ်။ ပထမနှစ်ကနေ စတုတ္ထနှစ်အထိကို မန္တလေးမှာတက်ခဲ့တာပါ။ ဒုတိယနှစ်မှာစပြီး အနုပညာ အလုပ်တွေ လုပ်ဖြစ်တယ်။ နှစ်လပိုင်း (ဖေဖော်ဝါရီလ)မှာ ဘွဲ့ယူတော့မယ်။ ကျွန်မက မော်ဒယ်လုပ်ရတာထက် အလှမယ်တစ်ယောက်လုပ်ရတာ ပိုနှစ်သက်တယ်။ ငယ်ငယ်တုန်းကတော့ အနုပညာအလုပ်ကို ဒီလောက်ဝါသနာမပါဘူး။ ဒါပေမယ့် (၈) တန်းလောက်မှာ အလှမယ်ပြိုင်ပွဲတွေကိုသတိထားပြီး စကြည့်မိတယ်။

အလှမယ်တစ်ယောက်ရဲ့ ရပ်တည်မှုကို ဘယ်လိုသုံးသပ်မိလဲ-

အလှမယ်တစ်ယောက်နဲ့ မော်ဒယ်တစ်ယောက်က ကွာခြားတယ်။ မော်ဒယ်တစ်ယောက်က မော်ဒယ်သင်တန်းတက်ပြီး ကိုယ့်နာမည်တက်လာအောင် ဘယ်လောက်ထိ လုပ်နိုင်မလဲဆိုတာကတော့ ကိုယ့်ကြိုးစားမှုပေါ်မှာ မူတည်နေတာပေါ့။ အလှမယ်တစ်ယောက်ကျတော့ စပြိုင်တာနဲ့ ခေါင်းပေါ်ကို Crown မရောက်လာနိုင်ဘူး။ ပထမဆုံးပြိုင်ပွဲပြိုင်ပြီး သရဖူရတဲ့သူကလည်း ရှားပါတယ်။ အဓိကကတော့ အတွေ့အကြုံတွေ အများကြီးယူရတယ်။ ကျွန်မဆိုရင်လည်း ပြည်တွင်းပြိုင်ပွဲသာ ပြိုင်ဖူးသေးတာပါ။ နိုင်ငံတကာပြိုင်ပွဲ မပြိုင်ဖူးသေးပါဘူး။ အဲဒီအတွက်လည်း ကိုယ့်ကိုယ်ကိုယ် အခုထိအားမရသေးဘူး။ ကျွန်မက ယှဉ်ပြိုင်ပြီးမှရတဲ့ သရဖူ (Crown)ကို ပိုသဘောကျတယ်။ အလှမယ်တစ်ယောက်ကတော့ အားလုံးရဲ့ စံပြဖြစ်သင့်တယ်ပေါ့။ အားလုံးက စောင့်ကြည့်နေကြတာဆိုတော့ အနေအထိုင်၊ အပြောအဆို ဆင်ခြင်သင့်ပါတယ်။

ဖြည့်စွက်ပြောလိုတာကရော-

ကျွန်မက နိုင်ငံတကာပြိုင်ပွဲမပြိုင်ဖူးသေးတော့ အဲဒီအတွက် ကြိုးစားကြည့်ချင်သေးတယ်။ တကယ်လို့ ကိုယ့်ကိုယ်ကိုယ် အဆင်သင့်ဖြစ်ပြီလို့ထင်ရင် ပြိုင်ပွဲတစ်ပွဲပြိုင်ဖို့ အစီအစဉ်ရှိတယ်။ ကြိုးစားပြိုင်မယ်။ အနုပညာအလုပ်အနေနဲ့ အခွင့်အရေးပေးသလိုလုပ်သွားပါ့မယ်။ အားပေးတဲ့ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ နောက်ပွဲတွေဝင်ပြိုင်ရင်လည်း ပရိသတ်တွေအနေနဲ့ ဝေဖန်တာတွေ၊ အကြံဉာဏ်ပေးတာတွေ လုပ်ပေးပါလို့ ပြောလိုပါတယ်။

မင်းလှသား

မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၂၆-၁၁-၂၀၁၆(စနေနေ့)

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ Hyper Sports
၈း၃၅ ပန်းပျိုးခင်း(အပိုင်း-၇)
၉း၃၅ Business News
၁၀း၃၅ ကဗျာရိပ်မွှန် "ပျားနဲ့ပန်း"
၁၀း၅၀ "ထွန်းလင်းခဲ့ရာ မြန်မာ့ကျောက်မျက်ရတနာ"
၁၁း၁၅ "ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး" ကမ္ဘလာသီးနှင့် မုန်ညင်းရွက်
၁၁း၃၅ ချစ်စရာအရွယ်ကစားကြမယ်
၁း၂၀ ရတနာစုံညီနေပြည်တော်ဆီ
၂း၂၀ "ရုပ်ရှင်ရိုက်မယ်" (လူ့အခွင့်အရေးလူ့ဂုဏ် သိက္ခာနိုင်ငံတကာရုပ်ရှင်ပွဲတော်) "လမ်းကြောင်းပေါ်မှာ၊ မျက်နှာဖုံးနောက်ကွယ်"
၃း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တံမဲယူလို" (အပိုင်း-၅၀)
၄း၃၅ NHK Programme "ကမ္ဘာကြီးထံမှတန်ဖိုးထား စရာများ" "သလင်းပုံဆောင်ခဲများ"
၄း၅၀ "အမှန်ထင်နေသောအမှား"
၅း၁၅ Football Magazine
၅း၄၀ ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများ၏ ဂျပန်နိုင်ငံလေ့လာရေးခရီးစဉ်
၆း၃၅ Tasty Trip
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြွေဖျိမယ်ရဲ့ မာယာကလဲ့စား"(အပိုင်း-၁၀)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅ အောင်မြင်မှုပန်းတိုင်ဆီချီတက်ပြည်သူ့အတွက်(ထိန်းသိမ်းကာကွယ်သစ်တောပြုန်းတီးမှုအန္တရာယ်)(အပိုင်း-၂)
၉း၀၀ ပြည်တွင်းသတင်း
-ဂီတတံခါးလေးဖွင့်ပါဦး
-ဂီတသမား၊ ဂီတစကား "မိုးဒေဝါ" (ခင်စိုးဝင်း)
-(ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)

မှတ်ချက်။ ။နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

စံချိန်သစ်တစ်ရပ် စိုက်ထူနိုင်တဲ့ ရွန်းနီကို အံ့ဖွယ်မှတ်တမ်းရှင်အဖြစ် မော်ရင်ဟိုချီးကျူး

ဖီယင်နော့ဒ်အသင်းနှင့် ယူရိုပါလိဂ် ပွဲစဉ်အပြီးတွင် မန်ယူနည်းပြ မော်ရင်ဟိုက အသင်းခေါင်းဆောင် ဝိန်းရွန်းနီ၏ ဥရောပ စံချိန်သစ်တစ်ရပ် စိုက်ထူနိုင်မှုကို အံ့အားသင့်ဖွယ်ရာ မှတ်တမ်းအဖြစ် ချီးကျူးခဲ့သလို ကွင်းလယ်ကစားသမား အမ်ခီတာယန်ကိုလည်း ရှားရှားပါးပါး ချီးမွမ်းစကားဆိုခဲ့သည်။

ရွန်းနီမှာ ဖီယင်နော့ဒ်အား လေးဂိုးပြတ်ဖြင့် အနိုင်ယူခဲ့သည့် ယူရိုပါလိဂ်ပွဲစဉ်တွင် အဖွင့်ဂိုးကို သွင်းယူပေးနိုင်ခဲ့ပြီးနောက် မန်ယူအသင်းအတွက် သူ၏ ဥရောပသွင်းဂိုး ၃၉ဂိုးအထိရှိလာပြီဖြစ်ရာ မန်ယူအသင်း၏ ဥရောပသွင်းဂိုးအများဆုံးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းသစ်တစ်ရပ် စိုက်ထူနိုင်ခဲ့သည်။

ရွန်းနီမှာ အဆိုပါပွဲစဉ်တွင် သူနှင့် စံချိန်တူ တိုက်စစ်မှူးဟောင်း ရုဗန်နစ္စတယ်ရွိုင်း၏ ဥရောပသွင်းဂိုး ၃၈ ဂိုး စံချိန်ကို ကျော်လွန်သွားခဲ့ခြင်းဖြစ်သလို မန်ယူရဲ့ ထာဝရ အများဆုံးသွင်းဂိုးစံချိန်ရှင် ဆာဘော်ဘီချာလ်တန်၏ ၂၈၉ ဂိုးကို လိုက်မီရန် တစ်ဂိုးသာ လိုတော့သည်။ ဗန်နစ္စတယ်ရွိုင်းသည် မတူညီသည့် ကလပ်အသင်းများနှင့် ချန်ပီယံလိဂ်သွင်းဂိုး ၆၅ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်ပြီး မန်ယူအတွက် ဥရောပသွင်းဂိုး ၃၈ဂိုးသွင်းယူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ရွန်းနီမှာ ရာသီအစ ခြေစွမ်းပျော်ဆုံးမှုများကြောင့် ကစားသမားဘဝ ပြီးဆုံးသွားပြီဖြစ်ပြီး သူ့အတွက်နေရာ ရှာပေးနေရသော နည်းပြများအတွက်ရွန်းနီမှာ ဝန်ထုပ်ဝန်ပိုးကစားသမားအဖြစ် ဝေဖန်ခဲ့ကြသည်။ သို့သော် ရွန်းနီက ယခုပွဲစဉ်တွင် အဖွင့်ဂိုးကို ကိုယ်တိုင်သွင်းယူခဲ့သလို မာတာသွင်းယူသည့် ဒုတိယဂိုးကိုလည်း ဖန်တီးပေးခဲ့ခြင်းဖြင့် အဆိုပါ ဝေဖန်မှုများကို ရပ်တန့်စေခဲ့သည်။ မန်ယူအသင်း ယခုကဲ့သို့ ဂိုးပြတ်နိုင်ပွဲတစ်ပွဲကို ဖန်တီးနိုင်ခြင်းမှာ အမ်ခီတာယန်၏ ခြေစွမ်းပြသမှုကြောင့်ဖြစ်ပြီး မန်ယူသည် ယခုပွဲစဉ်ကို အနိုင်ရခဲ့သဖြင့် ယူရိုပါလိဂ် ၃၂ သင်းအဆင့်သို့ တက်ရောက်ခွင့်ရရန် နီးစပ်သော အခြေအနေတစ်ရပ်ကို ပိုင်ဆိုင်နိုင်ခဲ့ပြီဖြစ်သည်။

စတီဗင်ဂျာရတ် အနားယူပြီဟု ကြေညာခဲ့အပြီး မန်ယူ၊ ချယ်လ်ဆီးနဲ့ အာဆင်နယ် ပရိသတ်တွေပျော်ရွှင်ခဲ့ကြ

လီဗာပူးဂန္ထဝင်ကစားသမားဖြစ်သူ အသင်းခေါင်းဆောင်ဟောင်း စတီဗင်ဂျာရတ် ဘောလုံးကစားခြင်းမှ အနားယူပြီဟု ကြေညာခဲ့အပြီးတွင် လီဗာပူးပြိုင်ဘက်အသင်းများဖြစ်သည့် မန်ယူ၊ အာဆင်နယ်နှင့် ချယ်လ်ဆီးပရိသတ်များက လူမှုကွန်ရက်စာမျက်နှာများတွင် ယင်းမှာ သတင်းကောင်းတစ်ရပ်ဖြစ်သည်ဟု လှောင်ပြောင်ရေးသားခဲ့သည်။ ဂျာရတ်မှာ ၁၉ နှစ်တာကာလကျင်လည်ခဲ့သော ကစားသမားအဖြစ်မှ အနားယူပြီဟု နိုဝင်ဘာ ၂၅ ရက်တွင် တရားဝင်ကြေညာခဲ့ခြင်း ဖြစ်သည်။



ဂျာရတ်သည် လွန်ခဲ့သည့် တစ်နှစ်ခွဲကာလက လီဗာပူးအသင်းမှ အမေရိကန်မေဂျာလိဂ် အယ်လ်အေဂလက်စီအသင်းကို ပြောင်းရွှေ့သွားပြီးနောက် နိုဝင်ဘာလဆန်းပိုင်းတွင် အယ်လ်အေဂလက်စီမှ ထွက်ခွာလာခဲ့သော်လည်း ဘောလုံးဆက်ကစားမည်လား၊ နည်းပြလုပ်ငန်းပြောင်းလဲလုပ်ကိုင်မည်လား၊ အားကစား အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်မည်လား ဆိုသည်ကို တိတိကျကျ ထုတ်ဖော်မပြောကြားခဲ့ပေ။ ဂျာရတ်အယ်လ်အေဂလက်စီမှ ထွက်ခွာလာချင်းပင် အမ်ကေဒွန်းစ်အသင်းမှ နည်းပြအဖြစ်ဆောင်ရွက်ရန် ကမ်းလှမ်းခဲ့သော်လည်း အချိန်မကျသေးဟု ယူဆသဖြင့် ငြင်းပယ်ခဲ့ခြင်းဖြစ်ကြောင်း ဂျာရတ်က ဆိုသည်။

ဂျာရတ်က အင်္ဂလန်၊ လီဗာပူးနှင့် ဂလက်စီအသင်းတို့အတွက် ကစားခဲ့သည့်အချိန်တိုင်းမှာ ၎င်းအတွက် မှတ်တိုင်များဖြစ်ခဲ့ပြီး အထူးသဖြင့် ငယ်အိပ်မက်ဖြစ်သည့် လီဗာပူးအသင်း အနီရောင်ဂျာစီကို ဝတ်ဆင်ကစားခွင့်ရချင်သည့်ဆန္ဒကို ဖြည့်ဆည်းနိုင်ခြင်းမှာ အင်မတန် ကံကောင်းခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းသို့ ဂျာရတ်အနားယူသည်ဆိုသည့် သတင်းက လူမှုကွန်ရက်များတွင် ရိုက်ခတ်မှုရှိခဲ့ပြီး အာဆင်နယ်၊ ချယ်လ်ဆီးနှင့် မန်ယူအသင်းပရိသတ်များက ၎င်းတို့အားပေးသည့် အသင်းများရှိ ကွင်းလယ်ကစားသမားများနှင့် ဂျာရတ်ကို ခိုင်းနှိုင်း၍ ပရီမီယာလိဂ် ဆွတ်ခူးနိုင်ခြင်းမရှိခဲ့သည့် ဂျာရတ်ကို လှောင်ပြောင်သရော်ရေးသားခဲ့ကြသည်။ အာဆင်နယ်ပရိသတ်များက ဂျာရတ်မှာ ဗီအဲရာ၊ ဖာဘရီဂတ်စ်တို့လောက် မကောင်းဟူ၍လည်းကောင်း၊ မန်ယူပရိသတ်များက ပေါလ်စခိုးလ်နှင့် နှိုင်းယှဉ်ရေးသားခဲ့ကြသလို ဂျာရတ်၏ လွဲချော်မှုများကြောင့် လီဗာပူးအသင်း ပရီမီယာလိဂ်ချန်ပီယံအဖြစ် တစ်ကြိမ်တစ်ခါမျှ အောင်ပွဲခံနိုင်ခြင်းမရှိဟု ချယ်လ်ဆီးပရိသတ်များက လှောင်ပြောင်ခဲ့ကြသည်။

ဂျာရတ်မှာ လီဗာပူးအတွက် ၇၁၀ ပွဲ ဝင်ရောက်ကစားပေးခဲ့ပြီး ချန်ပီယံလိဂ်၊ အက်ဖ်အေစသည့် စုစုပေါင်း ဖလားကိုးလုံးရယူပေးနိုင်ခဲ့သော်လည်း ပရီမီယာလိဂ် ချန်ပီယံအဖြစ် တစ်ကြိမ်တစ်ခါမျှ အောင်ပွဲမခံနိုင်ခြင်းမရှိခဲ့ရာ ယင်းကိစ္စရပ်ကို ဂျာရတ်၏ အားနည်းချက်အဖြစ် မန်ယူ၊ ချယ်လ်ဆီးနှင့် အာဆင်နယ် ပရိသတ်များက အဓိက ပစ်မှတ်ထားသရော်ခဲ့ကြခြင်းဖြစ်သည်။ သို့သော် ယင်းသို့ သရော်ရေးသားမှုတွင် မန်စီးတီး ပရိသတ်များ ပါဝင်ခြင်းမရှိခဲ့သည်ကို တွေ့ရသည်။ ဂျာရတ်နှင့် တွဲဖက်ကစားခဲ့ဖူးသည့် ဘာစီလိုနာတိုက်စစ်မှူး ဆွာရက်ဇ်ကမူ "အသင်းခေါင်းဆောင်သို့၊ အသင်းဖော်သို့၊ သူငယ်ချင်းသို့" ဟူသော ခေါင်းစဉ်တပ်၍ ဂျာရတ်၏ ကူညီခဲ့မှု များကြောင့် ညီအစ်ကိုရင်းကဲ့သို့ ချစ်ခင်ရကြောင်း ဂျာရတ်ကို တွစ်တာစာမျက်နှာမှတစ်ဆင့် ဂုဏ်ပြုရေးသားခဲ့သည်။

မေလဲ့သင်း - ရေးသားသည်

နိုဝင်ဘာ ၂၆/၂၇ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

ပရီမီယာလိဂ် ပွဲစဉ် - ၁၃

ဘန်လေ - မန်စီးတီး	ည-၇း၀၀
ဟားလ်စီးတီး - ဝက်စ်ဘရွန်း	ည-၉း၃၀
လက်စတာ - မစ်ဒယ်ဘရော့	ည-၉း၃၀
လီဗာပူး - ဆန်းဒါးလန်း	ည-၉း၃၀
ဆွမ်းဆီး - ခရစ္စတယ်ပဲလေ့စ်	ည-၉း၃၀
ချယ်လ်ဆီး - စပါး	ည-၉း၃၀

လာလီဂါ ပွဲစဉ် - ၁၃

မာလာဂါ - ဒီပို့တီပို	ည-၆း၃၀
အက်စပန်ညို - လီဂါနက်	ည-၁၂း၀၀

ဘီးရီးအေ ပွဲစဉ် - ၁၄

တိုရီနို - ချီယေပို	ည-၁၁း၃၀
အမ်ပိုလီ - အေစီမီလန်	နံနက်-၂း၁၅

ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၂

မိုချင်ဂလက်ဘတ် - ဟော့ဖန်ဟိမ်း	ည-၉း၃၀
ကိုလုံး - အော့စ်ဘတ်	ည-၉း၃၀
ဟမ်းဘတ် - ဝါဒါဘရီမင်	ည-၉း၃၀
အင်ဂျဲစတက် - ဝုဖ်ဘတ်	ည-၉း၃၀
ဖရန့်ဖတ် - ဒေါ့မွန်	ည-၉း၃၀
ဘိုင်ယန်မြူးနစ် - လေဗာကူဆင်	ည-၉း၃၀

မောင်မောင်ဇော်

ဘာစီလိုနာ မိမိအပေါ် မှီတည်နေခြင်းမဟုတ်ဟု မက်ဆီ ရှင်းလင်း

မက်ဆီက ဘာစီလိုနာသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးအသင်းဖြစ်သောကြောင့် ရလဒ်ပိုင်းအတွက် မိမိအပါအဝင် မည်သည့် ကစားသမားတစ်ဦးတစ်ယောက်အပေါ်တွင်မှီတည်နေမှုမရှိဟု အက်ဒီးဒက်စ်အားကစားပစ္စည်းများ အရောင်းမြှင့်တင်ရေး အစီအစဉ်တွင် ရှင်းလင်းပြောကြားလိုက်သည်။ ဘာစီလိုနာအသင်းသည် မက်ဆီမပါဝင်သော ပွဲများဆိုလျှင် ယခုထိ ရလဒ်ပိုင်း မတည်ငြိမ်သေးဘဲ မက်ဆီ ပြန်လည်ဝင်ရောက်ကစားနိုင်သည့် ဆဲလ်တစ်အသင်းနှင့် ချန်ပီယံလိဂ် ပွဲစဉ်တွင် မက်ဆီ၏သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ သချိုင်္ဂနည်းအရ မက်ဆီကို မှီတည်နေသည့် ဘာစီလိုနာအဖြစ် အားလုံးက ရှုမြင်ကြခြင်းဖြစ်သည်။

သို့သော် မက်ဆီက မိမိပါဝင်သည့် မန်စီးတီးနှင့်ပွဲစဉ်တွင်လည်း ရှုံးပွဲကြုံတတ်ပြီး အသင်းတစ်ခုအနေဖြင့် ဘောလုံးပိုင်ဆိုင်မှု ဆုံးရှုံးလျှင် ရလဒ်ကောင်းရန် ခဲယဉ်းတတ်ကြောင်းသာ တုံ့ပြန်လိုက်သည်။ မက်ဆီက ဘာစီလိုနာဘက်မှ စာချုပ်သက်တမ်းတိုးမြှင့်ရန် ကမ်းလှမ်းသည့်အကြောင်းကို ဖြေကြားခြင်းမပြုခဲ့ဘဲ ဆိုစီဒက်နှင့် ယှဉ်ပြိုင်ရမည့် လာလီဂါ ပွဲစဉ်(၁၃)အတွက်သာ အာရုံစိုက်ထားသည်ဟု ပြောကြားခဲ့သည်။ ဘာစီလိုနာသည် ဆိုစီဒက်အသင်းကို ၂၀၀၇ခုနှစ်နောက်ပိုင်း အနိုင်ကစားနိုင်ခဲ့ခြင်းမရှိရာ ဘာစီလိုနာအသင်းအတွက် အမှန်တကယ် ခက်ခဲမည့်ပွဲစဉ် ဖြစ်သည်။

သုံးလအနားယူရတော့မည့် ဂါရတ်ဘေးလ်

စပို့တင်းလစ္စဘွန်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်၌ ရီးယဲလ်စတား ဂါရတ်ဘေးလ် ရရှိခဲ့သည့် ခြေချင်းဝတ်ဒဏ်ရာမှာ ခွဲစိတ်ကုသရန် လိုအပ်သဖြင့် အနည်းဆုံး သုံးလခန့်အနားယူရတော့မည် ဖြစ်သည်။ ဂါရတ်ဘေးလ်သည် ညာခြေချင်းဝတ်အရွတ် ပျက်စီးပြီး နေရာလွဲသွားခြင်းဖြစ်သည်ဟု ရီးယဲလ်မက်ဒရစ်အသင်းဘက်မှ ဗုဒ္ဓဟူးနေ့တွင် ကနဦးသတင်းထုတ်ပြန်ခဲ့ပြီးနောက် ယင်းဒဏ်ရာကို ခွဲစိတ်ကုသရမည်ဟု ရီးယဲလ်ဆေးအဖွဲ့က ကြာသပတေးနေ့တွင် ထပ်မံကြေညာခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ဂါရတ်ဘေးလ် ကာလကြာရှည် အနားယူရမည့် ကိစ္စရပ်မှာ ရီးယဲလ်မက်ဒရစ်အတွက် သတင်းဆိုးတစ်ရပ်ဖြစ်ခဲ့ပြီး ဘေးလ်နေရာတွင် အစားထိုးကစားနိုင်မည့်ကစားသမား တစ်ဦးကို နည်းပြဇီဒန်းအစီအမံချရတော့မည်ဖြစ်သည်။

နိုဝင်ဘာ ၂၉ ရက် လန်ဒန်မြို့ရှိ အပ်ဒပ်ဘုရင့်ဆေးရုံတွင် ကလပ်အသင်းဆရာဝန်ကြီးဆပ်ဇ်အော်လ်မိုနှင့် အမ်ဘာရီတို့၏ ကြီးကြပ်မှုဖြင့် ဒေါက်တာဂျိမ်းစ်ကယ်လ်ဒါက ခွဲစိတ်မှုကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ဂါရတ်ဘေးလ်အနေဖြင့် သုံးလမှလေးလကြား အနားယူရတော့မည်ဖြစ်ရာ ဒီဇင်ဘာ ၃ ရက် ဘာစီလိုနာနှင့် ဂလက်စီတို့ ပွဲစဉ်ကို လွဲချော်မည်ဖြစ်သကဲ့သို့ ဒေါ့မွန်နှင့် ချန်ပီယံလိဂ်အုပ်စု နောက်ဆုံးပွဲစဉ်ကိုပါ လွဲချော်ရန်သေချာနေပြီဖြစ်သည်။

စပို့တင်းလစ္စဘွန်းနှင့် ပွဲစဉ်တွင် ဂါရတ်ဘေးလ်မှာ ခြေချင်းဝတ်ဒဏ်ရာကြောင့် အဆန်စီရိုနှင့် လူစားလဲခံခဲ့ရပြီးနောက် ဂလက်စီကိုနှင့် ပွဲစဉ်ကို ဂါရတ်ဘေးလ် လွဲချော်မည်လားဆိုသည့် မေးခွန်းမှာ အားလုံးအတွက် စိတ်ဝင်စားစရာ မေးခွန်းတစ်ရပ် ဖြစ်လာခဲ့ပြီးဖြစ်သည်။ သို့သော် ယခုကဲ့သို့ ကာလကြာရှည် အနားယူရတော့မည် ဖြစ်ခြင်းကြောင့် ချန်ပီယံ လိဂ် ၁၆သင်း ရှုံးထွက် အဆင့် ပွဲစဉ်များကိုပါ ဘေးလ်လွဲချော်ရန် သေချာနေပြီဖြစ်သည်။ ဘေးလ်သည် ယခုနှစ် ဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အတွက် ပြိုင်ပွဲစုံ စုစုပေါင်း ၁၆ ပွဲတွင် သွင်းဂိုး ခုနစ် ဂိုးသွင်းယူပေးထားသူဖြစ်ပြီး လီဂီယာ ဝါဆောအသင်းဘက်သို့ ဘေးလ် သွင်းယူခဲ့သည့် သွင်းဂိုးမှာ ချန်ပီယံလိဂ် ပွဲစဉ် (၄) အလှပဆုံးသွင်းဂိုးအဖြစ် ရွေးချယ်ခံခဲ့ရသည်။

အလဲပင်းမီဒီယာဂရုပ်၏စီအီးအိုနှင့် အယ်ဒီတာချုပ်တို့အမှုအား စတင်တရားစွဲဆို အာမခံလျှောက်ထားမှုအပေါ် လာမည့်ရုံးချိန်းတွင် အဓိန့်ချမှတ်မည်

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆက်သွယ်ရေးဥပဒေဖြင့် အမှုဖွင့်ထားသော Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့အမှုအား ယနေ့မွန်းလွဲပိုင်းက တာမွေမြို့နယ် တရားရုံး၌ စတင်တရားစွဲဆိုခဲ့ပြီး အာမခံလျှောက်ထားမှုအပေါ် လာမည့်ရုံးချိန်းတွင် အဓိန့်ချမှတ်သွားမည် ဖြစ်ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

"မြို့နယ်ရဲက ဒီနေ့တရားစွဲတင်တယ်။ ဒီနေ့ကတော့ စစ်တာမဟုတ်ပါဘူး။ စွပ်စွဲခံရသူနှစ်ဦးက အာမခံလျှောက်တယ်။ လျှောက်ထားတာကို လျှောက်လဲချက်ကြားနာပြီး အာမခံလျှောက်ထားခြင်းအတွက် အဓိန့်ချမှတ်ဖို့ ပြန်လည်ချိန်းဆိုတာပါ"ဟု တာမွေမြို့နယ်တရားသူကြီးက အဆိုပါအမှုနှင့်ပတ်သက်၍ ပြောသည်။

အဆိုပါအမှုကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး ဦးမိုးဟိန်းက တရားလိုပြုလုပ်၍ Eleven Media Group ၏ CEO ဒေါက်တာ သန်းထွဋ်အောင်နှင့် အယ်ဒီတာချုပ် ဦးဝေဖြိုးတို့အား ဆက်သွယ်ရေး ဥပဒေပုဒ်မ-၆၆(ဃ) ဖြင့် အမှုဖွင့်လှစ်ခဲ့သဖြင့် အမှုမှစွပ်စွဲခံရသူနှစ်ဦးအား နိုဝင်ဘာ ၁၁ ရက် ညနေပိုင်းတွင် တာမွေမြို့နယ်တရားရုံးသို့ပို့ဆောင်ကာ သက်ဆိုင်ရာက ချုပ်ရက်ရမန်ယူခဲ့သည်။

ယနေ့တွင် ချုပ်ရက် ရမန်ပြည့်သည့်အတွက် တာမွေမြို့နယ် ရဲစခန်းက ယနေ့ မွန်းလွဲတစ်နာရီခန့်တွင် တရားစွဲဆိုတင်ပို့ခဲ့သဖြင့် တာမွေမြို့နယ်တရားရုံး၏ ရာဇသတ်ကြီး အမှုအမှတ်-၈၁၅/၂၀၁၆ ဖြင့် လက်ခံစစ်ဆေးလျက်ရှိရာ တရားခွင်၌ Eleven Media Group မှ CEO ဒေါက်တာ သန်းထွဋ်အောင်၏ အကျိုးဆောင်ဖြစ်သူ တရားလွှတ်တော်ရှေ့နေ ဦးကျော်လင်းက စွပ်စွဲခံရသူ ၎င်း၏ အမှုသည်မှာ ကျန်းမာရေးမကောင်းကြောင်း၊ အစာအိမ်နှင့် နှလုံးသွေးကြောကျယ်သည့် ဝေဒနာနှင့် လည်ပင်းကျိုပေါင်း၊ အစာအိမ်ရောဂါတို့ဖြစ်ပွားနေသည့်အတွက် ဆေးကုသနေရကြောင်း၊ နှလုံးရောဂါကြောင့် အချိန်မရွေးသေဆုံးသွားနိုင်ကြောင်း၊ ထောင်ကြီးချုပ်အတွင်းမှာပင် ဆေးဝါးကုသမှုခံယူနေရကြောင်း၊ ဆေးကုသခဲ့မှုမှတ်တမ်းများကိုလည်း ရုံးတော်သို့တင်ပြထားပြီး ဖြစ်ကြောင်း၊ ထို့အပြင် ၎င်း၏ အမှုသည်မှာ ထွက်ပြေးတိမ်းရှောင်မည့်သူမဟုတ်သည့်အတွက် အာမခံပေးသင့်ကြောင်း၊ ယင်းကဲ့သို့ အမှုမျိုးကို ပြီးခဲ့သည့်ရက်ပိုင်းအတွင်းကလည်း ပြည်မြို့နှင့် လှည်းကူးမြို့နယ်တရားရုံးတို့က အာမခံပေးခဲ့သည့် သာဓကများရှိကြောင်းတို့ကို မြို့နယ်တရားသူကြီးထံ တင်ပြလျှောက်ထားပြီး အာမခံပေးရန် လျှောက်လဲချက်ပေးခဲ့သည်။

ထို့အတူ Eleven Media Group မှ အယ်ဒီတာချုပ် ဦးဝေဖြိုး၏ အကျိုးတော်ဆောင်ဖြစ်သူ တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်ကလည်း စွပ်စွဲခံရသူ ၎င်း၏ အမှုသည်အတွက် အာမခံပေးရန် တင်ပြလျှောက်ထားခဲ့သဖြင့် မြို့နယ်တရားသူကြီးက အာမခံပေးရန် လျှောက်ထားမှုအပေါ် လာမည့် ရုံးချိန်း (နိုဝင်ဘာ ၃၀ ရက်) တွင် အဓိန့်ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ အာမခံရဖို့ လျှောက်လဲချက်ပေးခဲ့တယ်။ ဒေါက်တာသန်းထွဋ်အောင် ကျန်းမာရေး မကောင်းဘူးဆိုတာ ဆရာဝန်ထောက်ခံချက်နဲ့ တင်ပြခဲ့တယ်။ နေပြည်တော်က တရားရုံးမှာတုန်းကလည်း ဆေးစာတွေနဲ့ တင်ပြခဲ့တုန်းက အာမခံပေးခဲ့ဖူးတဲ့အတွက် အခုလည်း အာမခံပေးသင့်ပါတယ်လို့ လျှောက်လဲချက်ပေးခဲ့ပါတယ်"ဟု ဦးဝေဖြိုး၏ အကျိုးတော်ဆောင်ဖြစ်သူ တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်က ဆိုသည်။

ဇော်ကြီး(ပဇိတ)

ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယာဉ်တိမ်းမှောက်

နေပြည်တော် နိုဝင်ဘာ ၂၅

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၂၀၅/၆) နှင့် (၂၀၅/၇) အကြားတွင် မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ယာဉ်မောင်း သန်းဇော်ဦး မောင်းနှင်လာသော ODYSSEYမော်တော်ယာဉ်မှာ ယနေ့နံနက် ၁၀ နာရီခွဲက ယာရှေ့ဘီးပေါက်ပြီး အရှိန်မထိမ်းနိုင်ဘဲ လမ်းယာဘက်မြေသားပေါ် သို့တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ ခြောက်ဦးစလုံး ဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား ကြက်ခြေနီတပ်ဖွဲ့ပိုင်မော်တော်ယာဉ်၊ အမြန်လမ်းအရေးပေါ်စောင့်ရှောက်ရေး မော်တော်ယာဉ်၊ အမြန်လမ်းတပ်ဖွဲ့ပိုင်မော်တော်ယာဉ်များဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)

မောင်တောမြို့နယ်အတွင်း WY စာတန်းပါ စိတ်ကြွဆေးပြား ၆၈၂၅၀ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၅

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ယမန်နေ့ည ကလောင်းလှေ တစ်စင်းပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၂၅၀ သိမ်းဆည်းရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ည ၁၁ နာရီက မောင်တောမြို့နယ် ကညင်ချောင်းဝမှတပ်ချောင်း ဘက်သို့ ကင်းလှည့်စဉ် မသက်ာဖွယ်ရာလှေတစ်စင်းနှင့် လူသုံးဦးခန့်အား တွေ့ရှိသဖြင့် မီးအချက်ပြခေါ်ယူ ခဲ့သော်လည်း လာရောက်ခြင်းမရှိ၍ လက်နက်ငယ် ငါးချက်ခန့် ခြောက်လှန့်ပစ်ခတ်ပြီး လိုက်လံဖမ်းဆီးရာ ဓနိတောအတွင်းသို့ ထွက်ပြေးသွားခဲ့ကြောင်း၊ အဆိုပါ အလျားပေ ၂၀ နှင့် အနံ သုံးပေရှိ လက်ခတ်လောင်းလှေအား ကမ်းစပ်တွင် သိမ်းဆည်းရမိပြီး လှေပေါ်မှ တိပ်အဝါဖြင့် ပတ်ထားသော အထုပ်ခုနစ်ထုပ်အတွင်းရှိ WY စာတန်းပါပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၆၈၂၅၀၊ ကာလတန်ဖိုး ငွေကျပ် ၁၃၆၅ သိန်းခန့်အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

The VOICE weekly

အပတ်စဉ် စနေနေ့တိုင်း ထွက်ပြီ

သတင်း : 01- 242424, 389207, 09 9772 04248.
ကြော်ငြာ : 09 4211 07770, 09 517 6835.
ဖြန့်ချိရေး : 09 4211 18327
webiste : http//www.thevoicemyanmar.com

တစ်ဦးတည်းပြစ်ခြင်း

ဦးထိပ်တင် (၁၀/မလမ(နိုင်)၀၂၇၄၀၁)၏သမီးဖြစ်သူ မသူသူခိုင် (ခ) မသင်းသင်းမော်(၁၀/မလမ(နိုင်)၀၀၁၁၆၇)သည်တစ်ဦးတည်းဖြစ်ကြောင်း ကြော်ငြာ အပ်ပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဟံသာဝတီရပ်ကွက်၊ အောင်မြေသာ ၂ လမ်း၊ အမှတ် (၄၄၂)နေ ဦးတိုးလွင်၏ သမီး မမေ၍ လိုင်တိုး [၇/ပခန(နိုင်)၃၄၂၄၀၂]နှင့် မမေ့လိုင်တိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ပျော်ပျော်နေသေခဲ့သည် သောကြာဖတ်သော်ပျော်ရမည် စာဖောင် ၂၀၁၆-ခု၊ ဒီဇင်ဘာလထုတ် ဖြန့်ချိရေး - မြို့တွင်းနှင့်ရုံတကယ အမှတ်-၁၉၄၊ ၂၉-လမ်း(အလယ်)၊ မန်းဘဲတန်းမြို့နယ်၊ ဖုန်း-၀၉ ၅၁၃၉၄၅၈၊ ၀၉ ၄၁၅၅၇၄၄ ပန္နလေး - ထွန်းဦးစာပေ၊ နွဲ့ဂျီးစာပေ ဇော်လမြိုင် - ကျော်ကျော်စာပေ ထွက်နေပြီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆ဒီ-၊ မြေကွက်အမှတ်-Southern ½ of V Class 51 နှင့် Northern ½ of V Class 51မြေကွက်တည်နေရာအမှတ် (၁၃၀/၁၃၂) (၃၁)လမ်းအလယ် (၁၀)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ် ဒါဝတ်အီဘရာဟင်ဘက္ကီးယား အမည်ပေါက် မြေပိုင်မြေအမျိုးအစား မြေကွက်ဖြစ်ပါသည်။ (ဖခင်) ဒါဝတ်ဟီဘရာဟင်ဘက္ကီးယား(ခ) D.E ဘာဂီရား (UCC No 70/1952)(CC -၀၃၀၄၀) သည် (၁၁-၂-၁၉၉၀)ရက်တွင်လည်းကောင်း၊ (မိခင်)ဒေါ်စိုင်မွန်နာဘီဘီသည် ၂၆-၈-၁၉၄၇ရက်တွင်လည်းကောင်း ကွယ်လွန်ခဲ့ပြီး ၎င်းတို့၌ (၁)ဦးအိုင်ဒီဘာဂီးရား၊ (၂)ဒေါ်ဖာတာမာဘီဘီ၊ (၃) E.D ဘာဂီယား၊ (၄)ဒေါ်အမီနာဘီဘီတို့ လေးဦးတို့ မွေးဖွားခဲ့ရာ သမီး ဒေါ်ဖာတမာဘီဘီ၁၂/ပဘတ(နိုင်)၀၂၃၀၇၂သည် ၂၀-၂-၂၀၀၂ ရက်တွင်လည်းကောင်း ၎င်း၏ခင်ပွန်း ဒါဝတ်ဟာခိုကြီး(ခ) ဦးကျော်ဝင်းသည် (၂၃-၁၁-၁၉၇၈)ရက်တွင်လည်းကောင်း ကွယ်လွန်ခဲ့၍ ဒေါ်ဖာတမာဘီဘီ၏သားနှစ်ဦးဖြစ်သော ဦးလှဝင်း[၁၂/ဒဂန(နိုင်)၀၂၃၄၀]၊ ဦးမျိုးဝင်း[၁၂/ဒဂန(နိုင်)၀၂၂၃၄၂]တို့နှင့်အတူ အမည်ပေါက်၏ကုန်သားသမီးများဖြစ်သော ဦးအိုင်ဒီဘာဂီးရား[၁၂/ပဘတ(နိုင်)၀၂၄၆၁၁]၊ E.Dဘာဂီယား[၁၂/ပဘတ(နိုင်)၀၂၄၄၂]နှင့် ဒေါ်အမီနာဘီဘီ[၁၂/ပဘတ(နိုင်)၀၂၇၀၈၂]တို့မှ ၎င်းတို့သာ အမွေဆက်ခံကြောင်းနှင့် ၎င်းတို့မှလွဲ၍ အမွေဆက်ခံသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း ကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ၊ သေဆုံးကြောင်း အထောက်အထား၊ မြေအမည်ပေါက် စာချုပ်အမှတ်-၆၇၅/၁၉၆၆ နှင့် အိမ်ထောင်စုစာရင်းတို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံး

ကျွန်တော် သီဟမင်းညီ CDC-64191 ၏ BST-31941/06 နှင့် EDH-14872/06 လက်မှတ်မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-09-253721801

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပြည်မြို့၊ လှိုင်ဂါတ်လမ်းနေ ဒေါ်ရီရီမြင့်၏သားဖြစ်သူ မောင်ဇော်မင်းဦး[၇/ပမန(နိုင်)၁၂၀၁၄၃]သည် မိခင်၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ပါကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်ငင်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

မိခင်-ဒေါ်ရီရီမြင့်

ရုံးသုံးပရိဘောဂများ (တစ်နှစ်ခန့်အသုံးပြုပြီး) ရောင်းမည်

(၁) စားပွဲ၊ ကုလားထိုင်၊ ဘီရို - (၄၅)စုံ
(၂) A/C - (၂၀)စုံ

ဆက်သွယ်ရန် ကိုသန့်စင်
ဖုန်း-၀၉-၂၅၀၆၀၃၁၂

ဖခင်အမည်ပွန်

နည်းပညာတက္ကသိုလ်(သန်လျင်) စက်မှုအင်ဂျင်နီယာ (တတိယနှစ်)တွင် ပညာသင်ကြားနေသည့် မောင်ရဲရင့်ပိုင် ဖခင် ဦးကျင်စိုး၏အမည်ပွန်မှာ ဦးကြင်စိုး [၁၂/မအန(နိုင်)၀၁၆၂၄၉] ဖြစ်ပါသည်။

ဦးကြင်စိုး[၁၂/မအန(နိုင်)၀၁၆၂၄၉]

ဝယ်လိုသည်

- ကားအပ်ပြီးစလစ်၊ တိုက်ကျေ၊ ယာဉ်အို၊ မီနီ၊ R+ဆလွန်း တရုတ်အားမာန်(မြက်ခရိုဘတ်)

ဖုန်း-၀၉-၄၄၈၀၀၃၃၇၇

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ သုခလမ်း၊ မြေကွက်အမှတ်(၇၆၈)ဟုခေါ်တွင်သော (၄၀ပေ×၆၀ပေ)အကျယ်ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလအမည်ပေါက် ဒေါ်စန်းစန်းချစ်ထံမှ အရပ်စာချုပ်အဆက်ဖြင့် ဝယ်ယူထားသူဦးသန်းနိုင်ဦး[၁၂/စခန(နိုင်)၀၂၉၀၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဦးအောင်ဇော်ထွန်း[၁၁/သတထ(နိုင်)၀၅၄၀၉၃]ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူပြီး ရောင်းဖိုးငွေကို အပြေကျေပေးချေထားပြီး ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်တို့ကို အမည်ပြောင်းဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့အထောက်အထားစာရွက်စာတမ်းမူရင်း ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ပြည့်မြောက်လျှင် အမည်ပြောင်းဆောင်ရွက်ခြင်းကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးအောင်ဇော်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထင်လင်းနိုင် (LL.B,DBL)
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၁၂)
ရုံး-တိုက်(၉/၁၁)၊ အခန်းအမှတ်(၀၀၅-B)
၃ဝလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Hp: ၀၉-၅၀၃၉၃၀၆၊ ၀၉-၇၈၅၀၃၉၃၀၆၊ ၀၉-၉၆၅၀၃၉၃၀၆

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး

ကြောင်ကွဲ ကြည်နူးစရာ စာကလေး တစ်ညှိုတစ်ထွာ

မနေ့က အောင်စည်သာကျောင်းက ဘုန်းကြီးတစ်ပါးကို မခင်အေးလွင် ပင့်လာတယ်။ သူလက်နဲ့ သက်နှံးကပ်စေတယ်။ တရားနာတယ်၊ လိုက်ဆိုတယ်တဲ့။ မကြီးက ဘေးကလိုက်ဆိုတော့ နင်ကဟေတုပစ္စယောတွေချည်းပဲ လိုက်နေတယ်လို့ ပြောတယ်တဲ့။ အဲဒီနောက်ပိုင်း စစ်သိပ်မတိုက်တော့ဘူး။ အသည်းအထိ ဖျက်ဆီးခံလိုက်ရတာဆိုတော့ အာရုံတွေ မှောက်မှားတာပေါ့။ ဝင်လာသမျှ ရဲဘော်မှတ်နေပေမယ့် ဘုန်းကြီးတော့ သိတယ်၊ ရဲဘော်မထင်ဘူး။ အဲဒီနောက်ပိုင်း သတိတော့ကောင်းသွားတယ်။ ခုမနက်တော့ ဘာမှ မပြောတော့ဘူး။

မနေ့ကတော့ အမွေတွေ လျှောက်ပေးနေတယ်။ သူ့ပင်စင်စာအုပ်ကို ယူတဲ့။ ပိုက်ဆံထုတ်ယူကြတဲ့။ မြေးတွေအတွက် သူ စုထားတာ ရှိတယ်တဲ့။ အိမ်ပြန်ရောက်ပြီး သူဖွင့်နေကျတရားခွေ ဖွင့်ပေးထားပြီးနောက် ဘာမှမပြောဘဲ ငြိမ်နေတော့တာပဲ။

ကျွန်တော့်ကို ရွှတ်ဖို့ ဖတ်ဖို့ပေးသူတွေ၊ ဒိုအာလုပ်ပေးသူတွေ၊ နားနားမှာ ကလေတ်မာပေးခိုင်းသူတွေအားလုံး ကျေးဇူးတင်ပါတယ်။ ကျွန်တော့် ဘာသာရေးကိစ္စကို စိတ်ထဲကပဲ ရွတ်ပါတယ်။ သူ့အတွက် ရည်စူးတာ မဟုတ်လား။ သူဘာသာတရားကိုလည်း စိတ်ချမ်းသာစွာ နာပါစေ။ အဓိကက ငြိမ်းချမ်းဖို့၊ သက်သောင့်သက်သာ ဖြစ်ဖို့ပဲ။ ဘာသာမတူတဲ့သားကို အိပ်ရာက လာနှိုးပြီး ဟော့ကောင် ထ ထ၊ သည်နေ့ သောကြာနေ့လေ၊ ဘုရားရှိခိုးရမှာ မဟုတ်လား၊ ထတော့ဆိုပြီး နှိုးတတ်တဲ့ ကျွန်တော့်အဖေရဲ့ နှလုံးသားမျိုး ခင်ဗျားတို့၊ ကျွန်တော်တို့မှာ ရှိဖို့ခဲယဉ်းပါတယ်လေ။ သူတရားသိပုံမျိုး သိဖို့ ခက်ပါတယ်လေ။ မိတ်ဆွေတို့ရဲ့သားသမီးဟာ ကိုယ်နဲ့ခြားနားတဲ့ ဘာသာဝင်ဖြစ်နေတာကို လက်ခံနားလည်ပေးနိုင်စွမ်း၊ သားသမီး ဘာသာခြားကို သူဘုရားဆီ သွားဝတ်ပြုဖို့ အချိန်မှန် နှိုးပေးနိုင်စွမ်းရှိကြပါ့မလား။

သူနှလုံးသားကို ကျွန်တော် စိတ်ချပြီးသား။ ကျွန်တော်ချစ်တယ်၊ အဲဒီစိတ်ကို။ ဒါကြောင့် နောက်ဆုံးအချိန်မှာ သူတရားပဲ သူနာပါစေ၊ ကိုယ့်ဘာသာမှ ငြိမ်းချမ်းရာအစစ်ထင်ပြီး နောက်ဆုံးအချိန်မှာ ကိုယ့်ဘက်ဆွဲတာမျိုး ဘယ်တော့မှ ကျွန်တော်မလုပ်ဘူး။ သူတရားကိုပဲ ဖွင့်ပေးတယ်၊ သူဘုရားရှင်ကိုပဲ အာရုံရောက်စေတယ်၊ ကျွန်တော်ကလည်း ကျွန်တော့်ဘုရားကို အာရုံပြုတယ်။ သည်ထက် ငြိမ်းချမ်းတာမျိုး ရှိဦးမလား။

သူဘုရားဖြစ်ဖြစ်၊ ကိုယ့်ဘုရားဖြစ်ဖြစ် လူတွေကို မေတ္တာပေးတဲ့သူတွေကို ချစ်လို့ရပါတယ်။ ကိုယ့်ဟာမှ အကောင်းထင်ကြတဲ့ အတ္တတွေကသာ ပူတာ၊ မငြိမ်းချမ်းတာပါ။ အဲသလို ဟောတတ်ကြသူတွေကိုလည်း ကျွန်တော် မလေးစားတတ်ဘူး။

သူ့ဘဝ သူ့အကြောင်း

ကြေးမုံထဲက ကျွန်တော့်ဆောင်းပါးများကို အစဉ်တစိုက် ဖတ်ရှုတော်မူနေသူသာ ဖြစ်ပါလျှင် မှတ်မိကြဦးမည် ထင်ပါသည်။ ပြီးခဲ့သည့်အပတ်က တင်ဆက်ခဲ့သော "သဘောပါလား" ပရိသတ်-စာစုတွင် ထိလွယ်ရှလွယ်လှသူ ကျွန်တော့်အား အမှတ်တမဲ့ သွန်သင်ခဲ့သူ ဆရာနှစ်ပါးအနက်မှ တစ်ပါးဖြစ်သော ဆရာ "လဂွန်းအိမ်"ကို ဖြစ်ပါသည်။ အထက်ပါ စာတိုလေးမှာ ဆရာလဂွန်းအိမ်၏ စာတိုလေးပင် ဖြစ်တော့သည်။

တိုက်တိုက်ဆိုင်ဆိုင် ထိုစာတိုလေးကို စာအုပ်မျက်နှာစာထက် သူတင်လိုက်ချိန်က ကြေးမုံမှာ ကျွန်တော့်စာစုကို ဖော်ပြခဲ့သော ၁၉-၁၁-၀၆ နေ့တွင် ဖြစ်ပါသည်။ ထိုစာတိုလေးတင်အပြီး နှစ်နာရီမျှအကြာမှာ သူဖခင်ကြီးကွယ်လွန်တိမ်းပါးသွားခဲ့ပါသည်။

အကယ်တန္တ ကျွန်တော်နှင့် ဆရာလဂွန်းအိမ်မှာ ပုဂ္ဂိုလ်ရေးအရ အတန်ရင်းနှီးပါသည်။ ထို့ကြောင့် သူ့ဘဝ၊ သူ့အကြောင်းကို သိတန်သလောက်သိထားပါသည်။

သူကား အစွလာမ်ဘာသာဝင်တစ်ဦး ဖြစ်လေသည်။ သူ့ဖခင်က ဗုဒ္ဓဘာသာဝင်၊ သူ့မိခင်က အစွလာမ်ဘာသာဝင်။ သူမှာ မောင်နှမသုံးယောက်ရှိသည်။ သူကား မောင်အငယ်ဆုံး။ သူ့အထက်မှာ အစ်မနှစ်ဦးရှိသည်။ အစ်မနှစ်ယောက်က ဖခင် ကိုးကွယ်ရာ ဗုဒ္ဓဘာသာကို ခံယူကိုးကွယ်ကြသည်။ မိခင်၏ ဘာသာကို ခံယူကိုးကွယ်သူ မရှိကြ။ ထိုရောအခါ အငယ်ဆုံးသား၊ ဆရာလဂွန်းအိမ်က သားထို့၏ မိခင်ကို မြတ်နိုးသောစိတ်ဖြင့် မိခင်၏ ယုံကြည်သက်ဝင်မှုဖြစ်သော အစွလာမ်ဘာသာကို ခံယူကိုးကွယ်ခဲ့သည်ဟု ကျွန်တော် သိရှိထားပါသည်။

အထက်ပါ စာတိုလေးကို တင်လိုက်ချိန်မှာ သူ့ဖခင်၏ နောက်ဆုံးအချိန်ပင် ဖြစ်ပါသည်။ သူ့ဖခင်မှာ အသည်းဝေဒနာကို ခံစားနေရသော တပ်မတော်သားဟောင်းတစ်ဦးဖြစ်သည်။ ဗိုလ်ကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သူလည်း ဖြစ်သည်။ ထို့ကြောင့်လည်း နောက်ဆုံးအချိန်မှာ လာသမျှလူကို ကယောင်ကတမ်းနှင့် သူ့ရဲဘော် မှတ်နေသည်ဟု ရေးထားခြင်း ဖြစ်သည်။ ဆေးရုံမှာတုန်းကလည်း သားထံမှ ကာဘိုင်သေနတ်တောင်းနေသေးသည်ဟု ရေးထားသည်ကို ဖတ်ခဲ့ရပါသေးသည်။

သူတို့ မေတ္တာ

သည်မျှဆိုလျှင် သူ့ဘဝ သူ့အကြောင်း အကျဉ်းချုပ်ကို စာဖတ်သူလူကြီးမင်း ရိပ်စားမိလောက်ပါပြီ။ သူ့ဖခင်ကြီး၏ နောက်ဆုံး နာရီပိုင်းတွင် သူရေးထားသော စာကလေးက ကျွန်တော့်ကို လှုပ်ခတ်သွားစေခဲ့ပါသည်။ ဘာသာအယူမတူ ခြားနားလေသော ဖခင်နှင့်သားတို့ကြားက မေတ္တာသဘောသွားက သူစာလေးထဲမှာ ထင်ရှားလို့ နေပါသည်။ ဘာသာမတူသူ သားအား ဘာသာခြားဘုရားကို ဝတ်ပြုဖို့ အိပ်ရာက နှိုးပေးသော ဖခင်၏ မေတ္တာကို သူက တိုတိုကျဉ်းကျဉ်းလေး ဖွဲ့ထားလေသည်။

သူ့ဖခင်အား တစ်ကြိမ်သာ ဆုံလိုက်ဖူးသည်။ သူတို့ဆိုင်ဘက် ရောက်ခိုက် နေ့လယ်၊ မွန်းတည့်ချိန်လောက်မှာ ဆရာလဂွန်းအိမ်များ ရှိလေမလားဆိုပြီး ဝင်ကြည့်မိချိန်တွင် ဖြစ်ပါသည်။ သူ့သားကို မေးသောအခါ ထိုဘိုးတော်က မရှိဘူးဟု တုံးတိတိဖြေပါသည်။ ဧီးကွက်များနှယ် တစ်ညလုံး မအိပ်ဘဲ သူ့အနုပညာအလုပ်တွေကို လုပ်တတ်သော ဆရာလဂွန်းအိမ်၏ အကျင့်ကို သိထားသူ ကျွန်တော်က အိပ်ရာက မထသေးဘူး မှတ်တယ်နော်ဟု ပြောသောအခါ သိရက်သားနဲ့များ လာမေးနေရသေးတယ်ဟု ပြန်ပြောခဲ့သည်ကိုလည်း ကျွန်တော် ကြားယောင်နေဆဲ ဖြစ်ပါသည်။

ပြောချင်သည်မှာ ရိုးစင်းဖြောင့်မတ်သော သူတို့ သားအဖ၏ သဘောထားအမူအကျင့်များကိုပင် ဖြစ်လေသည်။ သူတို့မှာ ပကာသန မရှိ။ ချစ်တာတွေ၊ မေတ္တာတွေ၊ သစ္စာတွေကို စာစီကုံးနေတတ်ကြသူများ မဟုတ်ချေ။ သို့ရာတွင် သူတို့၏ စကားလုံးမဲ့ မေတ္တာများကိုမူ ခံစားသိ သိနေခဲ့ပါသည်။

ဘာသာတရားနှင့် ထင်ရာမြင်ရာ

ထားပါ-။ ကျွန်တော့်ကို သည်စာရေးဖြစ်သွားစေခဲ့သည်မှာ သူစာတိုထဲက နောက်ဆုံး စာကြောင်းလေးများပင် ဖြစ်ပါသည်။ ဘာတဲ့-"ကိုယ့်ဘာသာမှ ငြိမ်းချမ်းရာအစစ်ထင်ပြီး နောက်ဆုံးအချိန်မှာ ကိုယ့်ဘက်ဆွဲတာမျိုး ဘယ်တော့မှ ကျွန်တော်မလုပ်ဘူး။ သူတရားကိုပဲ ဖွင့်ပေးတယ်၊ သူဘုရားရှင်ကိုပဲ အာရုံရောက်စေတယ်၊ ကျွန်တော်ကလည်း ကျွန်တော့်ဘုရားကို အာရုံပြုတယ်။ သည်ထက် ငြိမ်းချမ်းတာမျိုး ရှိဦးမလား"တဲ့။

ကောင်းလိုက်တာ-။ ကိုယ့်ဘာသာမှ ငြိမ်းချမ်းရာအစစ် "ထင်"ဟူသော စကားစု။ ဘာသာတရားတိုင်းသည် ငြိမ်းချမ်းရာကို ဦးတည်နေကြသည်ချည်းသာဖြစ်ပါသည်။ ကိုယ့်ဘာသာကမှ ငြိမ်းချမ်းရာအစစ်၊ သူ့ဘာသာက အလွဲဟု သတ်မှတ် ယူဆပြီး "အစွဲ"ချင်းပြိုင်လျှင် ဘယ်သူမှ နိုင်မည် မဟုတ်သည်ကို လူသားတို့၏ သမိုင်းက သက်သေထင်ရှားပြခဲ့ပြီးပါပြီ။ ကမ္ဘာမှာ ဘာသာရေးကို အကြောင်းပြုပြီး ဖြစ်ခဲ့သော စစ်ပွဲတွေကိုက မနည်းလှချေ။

စင်စစ် ဘာသာတရားများ အားလုံး၏ အနှစ်ချုပ်သည် ငြိမ်းချမ်းရာကို ဖွေရှာနေကြသည်ချည်းသာ ဖြစ်လေသည်။ ဤနေရာတွင် အစွန်းရောက်သူများက ကိုယ့်ဘာသာမှအမှန်ဟု အယူအစွဲ သည်းထန်စွာ အကြမ်းဖက်နည်းများကို ဖွေရှာသိမ်းသွင်းတိုက်ခိုက်ခြင်းများနှင့် ဘာသာတရား အနှစ်သာရနှင့် ရောထွေးမပစ်မိရန် လိုအပ်သည်ဟု ထင်ပါသည်။

ဘာသာတရားများ၏ သက်တမ်းမှာ ရှည်ကြာလှပါပြီ။ သက်တမ်းအနုဆုံး ဆစ်(ခ်)ဘာသာသည်ပင် နှစ်ပေါင်း ၅၀၀ ရှိခဲ့ပါပြီ။ အစွလာမ်ဘာသာက နှစ်ပေါင်း ၁၄၀၀၊ ခရစ်ယာန်ဘာသာက နှစ်ပေါင်း ၂၀၀၀၊ ဗုဒ္ဓဘာသာက နှစ်ပေါင်း ၂၅၀၀၊ သက်တမ်းအရင့်ဆုံး ဟိန္ဒူဘာသာက နှစ်ပေါင်း ၄၀၀၀ အသီးသီး ဖြစ်လေသည်။ သက်တမ်းအနုဆုံး ဆစ်(ခ်)ဘာသာမှာ ဂိုဏ်းခွဲပေါင်းခြောက်ခုရှိသလို သက်တမ်းအရင့်ဆုံး ဟိန္ဒူဘာသာမှာလည်း အဓိက ဂိုဏ်းခွဲလေးခုအပြင် တွေးမြင်ယူဆပုံ ခြောက်မျိုးအထိ အမျိုးမျိုးကွဲပြားနေပါသည်။

ဘာသာအသီးသီးတွင် မည်သည့်ဘာသာမှာမှ ခြွင်းချက်မရှိဘဲ ဂိုဏ်းအမျိုးမျိုးကွဲနေကြခြင်းကပင်လျှင် ဘာသာအယူဝါဒကို အနက်ဖွင့်ပုံချင်းမတူကြသလို ကိုယ်ယုံတာကမှ အမှန်ထင်သော ပြဿနာကို မီးမောင်းထိုးပြနေသည်ဟု ယူဆမိပါသည်။ ဘာသာတရား၏ တကယ့် အနှစ်သာရနောက်ကို လိုက်လံဖွေရှာဖို့ထက် ကိုယ်မျက်စိမှိတ် ယုံထားတာကိုမှ အမှန်ဟု ဇွဲသန်သန်နှင့် ခံယူထားကြခြင်းက ဘာသာတရားကို အကြောင်းပြုပြီး ပြဿနာကို မီးထွန်းရာနေရာ ရောက်သည်ဟုလည်း သုံးသပ်မိရပါသည်။

ဆရာလဂွန်းအိမ်ကမူ ထိုအချက်ကို ရိုးရိုးလေး ရေးထားပါသည်။ "သူ့ဘုရားဖြစ်ဖြစ်၊ ကိုယ့်ဘုရားဖြစ်ဖြစ်၊ လူတွေကို မေတ္တာပေးတဲ့သူတွေကို ချစ်လို့ရပါတယ်။ ကိုယ့်ဟာမှ အကောင်းထင်ကြတဲ့ အတ္တတွေကသာ ပူတာ၊ မငြိမ်းချမ်းတာပါ"တဲ့။ သည်မှာလည်း သူက "ထင်"ဟူသော ဝေါဟာရကို ထည့်သွင်းထားခဲ့ပြန်ပါသည်။ ကိုယ့်ဘာသာမှ အကောင်း"ထင်"နေကြသူတွေသာ ပူနေတာ၊ မငြိမ်းချမ်းတာဟု သူက ဆိုထားသည်။

တွေးကြည့်စရာ

ဘာသာတရားတွေထဲမှာ ကွန်းဖြူးရှပ်ဝါဒဟူသော အယူဝါဒတစ်ခုကို စတင်ခဲ့သူ တရုတ်တွေးခေါ်ပညာရှင် ကွန်းဖြူးရှပ်၏ အဆိုအမိန့်တစ်ခုကိုလည်း ပြေးသတိရလိုက်မိရပါသေးသည်။ "ကမ္ဘာကြီးကို နေသားတကျ ဖြစ်စေချင်ရင် နိုင်ငံကို နေသားတကျဖြစ်အောင် ကျွန်တော်တို့ အရင်ဆုံးလုပ်ရမယ်။ နိုင်ငံကို နေသားတကျ ဖြစ်စေချင်ရင် မိသားစုကို နေသားတကျ ဖြစ်အောင် ကျွန်တော်တို့ အရင်ဆုံး လုပ်ရမယ်။ မိသားစုကို နေသားတကျဖြစ်စေချင်ရင် ကျွန်တော်တို့တွေရဲ့ ပုဂ္ဂလိကဘဝကို အရင်ဆုံးပျိုးထောင်ရမယ်၊ ကျွန်တော်တို့ရဲ့နှလုံးသားတွေကို မှန်ကန်အောင် အခြေတည်ရမယ်"ဟူသော စကားပင် ဖြစ်လေသည်။

ကမ္ဘာကြီးအထိ မဟုတ်လျှင်တောင်မှ မိမိနိုင်ငံကို ငြိမ်းချမ်းစေချင်စိတ်မှာ ကျွန်တော့်တွင် ရှိသလို စာဖတ်သူလူကြီးမင်းမှာလည်း ရှိနေလိမ့်မည်ဟု ယုံကြည်ပါသည်။ သို့သော် ကျွန်တော်တို့ မိသားစုတွေထဲမှာ ဆရာလဂွန်းအိမ်တို့ မိသားစုလေးနှယ် ငြိမ်းချမ်းစွာ ရှိနေအောင်၊ အချင်းချင်း မေတ္တာထားနိုင်အောင် ကျွန်တော်တို့ ဘယ်လောက်အထိ ကြိုးပမ်းပြီးပြီလဲဟု ကိုယ့်ဘာသာ ပြန်မေးကြည့်မိရပါသည်။ ကိုယ့်မိသားစု ငြိမ်းချမ်းအောင်ရာ ကျွန်တော်တို့ရဲ့ ပုဂ္ဂလိကဘဝတွေကို ဘယ်လောက် ပျိုးထောင်ပြီး၊ ကျွန်တော်တို့ နှလုံးသားတွေ မှန်ကန်အောင် ဘယ်လောက်အခြေတည်ပြီးပြီလဲဟု ဆက်လက်ဆင်ခြင်ကြည့်ကြဖို့လည်း လိုအပ်သည်ဟု တွေးနေမိရပါသည်။

ကျွန်တော်သည် ဆရာလဂွန်းအိမ်၏ စာတိုလေး တစ်ညှိုတစ်ထွာကို ဖတ်ရင်း အတွေးတွေရှည်လျားနေမိရပါသည်။ စာဖတ်သူ လူကြီးမင်းကိုလည်း ဖတ်လက်စကလေး ခဏဘေးချပြီး ကိုယ့်နှလုံးသားကို ပြန်ဆန်းစစ်ကြည့်ဖို့ မရဲတရဲ ပြောကြည့်လိုက်ပါရစေ။

အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာ ကျန်လိမ့်မည်ဟု ယူဆမိပါသတည်း။ ။

> **"ကမ္ဘာကြီးကို နေသားတကျဖြစ်စေချင်ရင် နိုင်ငံကို နေသားတကျဖြစ်အောင် ကျွန်တော်တို့ အရင်ဆုံးလုပ်ရမယ်။ နိုင်ငံကို နေသားတကျဖြစ်စေချင်ရင် မိသားစုကို နေသားတကျဖြစ်အောင် ကျွန်တော်တို့ အရင်ဆုံးလုပ်ရမယ်။ မိသားစုကို နေသားတကျဖြစ်စေချင်ရင် ကျွန်တော်တို့တွေရဲ့ ပုဂ္ဂလိကဘဝကို အရင်ဆုံးပျိုးထောင်ရမယ်၊ ကျွန်တော်တို့ရဲ့နှလုံးသားတွေကို မှန်ကန်အောင် အခြေတည်ရမယ်"**

ကမ္ဘာ့အဆင့်မီ Steel Structure ဖြင့်ဆောက်လုပ်နေသော ကန်သာယာတာဝါ အဆင့်မြင့်စီမံကိန်း ၇၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီး

ကန်သာယာတာဝါအဆင့်မြင့်စီမံကိန်း ဆောင်ရွက်ပြီးစီးနေမှုအားတွေ့ရစဉ်။

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မြို့ပြအင်္ဂါရုပ်များ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ရာ ယခုအခါ ငလျင်ဒဏ်အပြည့် အဝခံနိုင်သည့် ကမ္ဘာ့အဆင့်မီ မြန်မာနိုင်ငံတွင် ပထမဦးဆုံး Steel Structure ဖြင့် ဆောက်လုပ်နေသော ကန်သာယာတာဝါအဆင့်မြင့်စီမံကိန်း (Kan Thar Yar Consortium Towers Project) ဆောင်ရွက်နေမှုမှာ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

စင်ကာပူနိုင်ငံ၏နည်းပညာဖြင့် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကုန်ကျခံတည်ဆောက်နေသည့် ကန်သာယာတာဝါအဆင့်မြင့်စီမံကိန်း (Kan Thar Yar Consortium Towers Project) အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Asia Myanmar Consortium Development ကုမ္ပဏီလီမိတက်တို့မှ အကျိုးတူပူးပေါင်း ဆောင်ရွက်တည်ဆောက်နေခြင်းဖြစ်ပြီး အဆိုပါ ကန်သာယာတာဝါအဆင့်မြင့်စီမံကိန်းတည်နေရာမှာ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ်လမ်းထောင့် (သိမ်ဖြူယာဉ်မောင်းသင်တန်းကျောင်းနေရာ) တွင်တည်ရှိကာ မြေရိယာအကျယ်အဝန်း ၃ ဒသမ ၅၂ ဧကပေါ်တွင် တည်ဆောက်လျက်ရှိသည်။

စီမံကိန်းဧရိယာအတွင်း အဆောက်အအုံလေးလုံးဖြစ်သော အထပ်ပေါင်း ၂၅ ထပ်ပါဝင်မည့် ယူနစ်ပေါင်း ၁၃၂ ယူနစ်ရှိ RESIDENTIAL TOWER (LIFT ခြောက်စင်)၊ အထပ်ပေါင်း ၂၂ ထပ်ရှိ OFFICE TOWER (LIFT ခြောက်စင်)၊ အထပ်ပေါင်း ၂၂ ထပ်ရှိ FIVE STAR HOTEL (LIFT လေးစင်း) နှင့် အထပ်ပေါင်း ၂၃ ထပ်ရှိ အခန်းပေါင်း ၁၇၁ ခန်းပါဝင်မည့် SERVICED APARTMENT (၂၀၈၀၁ စတုရန်းပေ) (LIFT ခြောက်စင်း) တို့ ပါဝင်ဆောက်လုပ်မည်ဖြစ်ပြီး အရေးပေါ်မီးသတ်နှံမယ့် အဆင့်မီရုံးခန်းများပါဝင်ပြီး နိုင်ငံတကာအဆင့်မီ 5A အဆင့်ရှိ ဟိုတယ်အတွင်းမှာလည်း အဆင့်မြင့် တည်ခိုနိုင်မယ့် ဧရိယာများပါဝင်မှာဖြစ်ပါတယ်။ ဟိုတယ်တည်းခိုတာကုန်ကျမှုများတယ်ထင်ရင်လဲ လနဲ့ခါပြီးနေထိုင်လို့ရတဲ့ SERVICED APARTMENT တစ်ခုကိုထည့်သွင်းဆောင်ရွက်ထားပါတယ်။ ပြီးတော့ တကယ့်ကိုလုံခြုံမှုပြည့်ဝစွာနေထိုင်နိုင်မယ့် နိုင်ငံတကာအဆင့်မီ OFFICE TOWER တစ်ခုပါ ပါဝင်ပါတယ်။ နောက်ပြီး ဒီအိမ်ရာကြီးတစ်ခုလုံးကို ဖြည့်ဆည်းပေးနိုင်မယ့် ရှေ့ပင်းစင်တာနှစ်ခုကိုလည်း ဟိုတယ်အောက်ထပ်မှာ ထားရှိပေးသွားမှာပါ။ အဓိကတော့ ပတ်ဝန်းကျင်အနီးအနားနဲ့ ရပ်နီးရပ်ဝေးက ပြည်သူ ၁၅၀၀ အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိတော့မှာပါ။ ကျွန်တော်တို့အနေနဲ့ အမျိုးသားစိတ်ဓာတ်နဲ့ ဆောက်လုပ်ခဲ့တာဆိုတော့ ဒီကန်သာယာတာဝါ အဆင့်မြင့်စီမံကိန်းဆောင်ရွက်ပြီးစီးပြီဆိုရင်လည်း ကျွန်တော်တို့နိုင်ငံအတွက် အမှတ်တရဖြစ်စေမယ့်၊ နောင်လာနောက်သားတွေလည်း ခေါ်တွင်လို့လွယ်ကူမယ့် ပြီးပြည့်စုံတဲ့ နာမည်တစ်ခုကိုရွေးချယ်ပြီး အမှတ်တရနာမည်တစ်ခုအဖြစ် သီးသန့်သတ်မှတ်ထားရှိတော့မှာပါ" ဟု ရှင်းပြသည်။

Asia Myanmar Shinning Star Investment ကုမ္ပဏီ မိတ်မှ General Manager Peng Jincheng က "နိုင်ငံခြားနည်းပညာရပ်များကိုအသုံးပြုပြီး ဒီစီမံကိန်းကို အချိန်မီပြီးစီးဖို့ ဆောင်ရွက်နေပါတယ်။ ဒီစီမံကိန်းထဲမှာ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ စုပေါင်းပါဝင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ Steel Structure စနစ်ဖြင့် ဆောက်လုပ်နေတာကြောင့် တရုတ်ပြည် ရှန်ဟိုင်းမြို့အနီးတစ်ဝိုက်မှာရှိတဲ့ Anhui မြို့ စက်ရုံမှာပဲ လိုအပ်တဲ့ Steel Structure ဆိုက်တွေကို ကြိုတင်ထုတ်လုပ်ထားပြီး အခုဆိုရင် ၁၂ လွှာအတွက်ထိကို ကြိုတင်ထုတ်လုပ်ထားပြီးပါပြီ။ ဒီစီမံကိန်းဆောင်ရွက်ဖို့အတွက် ဒီဇိုင်းပုံစံဆွဲထားတာကလည်း ငလျင်ဒဏ်ခံနိုင်မယ့်ဒီဇိုင်းပုံစံကို ရေးဆွဲထားတာဖြစ်ပြီး ငလျင်ဒဏ်ထက်ပိုကြီးမားတဲ့ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ခဲ့ရင်လည်း Steel Structure စနစ်နဲ့ဆောက်လုပ်ထားတာဆိုတော့ ပိုမိုခံနိုင်ရည်ရှိပါတယ်။ နိုင်ငံတကာမှာလည်း အဆောက်အအုံများဆောက်လုပ်တဲ့အခါမှာ မီတာ ၁၀၀ အမြင့်ကျော်ပြီဆိုရင် RC စနစ်နဲ့ မသင့်တော်တဲ့အတွက် Steel Structure စနစ်ကိုသာ အသုံးပြုဆောက်လုပ်ကြတာပါ" ဟု Steel Structure ဖြင့် ဆောက်လုပ်နေခြင်းနှင့်စပ်လျဉ်း၍ ရှင်းပြခဲ့သည်။

လက်ရှိအနေအထားအရ အထပ်ပေါင်း ၂၅ ထပ်ပါဝင်မည့် ယူနစ်ပေါင်း ၁၃၂ ယူနစ်ရှိ RESIDENTIAL TOWER (LIFT ခြောက်စင်း) အား အချောထည်လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပြီး အထပ်ပေါင်း ၂၂ ထပ်ပါဝင်ဆောက်လုပ်မည့် Phase 2 အပိုင်းဖြစ်သော OFFICE TOWER (LIFT ခြောက်စင်း) မှာလည်း အကြမ်းထည်လုပ်ငန်းများ အောင်မြင်စွာဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ကာ ၂၀၁၇ ခုနှစ် မေလ၌ အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ Steel Structure ဖြင့် ဆောက်လုပ်နေသည့် အထပ်ပေါင်း ၂၂ ထပ်ရှိ FIVE STAR HOTEL (LIFT လေးစင်း) နှင့် အထပ်ပေါင်း ၂၃ ထပ်ရှိ အခန်းပေါင်း ၁၇၁ ခန်းပါဝင်မည့် SERVICED APARTMENT (၂၀၈၀၁ စတုရန်းပေ) (LIFT ခြောက်စင်း) ကိုလည်း ၂၀၁၇ ခုနှစ် စက်တင်ဘာလကုန်ပိုင်း၌ အပြီးသတ်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၌ လုပ်ငန်းများစတင်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်း၌ တည်ဆောက်ပြီးစီးမည့် ကန်သာယာတာဝါအဆင့်မြင့် အဆောက်အအုံများပေါ်ထွက်လာပါက နိုင်ငံတကာမှ စီးပွားရေးရင်းနှီးမြှုပ်နှံလိုသူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးလုပ်ဆောင်ရန် အဓိကအချက်အချာကျမည့် နေရာဖြစ်လာမည်ဖြစ်ပြီး နိုင်ငံတကာအဆင့်မီ စူပါမားကတ်များ၊ ကျန်းမာရေးစင်တာများ၊ ရေကူးကန်များ၊ ကလေးကစားကွင်းများနှင့် ဆိတ်ငြိမ်အေးချမ်းသာယာသော ကန်တော်ကြီးရှုမျှော်ခင်းကို မြင်တွေ့နိုင်ကြမည်ဖြစ်ကာ တန်ဖိုးကြီးသော လေးဆူဓာတ်ပုံရွေတိုဂုံဘုရားအား နေ့စဉ်ဖူးတွေ့နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(နိုးဝင်း-MLA)**

လမ်းတံတားအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သဲ၊ ကျောက်ကျောက်ကုန်ကြမ်းရှားပါးလာ

ရေး နိုဝင်ဘာ ၂၅

မွန်ပြည်နယ် ရေးမြို့နယ်ဒေသအတွင်းရှိ လမ်း၊ တံတား၊ အိမ်၊ အဆောက်အအုံ၊ အစိုးရစာသင်ကျောင်းနှင့် ပုဂ္ဂလိကအဆောက်အအုံများတွင် ယခုနှစ်အတွင်း ပိုမိုတည်ဆောက်လာသည်နှင့်အမျှ သဲ၊ ကျောက် ကုန်ကြမ်းများကို မှာယူသုံးစွဲသည်ပမာဏ မြင့်မားလာသဖြင့် သဲ၊ ကျောက်လုပ်ကိုင်သူများမှာ ကုန်ကြမ်းပြတ်လပ်မှုများနှင့် ကြုံတွေ့ရကြောင်း သိရသည်။

သဲ၊ ကျောက်လုပ်ကိုင်သူ ဦးလေးနိုင်က "လက်ရှိသဲ၊ ကျောက်တွေကို အဓိကလုပ်ကိုင်နေသူ သုံးဦးလောက်ရှိပါတယ်။ တစ်နေ့ကို ပျမ်းမျှသဲ၊ ကျောက်ကုန်ကြမ်းတွေရရှိဖို့က စက်လေ့တွေနဲ့ အလုပ်သမား ၂၇ ဦးလောက်နဲ့ကို သဲကျောက်ကျင်းအရေအတွက်က ၁၅ ကျင်းလောက်ကို ရှာဖွေစုပ်ယူပေးနေရတယ်။ သတ်မှတ်ထားပြီး လုပ်ခွင့်ရတဲ့နေရာတွေမှာ စုပ်ယူရပေမယ့် အခုအချိန်မှာ သဲကုန်ကြမ်းရရှိတယ်။ ကျောက်ကုန်ကြမ်းက လတ်တလောမရရှိဘဲ လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင် ကန့်သတ်မှုအချို့ရှိနေတဲ့အပေါ်မှာလည်း လုပ်ငန်းကြန့်ကြာမှုနဲ့ ကြုံတွေ့နေရတယ်" ဟု ပြောသည်။

အဆိုပါ သဲ၊ ကျောက်ကုန်ကြမ်းများကို မှာယူသုံးစွဲသူများပြားလာသည့်အခါ လုပ်ကိုင်နေသူများမှာ ကန့်ကွက်မှုတချို့ရှိသော်လည်း ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ အဓိက သဲ၊ ကျောက်ကုန်ကြမ်းထုတ်ယူနေရသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး လက်ရှိ သဲတစ်ကျင်းပေါက်ဈေးမှာ ၄၀၀၀ ကျပ်ဖြစ်ကာ ကျောက်တစ်ကျင်းမှာ ၂၀၀၀၀ ကျပ်ဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်း(ရေး)**

အုပ်ချုပ်ရေးပိုင်းနှင့် လုပ်ငန်းရှင်များပါဝင်သော အလုပ်ရုံဆွေးနွေးပွဲကျင်းပ

တွံတေး နိုဝင်ဘာ ၂၅

တွံတေးမြို့နယ်တွင် မသန်စွမ်းအရင်းအမြစ်ဌာနက ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ အနာကြီးရောဂါဝေဒနာရှင်များအပေါ်အဝင် မသန်စွမ်းသူများ၏ ဘက်စုံပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တွံတေးမြို့နယ်ဒေသတွင်း အုပ်ချုပ်ရေးပိုင်းနှင့် လုပ်ငန်းရှင်များပါဝင်သော အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာနေဝင်းသွင်က အဖွင့်အမှာစကားပြောကြားပြီး TLMM မှ ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် ရည်ရွယ်ချက်အား မြို့နယ်အဆင့်တာဝန်ခံအရာရှိ ဒေါက်တာဒေါ်မြသီတာက ရှင်းလင်းသည်။ မြန်မာနိုင်ငံ မသန်စွမ်းမှဆိုင်ရာအခြေအနေများ၊ အလုပ်အကိုင်နှင့်သက်ဆိုင်သည့် ကိန်းဂဏန်းများကို ဦးညွှန့်ဝင်းက ဆွေးနွေးခဲ့သည်။

ယင်းနောက် မသန်စွမ်းသူများကြုံတွေ့ရသည့် အလုပ်အကိုင်ရရှိရေးအတွက် အတားအဆီးများ အကြောင်းကို အလယ်စုကျေးရွာမှ မသန်စွမ်းတစ်ဦးဖြစ်သူ ဦးစောလမွန်ကဆွေးနွေးပြီး မသန်စွမ်းသူများ၏ အခွင့်အရေး UNCRPD ပေါ်ပေါက်လာပုံအား TLMM team (twantay) မှ ဦးဉာဏ်လင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေများအား မသန်စွမ်းတစ်ဦးဖြစ်သူ ဦးသန်းထူးတို့က ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများ၏မေးမြန်းလာမှုအား ဒေါက်တာမြသီတာက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

ပွင့်လင်းရာသီ အုတ်လုပ်ငန်းများ စျေးကောင်းရမည်ဟုမျှော်လင့်

ရေတာရွာည် နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ရေတာရွာည်မြို့နယ် ဆောင်းရာသီကာလ အုတ်လုပ်ငန်းရာသီများ စတင်ပြုဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများ ပိုမိုများပြားလျက်ရာ စျေးနှုန်းကောင်းမွန်မည်ဟု အုတ်လုပ်ငန်းရှင်များက တွက်ဆခန့်မှန်းမှုများရှိနေသည်။

ဇိုးမသစ်တောများအတွင်းမှ သစ်၊ ဝါးရရှိမှုနည်းပါးခြင်းနှင့် စျေးနှုန်းမြင့်မားခြင်းတို့ကြောင့် လူနေအိမ်၊ လမ်းတံတားဆောက်လုပ်ရေးလုပ်ငန်းများ၌ အုတ်၊ ဘိလပ်မြေတို့ကိုသာ သုံးစွဲလာခြင်းဖြစ်ကြောင်း သိရသည်။ "မနှစ်ကတော့ အုတ်တစ်လုံးကို ၃၃ ကျပ်လောက်ရောင်းရတယ်။ ဒီနှစ်ရာသီမှာ စျေးတော့ မဖွင့်ရသေးဘူး။ ၄၄ ကျပ်လောက်ဖြစ်မယ်ထင်တယ်" ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု ရေနီးကျေးရွာနေ အုတ်လုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းအောင်က ပြောကြားသည်။ လူနေအိမ်များ ဆောက်လုပ်သည့်အခါ သစ်ကိုသုံးစွဲမှုလျော့ချလျက်ရှိပြီး အုတ်၊ ဘိလပ်မြေနှင့် တည်ဆောက်ခြင်းက ကုန်ကျစရိတ်များစွာသက်သာသည့်အတွက် အုတ်မှာယူမှုမြင့်တက်လျက်ရှိရာ ယခင်ကထက် ပိုမိုကောင်းမွန်ဖွယ်ရှိနေကြောင်း တွက်ချက်ခန့်မှန်းမှုများ ရှိနေသည်။ **ကိုလွင်(ဆွာ)**

ပရီမီယာလိဂ်ရင်ခုန်သံ - ၁၃

လန်ဒန်ဒါဘီမှာစပါးကိုအနိုင်ကစားမယ့် ချယ်လ်ဆီး

ပရီမီယာလိဂ်ပွဲစဉ်-၁၃ ကိုလာမယ့် နိုဝင်ဘာ ၂၆၊ ၂၇ ရက် နေ့တွေမှာကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ ချ်ဲလ်ဆီး နဲ့ စပါးတို့ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေကာ လီဗာပူး၊ မန်ယူ၊ အာဆင်နယ်တို့နိုင်ပွဲပြန်လည်ရယူ နိုင်မလားဆိုတာကို စောင့်ကြည့်ရဖို့ရှိနေပါတယ်။

ရှိုင်းမင်းမင်း

ထိပ်တန်းဂိုးသွင်းရှင်များ

ကော်စတာ(ချယ်လ်ဆီး)	-	၁၀ဂိုး
အဂူရိုု(မန်စီးတီး)	-	၈ဂိုး
ဒီဖိုး(ဆန်းဒါးလန်း)	-	၇ဂိုး
ဟာဇက်(ချယ်လ်ဆီး)	-	၇ဂိုး
လူကာကူ(အဲဗာတန်)	-	၇ဂိုး



ပရီမီယာလိဂ်အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရိုုး	ပေးဂိုး	ဂိုးကွာ	ရမှတ်
၁	ချယ်လ်ဆီး	၁၂	၉	၁	၂	၂၇	၉	၁၈	၂၈
၂	လီဗာပူး	၁၂	၈	၃	၁	၃၀	၁၄	၁၆	၂၇
၃	မန်စီးတီး	၁၂	၈	၃	၁	၂၇	၁၁	၁၆	၂၇
၄	အာဆင်နယ်	၁၂	၇	၄	၁	၂၅	၁၂	၁၃	၂၅
၅	စပါး	၁၂	၆	၆	၀	၁၈	၈	၁၀	၂၄
၆	မန်ယူ	၁၂	၅	၄	၃	၁၇	၁၄	၃	၁၉
၇	အဲဗာတန်	၁၂	၅	၄	၃	၁၆	၁၄	၂	၁၉
၈	ဝက်ဖို့ဒ်	၁၂	၅	၃	၄	၁၇	၂၀	-၃	၁၈
၉	ဝက်စ်ဘရွန်း	၁၂	၄	၄	၄	၁၆	၁၅	၁	၁၆
၁၀	ဘုန်းမောက်	၁၂	၄	၃	၅	၁၄	၁၆	-၂	၁၅
၁၁	ဆောက်သမ်တန်	၁၂	၃	၅	၄	၁၂	၁၂	၀	၁၄
၁၂	ဘန်လေ	၁၂	၄	၂	၆	၁၁	၁၉	-၈	၁၄
၁၃	စတုတ်	၁၂	၃	၄	၅	၁၃	၁၉	-၆	၁၃
၁၄	လက်စတာ	၁၂	၃	၃	၆	၁၄	၂၀	-၆	၁၂
၁၅	မစ်ဒယ်ဘရော့	၁၂	၂	၅	၅	၁၀	၁၃	-၃	၁၁
၁၆	ခရစ္စတယ်ပဲလေ့စ်	၁၂	၃	၂	၇	၁၂	၂၁	-၄	၁၁
၁၇	ဝက်စ်ဟမ်း	၁၂	၃	၂	၇	၁၃	၂၃	-၁၀	၁၁
၁၈	ဟားလ်စီးတီး	၁၂	၃	၁	၈	၁၀	၂၇	-၁၇	၁၀
၁၉	ဆန်းဒါးလန်း	၁၂	၂	၂	၈	၁၂	၂၁	-၉	၈
၂၀	ဆွမ်းဆီး	၁၂	၁	၃	၈	၁၁	၂၂	-၁၁	၆

ဘန်လေ - မန်စီးတီး

ည ၇း၀၀ (၂၆-၁၁-၁၆)

ပဲလေ့စ်ကိုအနိုင်ရယူနိုင်ခဲ့ပေမယ့်လည်း မန်စီးတီးခြေစွမ်းပိုင်း ကအကောင်းဆုံးပုံစံမှာ ရှိမနေပါဘူး။ ဒီပွဲမတိုင်ခင်မှာလည်း ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် မန်စီးတီးတို့ပွဲပန်းလာနိုင်ပါတယ်။ မန်စီးတီးအနေနဲ့ လက်ရှိအချိန်မှာ လီဗာပူးနဲ့အမှတ်တူအနေအထားကိုပြန်လည်ရယူထားနိုင်တာကြောင့် နိုင်ပွဲဆက်နိုင်ဖို့ ဂရုတစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း ဘန်လေကလည်းအိမ်ကွင်းခံကစားပုံကောင်းမွန်တာကြောင့် မန်စီးတီးအနိုင်ရရင် တောင်ဂိုးမပြတ်နိုင်ပါဘူး။

လက်စတာ - မစ်ဒယ်ဘရော့

ည ၉း၃၀ (၂၆-၁၁-၁၆)

ဝက်ဖို့ဒ်ကိုရှုံးနိမ့်ခဲ့ရကာ သုံးပွဲဆက်တိုက်အနိုင်ပျောက်ဆုံးခဲ့ရတာကြောင့် လက်စတာတို့အိမ်ကွင်းမှာနိုင်ပွဲပြန်လည်ရယူနိုင်ဖို့အတွက် အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း လက်စတာဟာ ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှတွေရှိလာနိုင်ပါတယ်။ ဒါ့အပြင် မစ်ဒယ်ဘရော့ကလည်း ခံကစားပုံကောင်းမွန်မှု ရှိတာကြောင့် လက်စတာနိုင်ရင် တောင်ဂိုးမပြတ်နိုင်ဘူး။

ဆွမ်ဆီး - ပဲလေ့စ်

ည ၉း၃၀ (၂၆-၁၁-၁၆)

နောက်ဆုံးပွဲစဉ်မှာ အဲဗာတန်ကိုသရေကစားနိုင်ခဲ့ပေမယ့် ဆွမ်ဆီးခြေကသာမန်သာရှိပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာ ဆွမ်ဆီးဟာ အမှတ်ပေးဇယားအောက်ဆုံးကိုရောက်ရှိနေတာကြောင့် အိမ်ကွင်းမှာနိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ ဒါ့အပြင် ပဲလေ့စ်ခြေကလည်းတည်ငြိမ်မှုအားနည်းနေတာကြောင့် ဆွမ်ဆီးတို့အနိမ့်ဆုံးသရေလောက်ကစားနိုင်မှာပါ။

ဝက်ဖို့ဒ် - စတုတ်

ည ၆း၃၀ (၂၇-၁၁-၁၆)

လက်စတာကို အနိုင်ရယူနိုင်ခဲ့တဲ့ပွဲမှာ ဝက်ဖို့ခြေစွမ်းပိုင်းက ပိုမိုကောင်းမွန်ခဲ့ပါတယ်။ လက်စတာရဲ့ ဖိအားပေးမှုကို ခံခဲ့ရပေမယ့် အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့တဲ့ ခံစစ်ပိုင်းက ကျစ်လစ်မှုရှိခဲ့ပါတယ်။ စတုတ်ကတော့ ဘုန်းမောက်ကိုရှုံးနိမ့်ခဲ့ရကာ နှစ်ပွဲဆက်အနိုင်မရခဲ့တာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် တိုက်စစ်ပိုင်းက အခုနောက်ပိုင်းပွဲတွေမှာ ဂိုးသွင်းခြေကျဆင်းနေပါတယ်။ ဒါ့အပြင် စတုတ်ကအဝေးကွင်းပွဲတွေမှာလည်းအနည်းငယ်ရုန်းကန်ရ တတ်တာကြောင့် ဝက်ဖို့ဒ်ကပ်နိုင်ခြေရှိပါတယ်။

မန်ယူ - ဝက်စ်ဟမ်း

ည ၁၁း၀၀ (၂၇-၁၁-၁၆)

ဒီနှစ်သင်းဟာ ဒီပွဲအပြီး သုံး ရက်သာခြားကာလိဂ်ဖလားပွဲစဉ် အဖြစ်ထပ်မံဆုံတွေ့ကြရဦးမှာဖြစ်ပါတယ်။ မော်ရင်ညိုအနေနဲ့ ဆုဖလားတစ်လုံးအတွက် လိဂ်ဖလားကိုလည်းအာရုံစိုက်မှာဖြစ်သလို ယူရိုပါလိဂ်ကြောင့်လည်း ပွပန်းလာနိုင်တာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနိုင်ပေမယ့် ဝက်စ်ဟမ်းကတော့ဥရောပပွဲမရှိလို့မန်ယူလောက် ပွဲဆက်များမှုမရှိပါဘူး။စပါးနဲ့ပွဲမှာကစားခဲ့တဲ့ ဝက်စ်ဟမ်းခြေကလည်း ကောင်းမွန်လို့မန်ယူကပ်ပြီးသာနိုင်မယ်။

ဟားလ်စီးတီး - ဝက်စ်ဘရွန်း

ည ၉း၃၀ (၂၆-၁၁-၁၆)

တန်းမဆင်းရဖို့ရုန်းကန်နေရတဲ့ဟားလ်အနေနဲ့ ဘဝတူ ဆန်းဒါးလန်းနဲ့ပွဲမှာဂိုးပြတ်ရှုံးနိမ့်ခဲ့ရတာကြောင့် နှစ်နာခဲ့ရသလို ဒီအိမ်ကွင်းပွဲမှာ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း ဝက်စ်ဘရွန်း ခြေကလည်းကောင်းမွန်မှုရှိတယ်လို့ဆို နိုင်ပါတယ်။ နောက်ဆုံးအဝေးကွင်းပွဲမှာ လက်စတာကိုတောင် နိုင်ပွဲရယူနိုင်ခဲ့ပါတယ်။ အထူးသဖြင့် ဟားလ်ခံစစ်ပိုင်းကတည်ငြိမ်မှုလုံးဝမရှိတာကြောင့် ဒီပွဲမှာလည်းဟားလ်တို့ ရုန်းကန်ရနိုင်ကာ အမြင့်ဆုံးသရေလောက်ပဲ ကစားနိုင်ဖို့ရှိပါတယ်။

လီဗာပူး - ဆန်းဒါးလန်း

ည ၉း၃၀ (၂၆-၁၁-၁၆)

ဆောက်သမ်တန်ကို အနိုင်မရခဲ့တာကြောင့် လီဗာပူးတို့နှစ်မှတ် ဆုံးရှုံးခဲ့ရတဲ့အတွက် ဒီပွဲစဉ်မှာနိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့် လီဗာပူးဟာဒီပွဲအပြီးမှာ လိဂ်ဖလားကွာတားပွဲစဉ် ကစားရဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း လီဗာပူးတို့ ခြေကုန်ထုတ်နိုင်ဖို့တော့ခက်ပါတယ်။ လက်ရှိအချိန်မှာ ဆန်းဒါးလန်းရဲ့ ခြေကလည်း ကောင်းမွန်နေတာကြောင့် လီဗာပူးတို့အနည်းငယ် အခက်တွေ့နိုင်ကာ ကပ်ပြီးသာနိုင်မယ်။

ချယ်လ်ဆီး - စပါး

နံနက် ၀၀း၀၀ (၂၇-၁၁-၁၆)

လန်ဒန်ဒါဘီပွဲစဉ် ဖြစ်တာကြောင့် နှစ်သင်းစလုံးအားစိုက် ကစားလာဖို့ရှိနေပါတယ်။ စပါးဟာဝက်စ်ဟမ်းနဲ့ပွဲမှာကစားပုံကောင်းမွန်ခဲ့သလို နိုင်ပွဲပျောက်ဆုံးမှုတွေကိုလည်းရပ်တန့်နိုင်ခဲ့ပေမယ့် ဒီပွဲ မတိုင်ခင်မှာ ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့်ပွပန်းမှုတွေရှိလာနိုင်ပါတယ်။ ချယ်လ်ဆီးကတော့ကြားပွဲ မကစားခဲ့ရသလို လိဂ်ဖလားပွဲလည်း ကစားရဖို့မရှိဘဲ အိမ်ကွင်းပါဖြစ်နေလို့ခြေကုန်ထုတ်ကစားလာနိုင်ပါတယ်။ ချယ်လ်ဆီးနိုင်ပွဲရဖို့သေချာနေပါတယ်။

အာဆင်နယ် - ဘုန်းမောက်

ည ၈း၄၅ (၂၇-၁၁-၁၆)

မန်ယူနဲ့ သရေကျခဲ့တာကြောင့် အာဆင်နယ်တို့ နိုင်ပွဲပြန်လည်ရယူနိုင်အောင် အားစိုက်လာမှာဖြစ်ပေမယ့် ပွဲဆက်တွေများနေပါတယ်။ ချန်ပီယံလိဂ်ကြောင့်ပွပန်းလာနိုင်သလို လိဂ်ဖလားပွဲလည်းကစားရဖို့ရှိတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ပါခက်ပါတယ်။ ဘုန်းမောက်ကလည်း ခံစစ်ကိုအားပြုကစားမှာဖြစ်တာကြောင့် အာဆင်နယ်အခက် တွေ့နိုင်ကာကပ်ပြီးသာနိုင်မယ်။

ဆောက်သမ်တန် - အဲဗာတန်

ည ၁၁း၀၀ (၂၇-၁၁-၁၆)

လီဗာပူးကို သရေကစားနိုင်ခဲ့ပေမယ့် ဆောက်သမ်တန်ခြေက သာမန်သာရှိပါတယ်။ နောက်ဆုံး လေးပွဲဆက်တိုက်အနိုင်မရခဲ့တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာဖြစ်ပေမယ့် ယူရိုပါလိဂ်ကြောင့် ပွပန်းလာနိုင်သလို လိဂ်ဖလားပွဲအဖြစ်လည်း အာဆင်နယ်နဲ့ ကစားရဖို့ရှိနေလို့ ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနေပါတယ်။ အဲဗာတန်ကတော့အ ဝေးကွင်းပွဲတွေမှာ ခြေအနည်းငယ်ကျတတ်ပေမယ့် ပွပန်းမှုမရှိပါဘူး။ လိဂ်ဖလားပွဲလည်းမရှိတာကြောင့် ဆောက်သမ်တန်တို့အမြင့်ဆုံးသရေလောက်ပဲ ကစားနိုင်ဖို့ရှိပါတယ်။

အမ်ကေဒွန်းစ်အသင်းနှင့် ဆွေးနွေးခဲ့သည်ကို ဝန်ခံခဲ့သော်လည်း နည်းပြအဖြစ် ဆောင်ရွက်ရန် အဆင်သင့် မဖြစ်သေးဟု ဂျာရတ်ဖွင့်ဟ

စတီဗင်ဂျာရတ် အယ်လ်အေဂလက်စီအသင်းမှ ထွက်ခွာလာခဲ့ပြီးနောက် အမ်ကေဒွန်းစ်အသင်းက ချက်ချင်းဆိုသလို လစ်လပ်လျှက်ရှိသည့် နည်းပြရာထူးအတွက် ဆောင်ရွက်ရန် ကမ်းလှမ်းခဲ့သော်လည်း အချိန်စောလွန်းသေးသဖြင့် ငြင်းပယ်ခဲ့ခြင်းဖြစ်ကြောင်း ဂျာရတ်က အမ်ကေဒွန်းစ်အသင်းနှင့် စပ်လျဉ်း၍ ပထမဦးဆုံးအကြိမ် ဖွင့်ဟပြောကြားလိုက်သည်။

ဂျာရတ်က အမ်ကေဒွန်းစ်နှင့် ချတ်ဆက်ခဲ့သည်ကို အတည်ပြုခဲ့သော်လည်း နည်းပြအလုပ်ကို ထမ်းဆောင်ရန် အသင့်မဖြစ်သေးကြောင်းဆိုခဲ့သည်။ အသက်(၃၆)နှစ်အရွယ် ဂျာရတ်မှာ လွန်ခဲ့သည့် တစ်နှစ်ခွဲကာလက လီဗာပူးအသင်းမှ ထွက်ခွာ၍ အမေရိကန်မေဂျာလိဂ် ကလပ် အယ်လ်အေဂလက်စီသို့ သွားရောက် ကစားခဲ့ပြီးနောက် နိုဝင်ဘာလဆန်းပိုင်းက ဂလက်စီနှင့် စာချုပ်ဖျက်သိမ်းကာ အင်္ဂလန်သို့ ပြန်လာခဲ့ခြင်းဖြစ်သည်။

ဂျာရတ်အနေဖြင့် အမ်ကေဒွန်းစ်အသင်း၏ ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ခြင်းမှာ လီဗာပူးနှင့် လက်တွဲလုပ်ရန်ဖြစ်သည်ဟု မီဒီယာများက အသားပေးဖော်ပြနေသော်လည်း ဂျာရတ်ကိုယ်တိုင်က ယင်းကိစ္စရပ်နှင့် ပတ်သက်၍ တစ်ကြိမ်တစ်ခါမျှ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။ ဂျာရတ်မှာ အသင်းဟောင်း လီဗာပူးအသင်းနှင့်လည်းဆွေးနွေးမှုများ ပြုလုပ်နေပြီး လူငယ်အကယ်ဒမီစီမံကိန်းကို တာဝန်ယူရန် နီးစပ်နေကြောင်းသိရသည်။

(မေလဲ့သင်း)

တာချီလိတ်မြို့တွင်း သွားလာမှုအဆင်ပြေရေး အုတ်စီရေမြောင်းနှင့် ကတ္တရာခင်းလုပ်ငန်းများ ဆောင်ရွက်

တာချီလိတ် နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်စည်ပင်သာယာရေးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ်အတွင်း မြို့တွင်းသန့်ရှင်းသာယာရေးနှင့် သွားလာမှုလွယ်ကူအဆင်ပြေကာ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ရန်အောင်မြေရပ်ကွက်ရှိ မြန်မာ့နှစ်ရှည်ပင်ရုံးရှေ့ လမ်းဘေးဝဲယာ အုတ်စီရေမြောင်းပြုလုပ်ခြင်း၊ ပါဆတ်ရပ်ကွက်ရှိ ဘုရင့်နောင်လမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ဘုရင့်နောင်လမ်းသွယ် အမှတ်(၁)၊ (၂) နှင့် (၃) ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြန်မာ့နှစ်ရှည်ပင်ရုံးရှေ့တွင် အရှည်ပေ (၅၀၀×၂) ပေ၊ အကျယ်(၂) ပေ၊ အနက် (၂ ဒသမ ၆) ပေရှိ အုတ်စီရေမြောင်း၊ ဘုရင့်နောင်လမ်းအရှည် (၇၀၀) ပေ၊ အကျယ် (၁၂) ပေ၊ ထု (၃) လက်မရှိ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၊ ဘုရင့်နောင်လမ်းသွယ်(၁) အရှည်ပေ (၃၀၀)၊ အကျယ် (၁၂) ပေ၊ ထု (၉) လက်မ ကတ္တရာခင်းခြင်း၊ ဘုရင့်နောင်လမ်းသွယ် (၂) အရှည်ပေ (၃၀၀)၊ အကျယ် (၁၂) ပေ၊ ထု (၉) လက်မ ကတ္တရာခင်းခြင်းနှင့် ဘုရင့်နောင်လမ်းသွယ် (၃) အရှည်ပေ(၄၀၀)၊ အကျယ် (၁၂) ပေ၊ ထု (၉) လက်မ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးအတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ (ကျိုင်းတုံ) မှ ဒုတိယအင်ဂျင်နီယာ မျူးကြီး ဦးထွန်းထွန်းဇော်နှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၂၂ ရက် နံနက်တွင် ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုးထွန်းနှင့် အင်ဂျင်နီယာမှူးဦးလှမျိုးတို့က ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)

မြို့နယ်တိုင်းရင်းဆေးကုဌာနမှ မိတ္ထီလာဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

မိတ္ထီလာ နိုဝင်ဘာ ၂၅

မိတ္ထီလာမြို့နယ်၌ တိုင်းရင်းဆေးပညာဦးစီးဌာန မြို့နယ်တိုင်းရင်းဆေးကုဌာနက တိုင်းရင်းဆေးအကြောင်း သိရှိစေရန် မြို့ပေါ်ရှိကျောင်းများနှင့် မိတ္ထီလာဘိုးဘွားရိပ်သာတို့ကို ကွင်းဆင်း၍ လစဉ် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများကို ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကွင်းဆင်း၍ တိုင်းရင်းဆေးဖြင့် ကုသပေးခဲ့ကြောင်း သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးဌာနပညာဦးစီးဌာန မြို့နယ်တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်သန်းသန်းနိုင်ဦးဆောင်ပြီး ဝန်ထမ်းများမှ တိုင်းရင်းဆေးအကြောင်း သိရှိစေရန် မိတ္ထီလာဘိုးဘွားရိပ်သာသို့ကွင်းဆင်း၍ အဘိုး (၁၀) ဦး၊ အဘွား (၂၂) ဦးတို့အား တိုင်းရင်းဆေးပညာဖြင့် ဆေးကုသပေးခဲ့ရာ မိတ္ထီလာဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများကို ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လစဉ် တစ်လနှစ်ကြိမ် ကွင်းဆင်း၍ တိုင်းရင်းဆေးနည်းဖြင့် ကုသပေးခဲ့ကြောင်း မြို့နယ်တိုင်းရင်းဆေးမှူးကပြောသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

မှုခင်းပညာပေးပြခန်းယာဉ်ပြသ၊ ကျောင်းသား၊ကျောင်းသူများနှင့် ပြည်သူများ လေ့လာကြည့်ရှု

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းဖြစ်စဉ်များ လျော့နည်းကျဆင်းရေးအတွက် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် စာသင်ကျောင်းများ၊ လူစည်ကားရာနေရာများသို့ သွားရောက်၍ ပညာပေးပြသလျက်ရှိရာ နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အမှတ် ၃ ရပ်ကွက် ဝိုလ်မျူးဗထူးလမ်းနှင့် ယောမင်းကြီးလမ်းထောင့်သို့ရောက်ရှိပြီး မှုခင်းပညာပေးပြခန်းယာဉ်ကို ဖွင့်လှစ်ပြသရာ အမှတ် ၂ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများ၊ ရပ်ကွက်ပြည်သူများ လာရောက်လေ့လာကြည့်ရှုကြသည်ကို မြင်တွေ့ရသည်။

"ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်မှာ ရဲတပ်ဖွဲ့နဲ့ ရပ်ကွက်အခြေပြုအဖွဲ့တွေ ပူးပေါင်းပြီး မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေတာမို့ အရင်ကထက် မှုခင်းဖြစ်စဉ်တွေ လျော့နည်းကျဆင်းသွားပါတယ်"ဟု ယင်းလုပ်ငန်းခွင်မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းက ပြောကြားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အမှတ် ၂ အခြေခံပညာအထက်တန်းကျောင်းရှိ စံပယ်ခန်းမ၌ မှုခင်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲကို ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၆) မှ ဒုရဲအုပ်သိန်းဌေးတို့က မှုခင်းဖြစ်စဉ်များနှင့် လူကုန်ကူးမှုဖြစ်စဉ်များကို သိဖွယ်မှတ်ဖွယ်အဖြစ် ဟောပြောခဲ့ကြကြောင်း သိရသည်။

မောင်သုည

စဉ့်ကိုင်မြို့၌ မိုးစပါးစံကွက်ရိတ်သိမ်းမှု ကြည့်ရှု

စဉ့်ကိုင် နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မိုးကောင်းကျေးရွာအုပ်စု ကွင်းအမှတ် (၅၆)(ခ) မိုးကောင်းကွင်း ဦးပိုင်အမှတ်(၇၃)/၃ မိုးစပါးစိုက်ကေ (၅ ဒသမ ၅၀) ဧကရှိ တောင်သူဦးလှမြင့်၏ မနောသုခစပါး မျိုးစံကွက်တွင် နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီက စံကွက်ရိတ်သိမ်းမှုအား ကြည့်ရှုခဲ့ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲသို့ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမြတ်သုဝေ၊ ကျောက်ဆည်ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးကျော်လွင်၊ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဦးမျိုးမင်း၊ စဉ့်ကိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဌေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးစိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အနီးပတ်ဝန်းကျင်မှ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

စံကွက်ရိတ်သိမ်းရာတွင် တောင်သူဦးလှမြင့်၏ မနောသုခစံကွက်စပါးတစ်ဧကအထွက်နှုန်းမှာ ၁၁၉ ဒသမ ၇၆ တင်းထွက်ရှိကြောင်း သိရသည်။

မိုးအောင်(စဉ့်ကိုင်)

ဆင်းသုခ မျိုးသန့်မျိုးစပါး စံကွက်ရိတ်သိမ်း

အိမ်မဲ နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၁၆ - ၂၀၁၇ ခုနှစ် မိုးစပါးဆင်းသုခ မျိုးသန့်မျိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီက အိမ်မဲမြို့ ကွမ်းယားတံခွန်တိုင်းကျေးရွာ တောင်သူဦးသန့်ဇော်၏ လယ်မြေကွင်းအမှတ် - ၈၉(ခ) ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆင်းသုခမျိုးသန့်မျိုးပွားစေ့ RS မှ စီးပွားဖြစ်မျိုးသန့်မျိုးပွားမျိုးစေ့ CS အဖြစ် စိုက်ပျိုးထားသော ဆင်းသုခမျိုးသန့်စပါး စံကွက်ရိတ်သိမ်းသည့် စိုက်ပျိုးကေများ ရိတ်သိမ်းခဲ့ပြီး အဆိုပါစံကွက်မှ အစို စဘ ဒသမ ၉၃ တင်း၊ အခြောက် ၇၈ ဒသမ ၆၇ တင်းနှုန်းထွက်ရှိခဲ့သည်။

စံကွက်ရိတ်သိမ်းပွဲသို့ မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အေး၊ အိမ်မဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးနှင့် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ အိမ်မဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးစိုးမြင့်အောင်နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးသန့်စပါးများစိုက်ပျိုးလာရေးစပါးအထွက်တိုးရေးအတွက်စိုက်ပျိုးနည်းစနစ်များကိုအသိပညာပေးကူညီမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာရန်ပုံငွေဖြင့် လမ်းခင်းနေမှုကွင်းဆင်းစစ်ဆေး

မတ္တရာ နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာရန်ပုံငွေ၊ ကျေးရွာလူထုထည့်ဝင်ငွေဖြင့် ကျေးရွာအုပ်စုလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အင်းကုန်း-ရွာသစ်-လက္ကောင်းကြီး ကျေးရွာချင်းဆက်လမ်းကျောက်ချောလမ်းခင်းနေမှုအား လုပ်ငန်းကြီးကြပ်မှုအဖွဲ့က နိုဝင်ဘာ ၂၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရွေးစုကျေးရွာအုပ်စု အင်းကုန်း-ရွာသစ်-လက္ကောင်းကြီး ကျေးရွာချင်းဆက်လမ်းမှာ အရှည် ပေ ၈၈၀၀ ရှိပြီး အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မရှိ ကျောက်ချောလမ်းအဖြစ် နိုဝင်ဘာပထမပတ်မှ စတင်၍ ကျေးရွာလုပ်အားများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဗိုးကျော်သူထွေး(မတ္တရာ)

ဒကွိဏသိရိမြို့နယ်တွင် မှုခင်းပညာပေးယာဉ်ဖြင့် လှည့်လည်အသိပညာပေး

နေဖြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရဲတပ်ဖွဲ့မှ မှုခင်းပညာပေးမော်တော်ယာဉ်ဖြင့် နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက ဒကွိဏသိရိမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးစိုးဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ တာဝန်ရှိသူများက ဒကွိဏသိရိမြို့နယ် ရွှေအင်ကြင်းရပ်ကွက် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းနှင့် ကျွန်းတက်ပဲကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာများသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများအား လူကုန်ကူးမှုအသိပညာပေးခြင်း၊ မှုခင်းအသိပညာပေးခြင်း၊ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို ဓာတ်ပုံများ၊ ပိုစတာများ၊ ဗွီနိုင်းများဖြင့် အသိပညာပေးပြသကြပြီး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရွှေကုဏ္ဍို

မုံရွာကျောက္ကာရေနံချက်ဖိုတွင် ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်း ယာယီလိုင်စင်ထုတ်ပေး

မုံရွာ နိုဝင်ဘာ ၂၅

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုလုပ်ငန်းနှင့် တိုင်းဒေသကြီးရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင် သယ်ယူချက်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီတို့၏ ပူးပေါင်းမှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသန္တရရေနံချက်လုပ်ငန်းများ စနစ်တကျရှိစေပြီး ဒေသဖွံ့ဖြိုးရေးအတွက်လည်းကောင်း၊ မလိုလားအပ်သော အန္တရာယ်များ မဖြစ်ပွားစေရေးအတွက်လည်းကောင်း ရည်ရွယ်၍ ယာယီလိုင်စင်များ ထုတ်ပေးခြင်းနှင့် စည်းကမ်းသတ်မှတ်ချက်များ အသိပညာပေး ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျောက္ကာရေနံချက်ဖိုရှိ စွမ်းအားဖွံ့ဖြိုးကုမ္ပဏီခန်းမတွင် ပြုလုပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူချက်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီ အတွင်းရေးမှူး ဦးကျော်ဦးက လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ မြန်မာ့ရေနံဓာတုလုပ်ငန်း(နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီလာဦးက ယာယီလိုင်စင်များ ဖြေလျှော့မှုများဖြင့် ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် စည်းကမ်းသတ်မှတ်ချက်များ အသိပညာပေးခြင်းကိုလည်းကောင်း၊ စွမ်းအားဖွံ့ဖြိုးကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်လင်းမှ လုပ်ငန်းများ ဆောင်ရွက်ခဲ့ရသည့် အခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ရေနံချက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ကြသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(ဗိုးချမ်း-မုံရွာ)

မြဝတီမြို့တွင် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲ ကျင်းပ

မြဝတီ နိုဝင်ဘာ ၂၅

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ရွှေမြင်းဝန်စေတီတော်မြတ်ကြီးတွင် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ ပါဝင်သော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လောင်းလှူပူဇော်ပွဲတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီမှ ဝိဏ်းပေါင်းစုံ နိုင်ငံတော် သြဝါဒါစရိယဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့မှ ဆရာတော်ကြီးများ၊ ကျိုက်ထီးဆောင်း ဆရာတော်ကြီးနှင့် သံဃာတော်များ၊ ကရင်ပြည်နယ်သံဃနာယကအဖွဲ့နှင့် မြဝတီမြို့နယ် သံဃနာယကအဖွဲ့မှ ဆရာတော်ကြီးများ စုစုပေါင်း သံဃာတော်အရှင်သူမြတ် အပေါင်း ၇၀ နှင့် ထိုင်းသံဃာတော် ၁၀ ပါး စုစုပေါင်း အပေါင်း ၈၀ တို့အား ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ခြင်း ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် လမ်းနှင့်တံတားတည်ဆောက်ပေး

ကောလင်း နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ခွင့်ပြုရန် ပုံငွေဖြင့် မြို့နယ်အတွင်းကျေးရွာချင်းဆက်မြေသားလမ်းမွမ်းမံခြင်းနှင့် သံပေါင်တင်တံတား ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ကောလင်းမြို့နယ် ဆင်ကုန်းအုပ်စု ဆင်ကုန်းကျေးရွာတွင် မြေသားလမ်းနှင့် သံပေါင်တင်တံတား တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကောလင်းမြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုမည့် လမ်းများတွင် ပါဝင်သော ဆင်ဂေါင်းကျေးရွာရှိ မြေသားလမ်း ၁/ ၇ မိုင်အား ခွင့်ပြုငွေကျပ် ၁၀ သန်းဖြင့် မြေသားလမ်းမွမ်းမံခြင်းအား ဆောင်ရွက်ရာတွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းနှင့် အလားတူ ၂၀ ပေ အကျယ် ၁၅ ပေရှိ သံပေါင်တင် သစ်သားတံတားအား ခွင့်ပြုငွေကျပ် ၁၈ ဒသမ ၁၅ သန်းဖြင့် တည်ဆောက်နေလျက်ရှိရာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီး အလားပေ ၂၀၊ အကျယ် ၁၅ ပေရှိ သံပေါင်တင် သစ်သားတံတား တည်ဆောက်နေလျက်ရှိရာ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးဦးသောင်းမြင့်က ပြောသည်။

ဆင်ဂေါင်းကျေးရွာသည် ကောလင်းမြို့နယ်တွင်ပါဝင်သည့် ကျေးရွာတစ်ရွာဖြစ်သော်လည်း ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့၊ ဇော်ချောင်း၊ သင်တော၊ အလယ်ခုံကျေးရွာတို့မှ တစ်ဆင့်သွားရပြီး လမ်းကြောင်းတစ်ခုတည်းသာရှိသည့် ကျေးရွာဖြစ်သည်။

အခြားကျေးရွာများနှင့်လည်း ဆက်သွယ်သွားလာသည့် လမ်းကြောင်းမရှိသဖြင့် ယခုလမ်းကိုသာ သွားလာကြရသဖြင့် မိုးရာသီကာလ သွားလာကြရာ၌ အခက်အခဲများစွာကြုံတွေ့ခံစားရကြောင်း ဒေသခံများက ပြောသည်။

ယခုအခါ မြေသားလမ်းမွမ်းမံခြင်းမှာ ပြီးစီးပြီဖြစ်၍ ရာသီမရွေးသွားလာနိုင်တော့မည်ဖြစ်သည်။

တံတားပြီးစီးသွားပါက ကျေးရွာအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာတော့မည်ဖြစ်ကြောင်းသိရသည်။

နိုင်းလူမင်း (မိုဒိယာ)

အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

ကျောက်တန်း နိုဝင်ဘာ ၂၅

ရန်ကုန်တောင်ပိုင်းခရိုင်နှင့် ကျောက်တန်းမြို့နယ် သာသနာ့နုဂ္ဂဟအသင်း၏ အစီအစဉ်ဖြင့် အဖွဲ့ခေါင်းဆောင် ဒေါက်တာခင်သန်းခွန်နှင့် ဒေါက်တာရီရီစိန်၊ ဒေါက်တာခင်ဌေးလှိုင်တို့ ပါဝင်သည့် ဆေးကုသရေးအဖွဲ့သည် နိုဝင်ဘာ ၂၄ ရက်က ကျောက်တန်းမြို့နယ် တံတားမြို့အနောက်ကျောင်း၌ ဖွင့်လှစ်ထားသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၇၄ ဦးနှင့် ပြည်သူ ၆၀ တို့အား နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ဆွေ (ရွှေတံတား)

တာချီလိတ်မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

တာချီလိတ် နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ Golden Cherry ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မှ တပ်ဖွဲ့စိတ်မှူးရဲမှူး ရင်ရင်အေးက ကလေးသူငယ်လူကုန်တားတပ်ဖွဲ့စိတ်ဖွဲ့စည်းပုံနှင့်မှုခင်းဆိုင်ရာဖြစ်စဉ်များကိုလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံလူမှုဝန်ထမ်းရုံးမှ ဒုတိယဦးစီးမှူး ဒေါ်လှလှထွန်းက မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဝေါလီဗီရှင်း (မြန်မာ)တာချီလိတ်မှ စီမံချက်မန်နေဂျာ ဒေါ်နန်းခမ်းခေါင်က ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်မှုကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ အဖွဲ့ဝင်များက ကလေးသူငယ်များ ကျန်းမာရေးဆိုင်ရာများ၊ ပညာသင်ကြားခွင့်ဆိုင်ရာများ၊ မူးယစ်ဆေးဝါး အန္တရာယ်များ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများအား ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)

ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပစ္စည်းများထောက်ပံ့

ရေး နိုဝင်ဘာ ၂၅

မွန်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ နိုဝင်ဘာ ၂၃ ရက်က ရေးမြို့နယ် အစင်ကျေးရွာနှင့် ဓမင်းဆိပ်ကျေးရွာရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြိုကျောင်းတွင် မူကြိုကလေးငယ်များအတွက် ကစားစရာအရုပ်များနှင့် အာဟာရဖြစ်စေသောမုန့်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မုတ္တမရေတိမ်ဒေသ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းနိုင်ရေး ဆွေးနွေး

မော်လမြိုင် နိုဝင်ဘာ ၂၅

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မုတ္တမရေတိမ်ဒေသ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းနိုင်ရေးဆွေးနွေးပွဲကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီခန့်က စေးကြိုရပ်ကွက် ရာမညဟိုတယ်ခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မုတ္တမပင်လယ်ကွေ့ဒေသ ရပ်ရွာအခြေပြု ကမ်းရိုးတန်းစီမံချက် ဒါရိုက်တာ ဦးမင်းသိန်းမြင့်နှင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးသံချောင်းတို့က ရေတိမ်ဒေသအကြောင်းနှင့် မုတ္တမဒေသ ငါးလုပ်ငန်းအခြေအနေတို့အား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဦးသန်းထိုက်အောင်က စီမံကိန်းနောက်ခံသမိုင်းနှင့် စီမံကိန်းရလဒ်အား ဆွေးနွေးခဲ့ပြီး ဦးပြည်ဖြိုးအောင်က မုတ္တမဒေသအား ခြိမ်းခြောက်နေမှုနှင့် စိန်ခေါ်မှုများအား ရှင်းလင်းပြောကြားခဲ့သည်။

တက်ရောက်လာသူများမှလည်း ပြည်နယ်အဆင့် ရေတိမ်ဒေသ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းနိုင်ရေးနှင့် ကော်မတီ၏ တာဝန်ဝတ္တရားများအား ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမင်းကြည်ဝင်း၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူး၊ မုတ္တမပင်လယ်ကွေ့ဒေသ ရပ်ရွာအခြေပြု ကမ်းရိုးတန်းစီမံချက် ဒါရိုက်တာ၊ စီမံချက်မန်နေဂျာ စုစုပေါင်း အင်အား ၃၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ပြည်နယ် ပြန်/ဆက်

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ပလောက် နိုဝင်ဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ စည်ပင်သာယာဈေးကြီးအရှေ့၌ နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ စည်ပင်သာယာဈေးကြီးအား မီးသတ်ပိုက်ဖြင့် ရေဖျန်းငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးများအသုံးပြု မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြမှုများကို ပုလောမြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုဦးစီးမှူးနှင့် ပလောက်မြို့ မီးသတ်ဦးစီးဌာနမှ သန္ဓေတပ်ဖွဲ့ဝင် ကိုးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦးတို့က မီးသတ်ယာဉ် တစ်စီး၊ မီးသတ် ရေသယ်ယာဉ်တစ်စီးတို့ဖြင့် လက်တွေ့ဆောင်ရွက်ခဲ့ပြီး ပလောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးဦးမျိုးဝေ၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လာရောက်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါအစီအစဉ်အား မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါ စည်ပင်သာယာ ဈေးအတွင်း မီးလောင်မှုဖြစ်ပွားပါက ဆုံးရှုံးမှုတန်ဖိုး များစွာမဖြစ်ပေါ်ဘဲ အချိန်နှင့်တစ်ပြေးညီ ထိရောက်အောင်မြင်စွာ မီးငြိမ်းသတ်နိုင်ရေး ဈေးသူ၊ ဈေးသားများအား မီးလောင်ကျွမ်းမှုဖြစ်ပေါ်လာလျှင် မီးငြိမ်းသတ်နည်းစနစ်များအား လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

ပလောက်(ပြန်/ဆက်)

ကြေးမုံ

မြန်မာကင်းထောက် နှစ် ၁၀၀ ပြည့်အကြိုကင်းထောက်ကြီးများ၏ ရင်တွင်းစကားသံများ

ကိုလတ်(သတင်းစဉ်)

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ စတင်ဖွဲ့စည်းခဲ့သည့် ၁၉၁၆ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နှစ် ၁၀၀ ပြည့်ပြီဖြစ်ရာ ကင်းထောက်၏ ဆောင်ပုဒ်နှင့်အညီ အမြဲ "အစဉ်အသင့်"ဖြစ်နေကြသော ကင်းထောက်ကြီးများ၏ မြန်မာကင်းထောက် ရာပြည့် အထိမ်းအမှတ်အကြို ရင်တွင်းစကားသံများဖြစ်ပါသည်။

ဒေါက်တာတင်ညို
(မြန်မာနိုင်ငံအမျိုးသားကင်းထောက်ချုပ်)

"၁၉၁၆ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တဲ့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ဟာ ၂၀၁၆ ခုနှစ်မှာ နှစ် ၁၀၀ ပြည့်လာပြီဖြစ်လို့ မြန်မာကင်းထောက် ရာပြည့်အထိမ်းအမှတ်အကြို အခမ်းအနားတွေကို နိုဝင်ဘာ ၂၇ ရက်နေ့မှာ ရန်ကုန်တိုင်းအပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကျင်းပဖို့ စီစဉ်ထားပါတယ်။ မြန်မာနိုင်ငံကင်းထောက် စတင်ဖွဲ့စည်းပြီး အာရှနှင့်ပစိဖိတ်ဒေသသာမက ကမ္ဘာ့ကင်းထောက်အဖွဲ့တွင်ပါ အောင်မြင်စွာ လှုပ်ရှားနိုင်ခဲ့ပြီး ဒေသတွင်းဦးဆောင်မှုပေးနိုင်ခဲ့ပါတယ်။ အဲဒီကာလက တက်ကြွစွာလှုပ်ရှား ဦးဆောင်ခဲ့ကြတဲ့ ကင်းထောက်ကြီးများဟာ အခုအခါအသက် ၈၀ ကျော်၊ ၉၀ အရွယ်အထိ ကင်းထောက်လုပ်ငန်းတွေအပေါ် သံယောဇဉ်ကြီးခဲ့ပြီး အခုတိုင်ပါဝင်လှုပ်ရှားနေတာဟာ မြန်မာနိုင်ငံ ကင်းထောက်အမျိုးသား၊ အမျိုးသမီးများအတွက် ဂုဏ်ယူဖွယ် မှတ်တမ်းဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးရဲ့ မြန်မာကင်းထောက် ရာပြည့် အထိမ်းအမှတ်အကြို အခမ်းအနားကို ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ နိုဝင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းမှာ အစဉ်အလာကြီးသော ကင်းထောက်ကြီးများ ပြန်လည်တွေ့ဆုံပွဲကို ကင်းထောက်ကြီးများက မိမိတို့ အရင်က ဝတ်ဆင်ခဲ့တဲ့ ကင်းထောက်ဝတ်စုံပုံစံနဲ့ အခြား အဆောင်အယောင်တံဆိပ်များ ဝတ်ဆင်နိုင်ပြီး ဝံပုလွေ၊ ကင်းထောက်၊ ရိုဗာများ၊ ဌက်ပြာ၊ ကင်းထောက်ငယ်များအားလုံး တက်ရောက်နိုင်ပါတယ်။ မွန်းလွဲပိုင်းမှာ မြန်မာကင်းထောက် ရာပြည့် အထိမ်းအမှတ်အကြိုအခမ်းအနားကို ကင်းထောက်လူငယ်တေးသီချင်းများ သီဆိုဖွင့်လှစ်ပြီး ကမ္ဘာ့ကင်းထောက်အဖွဲ့၊ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများတက်ရောက်ပြီး ကင်းစိတ်အကောင်းဆုံးဆု ချီးမြှင့်မှာဖြစ်ပါတယ်။ ညနေပိုင်းမှာ ကျောင်းအလိုက်၊ တက္ကသိုလ်အလိုက် ကင်းထောက်မောင်မယ်များရဲ့ ဖြေဖျော်မှုများပါပြီး ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမအောက်ထပ်မှာ ကင်းထောက်ပြခန်းများ၊ အမှတ်တရ ပစ္စည်းအရောင်းဆိုင်များဖွင့်လှစ်ထားမှာဖြစ်ပါတယ်"

.....

ဦးခင်မောင်ဌေး(သီဟကင်းထောက်ကြီး) (၈၂ နှစ်)

"ကျွန်တော်တို့ ကင်းထောက်များဟာ "ငယ်စဉ်က ကင်းထောက်-ထာဝရ ကင်းထောက်"(Once a Scout Ever a Scout)ဆောင်ပုဒ်နှင့်အညီ ငယ်စဉ်က ကင်းထောက်ဖြစ်ခဲ့ပြီး ကြီးလာသည့်အထိ ထာဝစဉ် ကင်းထောက်များအဖြစ် ခံယူကာ ကင်းထောက်အသိစိတ်ဓာတ်ဖြင့် အရာရာကို ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ ငယ်စဉ် က ကင်းထောက်ဘဝအဆင့်ဆင့် နောက်ဆုံးရိုဗာကင်းထောက်အဖြစ် ဖြတ်သန်းခဲ့ပြီး လွန်ခဲ့သည့် ၆၅ နှစ်ခန့်က သမ္မတအိမ်တော်တွင် နိုင်ငံတော်သမ္မတကြီးစဝ်ရွှေသိုက်ကိုယ်တိုင် မြို့တော်ဝန်အလံ ဆုချီးမြှင့်မှုကို ကင်းစိတ်ခေါင်းဆောင်အဖြစ် ရယူခဲ့ပါတယ်။ အခုအခါ အချို့ကင်းထောက်ကြီးများလည်း ကွယ်လွန်ပြီး ကျွန်တော်တို့ အသက် ၈၀ ကျော် ကင်းထောက်ကြီးအနည်းငယ်သာကျန်ပြီး မြေးအရွယ် ကင်းထောက်ကလေးများကို ငယ်စဉ်က ကျွန်တော်တို့ သင်ကြားလေ့ကျင့် ခဲ့ရတဲ့ ကင်းထောက်အတွေ့အကြုံများနဲ့ တိုင်းပြည်အတွက် အဘက်ဘက်မှ အားထားရမယ့် ကင်းထောက်လူငယ်များဖြစ်အောင် လေ့ကျင့်သင်ကြားပေးခွင့်ရတာကို ဝမ်းသာဂုဏ်ယူပြီး အခုလို မြန်မာကင်းထောက်နှစ် ၁၀၀ ပြည့်လာပြီဖြစ်တာကို ဂုဏ်ပြုကြိုဆိုလိုက်ပါတယ်။"

.....

ဦးအေးကျော်(သီဟကင်းထောက်ကြီး) (၈၂ နှစ်)

"မြန်မာကင်းထောက် နှစ် ၁၀၀ ပြည့်ပါပြီ၊ မျှော်မှန်းမထားနိုင်ခဲ့တဲ့ နှစ် ၁၀၀ မှာ ကင်းထောက်အဖွဲ့ကြီး နှစ် ၁၀၀ ပြည့်လို့ ကျွန်တော်အသက်ရှင်လျက်၊ ကျန်းမာလျက် ကင်းထောက်အဖွဲ့ချုပ်ကြီးကို တစ်ဖက်တစ်လှမ်းမှ ပါဝင်ကူညီထမ်းဆောင်မှုဝေနိုင်ခွင့်ရလို့ အထူးဝမ်းသာရပါတယ်။ ပါဝင်ခွင့်ပြုပေးတဲ့သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ ညီအစ်ကိုတော်များလည်း ကျေးဇူးတင်ပြီး နှစ် ၁၀၀ ကို ပါဝင်နိုင်ခြင်းမရှိကြတော့တဲ့ ကင်းထောက် ညီနောင်များ၊ နောင်တော်ကြီးများ၊ ဆရာသမားများကို သတိတရနဲ့ဝမ်းနည်းရပါတယ်။ ကျွန်တော်သည် လွန်ခဲ့တဲ့ ၁၉၄၅ ခုနှစ်မှာ ဝံပုလွေအဖြစ်နဲ့ပါဝင်ပြီး ၁၉၅၁ ခုနှစ်မှာ သီဟကင်းထောက်ဖြစ်ကာ ပါကစ္စတန်နိုင်ငံကရာချီမြို့မှာ ကျင်းပသည့် ပထမအကြိမ် နိုင်ငံတကာကင်းထောက်လူငယ်တွေ့ဆုံပွဲ(ဂျမ်ဘူရီ)ကို မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ကိုယ်စားပြု တက်ရောက်ပြီး စခန်းချပြုိင်ပွဲမှာ ပထမရခဲ့ပါတယ်။ ၁၉၅၃ ခုနှစ်မှာ ရန်ကုန်မြို့တော်ဝန် အလံပြိုင်ပွဲတွင် ပထမရခဲ့ပြီး မြို့မကျောင်းကင်းထောက်အဖွဲ့မှာ ပါဝင်ခဲ့ပါတယ်။ ကျွန်တော်တို့ကင်းထောက်ကြီးများ အရင်က နိုင်ငံတကာမှာ နိုင်ငံဝုဏ်ဆောင်ခဲ့သလို အခု နှစ် ၁၀၀ ပြည့်ချိန်မှာ ကင်းထောက်လူငယ်လေးများက ကင်းထောက်စိတ်ဓာတ်ဖြင့် တိုင်းပြည်အကျိုး ဆောင်ရွက်ကြစေလိုပါတယ်။"

.....

ဒေါက်တာဒေါ်တင်လှကြည် (မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးကင်းထောက်ချုပ်)

"ကျွန်မကို ကင်းထောက်ဆိုတာ ဘာလဲလို့ မေးကြတယ်။ ကင်းထောက်သည် သူတစ်ပါးကို ပျော်ရွှင်မှုပေးတဲ့သူဖြစ်တယ်လို့ ကင်းထောက်လှုပ်ရှားမှုကို စတင်ခဲ့တဲ့ ကင်းထောက်ဖခင်ကြီး ရောဘတ်ဗေဒင်္ဂန်ပိုဝဲလ် ပြောခဲ့သလို ပြောချင်ပါတယ်။မိမိသည် သူတစ်ပါးကို ပျော်ရွှင်မှုပေးနိုင်အောင် သူတစ်ပါးကို အခိုင်မရွေး ကူညီနိုင်အောင် အခြေခံအားဖြင့် တတ်ကျွမ်းထားရမယ့် အကြောင်းအရာများရှိပါတယ်။ ကင်းထောက်လူငယ်များက ဒီတတ်ကျွမ်းရမယ့် အခြေခံအတတ်ပညာများကို အမြဲလေ့ကျင့်နေရမှာ ဖြစ်တယ်။ ဒါမှ သူတစ်ပါးကို ကူညီလိုတဲ့အခါ အစဉ်အသင့်ဖြစ်နေမှာ ဖြစ်တယ်။ ကင်းထောက်ဝတ်စုံ ဝတ်ရုံနဲ့ကင်းထောက်မဖြစ်ပါဘူး။ ကင်းထောက်ကတိသစ္စာသုံးချက်၊ ကင်းထောက် ကျင့်ဝတ် ၁၀ ချက်ကို အမြဲလိုက်နာနေပြီး စိတ်ဓာတ်ကောင်းတဲ့သူ ဖြစ်နေဖို့က ပိုပြီး အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်မတို့ ကင်းထောက်အဖွဲ့များက မြန်မာနိုင်ငံမှာ လူငယ် လူရွယ်တွေကို မကောင်းတာရှောင်၊ ကောင်းတာကိုလက်ခံတတ်ပြီး ကျင့်ဝတ်ကောင်းတဲ့ လူငယ်တွေဖြစ်ဖို့ အားပေးနေခြင်း ဖြစ်ပါတယ်။ ကင်းထောက်ဖြစ်တဲ့ လူငယ်များဟာ မိမိတို့ရဲ့ မိသားစု၊ မိမိတို့ရဲ့ကျောင်း၊ မိမိတို့ရဲ့ပတ်ဝန်းကျင်၊ မိမိတို့နိုင်ငံအတွက် အဖိုးတန်တဲ့ လူငယ်များ၊ အတ္တစိတ်ကင်းတဲ့ လူငယ်များ၊ ခေါင်းဆောင်ကောင်းများဖြစ်လာမယ့် လူငယ်များလို့ ယုံကြည်ပါတယ်။အခုအခါ မြန်မာကင်းထောက်အဖွဲ့ဟာ နှစ် ၁၀၀ ပြည့်ပါပြီ။ဒါကြောင့် မြန်မာနိုင်ငံမှာ လူငယ်တွေအနေနဲ့ ကင်းထောက်လှုပ်ရှားမှုတွေမှာပါဝင်ပြီး တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်ကြပါလို့ တိုက်တွန်းလိုပါတယ်။"

.....

ဒေါ်ခင်စောဥမ္မာ(မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့ ဒုတိယကင်းထောက်ချုပ်)

"ကျွန်မကတော့ ငယ်စဉ်က စိန့်မေရီ ဒိုင်အို မိန်းကလေးအထက်တန်းကျောင်း(ယခု အ-ထ-က (၁) ပန်းဘဲတန်း)က ကင်းထောက်အမျိုးသမီးအဖွဲ့ဝင်ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ ကင်းထောက် နှစ် ၁၀၀ ပြည့်ပြီဖြစ်တဲ့အချိန်မှာ ပါဝင်ခွင့်ရခြင်းဟာ မင်္ဂလာတစ်ပါးပါပဲ။ ပါဝင်လှုပ်ရှားနိုင်သေးတဲ့ အရွယ်ဖြစ်လို့ ဝမ်းသာပါတယ်။ အခု ပြန်လည်ရှင်သန်ခွင့်ရတဲ့ အချိန်နဲ့ နှစ် ၁၀၀ ပြည့်နဲ့ တိုက်ဆိုင်ပြီး ပါဝင်ခွင့်ရတာကို ကျွန်မတို့ ကင်းထောက်တွေအတွက် များစွာအကျိုးရှိပါတယ်။ အခု ကင်းထောက် နှစ်၁၀၀ ပြည့်အကြို လှုပ်ရှားမှုအဖြစ် ကင်းထောက်စွမ်းရည်ပြိုင်ပွဲတွေ ကျင်းပခဲ့ပါတယ်။ အခုလို ကတိသုံးပါးနဲ့ ကျင့်ဝတ် ၁၀ ပါး ရွတ်ဆိုပြိုင်ပွဲ၊ ကြိုးချည်နည်း၊ ရေးဦးသုနာပြုစုနည်းနဲ့ တဲထိုးနည်းတွေ ပါဝင်ပါတယ်။ မိမိကိုယ်တိုင် ဒီပညာတွေကို တတ်ထားမှ သူတစ်ပါးကို ကူညီနိုင်မှာဖြစ်တဲ့အတွက် ကင်းထောက်ကလေးတွေရဲ့စွမ်းရည်ကို မြှင့်တင်ပေးတာဖြစ်ပါတယ်။ ဒီလိုလေ့ကျင့်ခြင်းအားဖြင့် အရည်အချင်းတွေတက်လာမှာပါ။ ကင်းထောက် စိတ်ဓာတ်တွေကို လူငယ်တွေဆီ လက်ဆင့်ကမ်းပေးခွင့်ရလို့ ကျွန်မတို့ ကင်းထောက်ကြီးများက ကျေနပ်မိကြပါတယ်။ ဒါကြောင့် ဒီလို နှစ် ၁၀၀ ပြည့်ပွဲမှာပါဝင် ဆင်နွှဲခွင့်ရတဲ့ ကင်းထောက်များကိုယ်စား ကင်းထောက် အမျိုးသမီးတစ်ဦးအနေနဲ့ ဝမ်းသာ ဂုဏ်ယူပီတိဖြစ်ရပါတယ်။'

.....

ဒေါ်တင်ညွန့်ဦး(မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့၊ ပညာရေးကော်မတီဝင်)

"ကျွန်မငယ်စဉ်က ကင်းထောက်တစ်ဦးဖြစ်ခဲ့ဖူးပါတယ်။ ၁၉၆၄ ခုနှစ်က ကင်းထောက်အဖွဲ့များရပ်ဆိုင်းပြီး ၂၀၁၂ ခုနှစ်မှာ ကင်းထောက်အဖွဲ့အစည်းများ ပြန်လည်ဖွဲ့စည်းမယ်ကြားစဉ်က လှိုက်လှဲဝမ်းသာစွာနဲ့ သက်ကြီးကင်းထောက် တစ်ယောက်အနေနဲ့ အသစ်ပြန်လည်ဖွဲ့စည်းတဲ့ မြန်မာနိုင်ငံကင်းထောက်အမျိုးသမီး အဖွဲ့မှာ ပါဝင်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ကင်းထောက်အဖွဲ့အစည်းတွေကို ၁၉၁၆ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ အခု ၂၀၁၆ ခုနှစ်မှာ ကင်းထောက် နှစ် ၁၀၀ ပြည့်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ဖို့ ကျွန်မတို့ ကင်းထောက်အမျိုးသမီးများဟာ အဘက်ဘက်မှ အင်တိုက် အားတိုက်ပါဝင်ဆင်နွှဲဖို့ ပြင်ဆင်နေပါတယ်။ ကျွန်မတို့ ကင်းထောက်အမျိုးသမီးတွေဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ အရင်က ကင်းထောက်ဖြစ်ခဲ့ဖူးသူတွေလည်း ပြန်လည် ဆုံစည်းခွင့်ရကြမှာပါ။ ငယ်စဉ်ကင်းထောက်ဘဝအတွေ့အကြုံများ ပြန်လည်မျှဝေပြောဆိုရခြင်းကလည်း ပီတိဖြစ်စရာအပြည့်၊ အနှစ်၅၀ မျှ ပြန်လည်ငယ်ရွယ်သွားသလို ခံစားရမှာပါ။ ကျွန်မတို့အဖွဲ့ဟာ သက်ကြီးကင်းထောက်အဖွဲ့ဝင်များအဖြစ် သတ်မှတ်ထားတဲ့ အသက် ၆၀ မှ ၇၀ ကျော် အသက်အပိုင်းအခြားရှိသူများဖြစ်ပါတယ်။အခုလို ကင်းထောက် နှစ် ၁၀၀ ပြည့်ပွဲမှာ တစ်တပ်တစ်အား ပါဝင်ဆင်နွှဲရမယ့် ရတောင့်ရခဲ့ အခွင့်အရေးအတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။"

ငြိမ်းချမ်းရေးဆိုင်ရာ ပန်းချီပြိုင်ပွဲနှင့် ဟောပြောပွဲကျင်းပ

ကော့ကရိတ် နိုဝင်ဘာ ၂၅

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လောင်းကိုင်ကျေးရွာ သုတစံအိမ်စာကြည့်တိုက်ကော်မတီများနှင့် ကရင်အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (KWEG) တို့ ပူးပေါင်းပြုလုပ်သည့် ငြိမ်းချမ်းရေးဆိုင်ရာ ပန်းချီပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက ကော့ကရိတ်မြို့နယ် လောင်းကိုင်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ပန်းချီပြိုင်ပွဲတွင် လောင်းကိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် တောင်ကြာအင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ လောင်းကိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ လူငယ်များကိမိမိတို့၏ ကိုယ်ပိုင်စွမ်းဆောင်ရည်များကို ထုတ်ဖော်ပြသခြင်းနှင့်အတူ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တတ်စွမ်းသောပန်းချီလက်ရာ၊ အနုပညာရသများဖြင့် လောကကိုအလှဆင်ကြပါစို့ဟု ခံယူကာ ပိုင်းဝန်းပါဝင်ဆင်နွှဲကြရန် KWEG တာဝန်ခံ နန်းစပယ်က ပြောကြားခဲ့သည်။ အဆိုပါပြိုင်ပွဲကို အသက်၁၅ နှစ် မှ ၂၅ နှစ် အထိ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဆုရရှိသူများကိုလည်း ထိုက်ထိုက်တန်တန် ဆုများပေးအပ်သွားမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားခဲ့သည်။

ထို့နောက် ဟောပြောပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ KWEG မှ တာဝန်ခံ နန်းစပယ်၊ လောင်းကိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကွန္ဒြောဘာသ၊ လောင်းကိုင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမန်းချစ်အေးတို့က လူငယ်လူရွယ်များအား ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဟောပြောခဲ့ကြကြောင်း သိရသည်။

စိုးထက်အောင်(ကော့ကရိတ်)

မန္တလေး–မူဆယ်လမ်းပိုင်းတွင် ၁၂ ဘီးကုန်တင်ယာဉ်များ သွားလာခွင့်ပြုသည့်အတွက် ကုန်စည်စီးဆင်းမှု ပြန်လည်အသက်ဝင်

မန္တလေး နိုဝင်ဘာ ၂၅

နိုဝင်ဘာ ၂၁ ရက်တွင် မူဆယ်မြို့ ၁၀၅ ပိုင် ကုန်သွယ်ဇုန်အနီး ဖြစ်ပွားခဲ့သောထိတွေ့မှုဖြစ်စဉ်များကြောင့်မန္တလေး-မူဆယ်လမ်းပိုင်းတွင် လမ်းပိတ်ဆို့မှုများကြောင့် ကုန်စည်စီးဆင်းမှု ရပ်တန့်ခဲ့သော်လည်း နိုဝင်ဘာ ၂၃ ရက်မှ စ၍ ၁၂ ဘီးကုန်တင်ယာဉ်များနှင့် ၎င်းအောက်ကုန်တင်ယာဉ်များ သွားလာခွင့် ရရှိခဲ့သဖြင့် ကုန်စည်စီးဆင်းမှုမှာ ပြန်လည် အသက်ဝင်လာပြီဖြစ်ကြောင်း မန္တလေးပဲစျေးကွက်မှ သိရသည်။

တစ်နိုင်ငံလုံးပို့ကုန်၏ ၇၅ ရာခိုင်နှုန်းသည် မန္တလေး-မူဆယ်လမ်းပိုင်းကို အသုံးပြု၍ တရုတ်နိုင်ငံသို့ တင်ပို့နေရသဖြင့် ၎င်းလမ်းပိုင်းပိတ်ဆို့မှုကြောင့် မန္တလေးစျေးကွက်တွင် ကုန်စည်စီးဆင်းမှု ရပ်တန့်လုနီးပါးဖြစ်ခဲ့ပြီး စျေးနှုန်းများလည်း ကျဆင်းခဲ့ကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"သုံးရက်အတွင်းမှာ အရောင်းအဝယ်တွေအားလုံး ရပ်ဆိုင်းလုနီးပါးဖြစ်ခဲ့ပေမယ့် ယနေ့မှာတော့ ပုံမှန်ပြန်လည်တင်ပို့ ရောင်းဝယ်လျက်ရှိပါတယ်။ စျေးနှုန်းအနေနဲ့ကလည်း ပုံမှန်စျေးတော့မရောက်ပေမယ့် အဝယ်လိုက်ပစ္စည်းတွေကတော့ ပြန်လည်ဦးမော့လာပါပြီ။ အရောင်းအဝယ်သမားတစ်ယောက်အနေနဲ့ ပြောရရင် တိုင်းပြည်ငြိမ်းချမ်းမှ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ပြီး စျေးနှုန်းကိုလည်း ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ယနေ့ ပေါက်စျေးများအနေဖြင့် မန္တလေးစျေးကွက်တွင် မြေပဲလုံးဆန် တစ်ပိသာလျှင် ကျပ် ၂၄၅၀၊ နှံစားပြောင်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၆၀၀၀၊ ပဲတီစိမ်း(အသစ်) သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၈၃၀၀၀ နှင့် နှမ်းနက်သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၅၁၀၀၀ ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ကျေးရွာနေပြည်သူများအတွက် မြစိမ်းရောင်စိမံကိန်းဖြင့် အကျိုးပြုလုပ်ငန်းများအောင်မြင်

ဘားအံ နိုဝင်ဘာ ၂၅

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ်တွင် ကျေးရွာနေပြည်သူများအတွက် အကျိုးပြုလုပ်ငန်းများဖြစ်သည့် မြစိမ်းရောင်စိမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းဖြင့် အောင်မြင်လျက်ရှိရာ လုပ်ငန်းလည်ပတ်မှု အခြေအနေ၊ စာရင်းဇယားနှင့် လိုအပ်ချက်များထပ်မံဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက ခရိုင်ကျေးလက်မှကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါဒေသများတွင် မြစိမ်းရောင်ရန်ပုံငွေဖြင့် ကွမ်းသီးစိုက်ပျိုးခြင်းနှင့် ရောင်းဝယ်ခြင်း၊ အခြားရာသီအလိုက်သီးနှံများ စိုက်ပျိုးခြင်း၊ မွေးမြူရေးကဏ္ဍတွင် ငါး၊ ဝက်၊ ဆိတ်၊ ကွဲမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ဖျော်ရည်ထုတ်လုပ်သည့်လုပ်ငန်းများနှင့် ကုန်စုံဆိုင်များဖွင့်လှစ်ရောင်းချခြင်းလုပ်ငန်းများ အဓိကထားဆောင်ရွက်ရာ အောင်မြင်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

သံတောင်ကြီးမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်ကျေးရွာ ၂၀၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၃ ရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၂ ရွာ စုစုပေါင်း ၄၅ ရွာအား မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ရွာကြီးကျေးရွာအုပ်စုရှိ ငှက်ပျောတောအထက်ကျေးရွာ၊ သူဌေးကုန်းကျေးရွာ၊ ညောင်ပင်စခန်းကျေးရွာနှင့် ဘောဂလိမြို့ သပြေညွန့်ကျေးရွာတို့တွင် လုပ်ငန်းလည်ပတ်မှုအခြေအနေ၊ စာရင်းဇယားများ မှန်ကန်မှုရှိ၊ မရှိနှင့် လိုအပ်ချက်များထပ်မံဖြည့်ဆည်းပေးနိုင်ရေးအတွက် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးစောကျော်မင်းဦးနှင့် သံတောင်ကြီးမြို့နယ်ကျေးလက်ဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ဇနီမျိုးလွင်(ပြန်/ဆက်)

ဝေးလံဒေသနေပြည်သူများအတွက် မော်တော်ယာဉ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းများကွင်းဆင်းဆောင်ရွက်

ဖလမ်း နိုဝင်ဘာ ၂၅

ဝေးလံဒေသနေပြည်သူများအတွက် မော်တော်ကား၊ မော်တော်ဆိုင်ကယ်မှတ်ပုံတင်လုပ်ငန်းများ အဆင်ပြေစေရန် နယ်လှည့်ကွင်းဆင်းရွေ့လျားစနစ်ဖြင့် ဆောင်ရွက်ပေးခြင်းကို နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီမှစ၍ ဖလမ်းမြို့ဟရန်ထီးယိုးအားကစားကွင်း၌ One Stop Shop Service ဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ချင်းပြည်နယ်ဦးစီးမှူးဦးဇော်မျိုးဝင်းဦးဆောင်သောအဖွဲ့နှင့် ဖလမ်းမြို့နယ် မှတ်ပုံတင်မဲ့မော်တော်ယာဉ် စိစစ်ရေးအဖွဲ့တို့ ပူးပေါင်းကာ ယာဉ်အမျိုးအစားအလိုက်သက်တမ်းတိုးခြင်း၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းတို့ကို နိုဝင်ဘာ ၂၂ ရက်နေ့ထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့လာရောက်ကြသော ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများအားချင်းပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်မှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားပြီးနောက် ဆိုင်ကယ်မှတ်ပုံတင်ခြင်း၊ ဆိုင်ကယ်သက်တမ်း တိုးခြင်းနှင့် အသက် (၁၈) နှစ်ပြည့်ပြီးသူတို့အား ယာဉ်မောင်းခွင့်လိုင်စင်အသစ်ပြုလုပ်ပေးခြင်းလုပ်ငန်းများကို ပြည်နယ်ရုံးမှ ဝန်ထမ်းများနှင့်တာဝန်ရှိသူများက ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ မိမိတို့မြို့နယ်အရောက် ဆိုင်ကယ်လိုင်စင်များ သက်တမ်းတိုးနှင့်မောင်းနှင်ခွင့် လိုင်စင်များ လာရောက်ပြုလုပ် ဆောင်ရွက်ပေးသည့်အတွက် ငွေကုန်ကြေးကျသက်သာသည့်အပြင် အချိန်ကုန်လူပင်ပန်းမှုများလည်း သက်သာသည့်အတွက် လာရောက်ပြုလုပ်ပေးသည့် တာဝန်ရှိသူနှင့်ဝန်ထမ်းများအပေါ် တွင် မြို့ပေါ်ရပ်ကွက်နှင့် ကျေးလက်ဒေသခံပြည်သူများက အလွန်ဝမ်းမြောက်လျက်ရှိကြကြောင်း သိရသည်။

ဇီဟောဆာ

ရခိုင်မျိုးနွယ်စု ခမီတိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်

မြောက်ဦး နိုဝင်ဘာ ၂၅

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ပြုလုပ်သည့် ရခိုင်မျိုးနွယ်စု ခမီတိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်သည်။

အဆိုပါ အခမ်းအနားသို့ မြောက်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ရွှေ၊ ခမီဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိန်လှကျော်၊ အဖွဲ့ဝင်များဖြစ်သော ဦးလေကျော်အောင်နှင့် ခမီတိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြသည်။ မြောက်ဦးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိကအဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ဒေသရှိ ခမီမျိုးနွယ်စု၏ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားများကို မိမိတို့ရုံး၌ ပြခန်းပြုလုပ်၍ စီစဉ်မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော ခမီဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ မိမိလူမျိုးတို့၏ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာဓလေ့ဖြစ်သော တူရိယာများအကြောင်းကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ တိုင်းရင်းသားမျိုးနွယ်စုပြခန်းတွင် ပြသထားနိုင်ရန်အတွက် ခမီလူမျိုးတို့၏ တူရိယာပစ္စည်းတစ်ခုဖြစ်သော (တိတိင်)ခေါ်ဝါးစောင်းတစ်လက်ကို မြောက်ဦးခရိုင်ရုံးသို့ လှူဒါန်းခဲ့သည်။

ထို့နောက် မြောက်ဦးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိက ကျေးဇူးတင်စကားပြောကြားပြီး တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို မွန်းလွဲ ၂ နာရီ ၃၀ မိနစ်အချိန်တွင် ကျင်းပပြီးစီးကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်(မြောက်ဦး)

မီးသတိပြု

ပုသိမ်တက္ကသိုလ် သတ္တဗေဒဓမ်သားစု တတိယအကြိမ်မြောက်ဆရာပုဇော်ပွဲ

ပုသိမ်တက္ကသိုလ် သတ္တဗေဒဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့ကြသော အသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများမှ ပူဇော်ကန်တော့ပွဲကျင်းပမည် ဖြစ်ပါသောကြောင့် ကျောင်းသားအားလုံးပါဝင်ကန်တော့ကြပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

ဆရာကြီး၊ ဆရာမကြီးများမှလည်း ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်အပူဇော်ခံပေးကြပါရန် ရိုသေလေးစားစွာမေတ္တာ ရပ်ခံအပ်ပါသည်။

ကျင်းပမည့်ရက် -၇-၁-၂၀၁၇ရက်(စနေနေ့) ၁၄:၀၀နာရီ ပုသိမ်တက္ကသိုလ်ဓမ္မာရုံ
ဖိတ်ဆုံးပွဲ -၁၈နာရီ ပုသိမ်ဟိုတယ်မြက်ခင်းပြင်

မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ

အသေးစိတ်သိရှိလိုပါက

ဒေါက်တာမူမူမြင့်(ပါမောက္ခ)	ဖုန်း-၀၉-၉၇၇၂၇၄၅၉၉	-ဒေါ်နုနုဝင်းအေးဦး	ဖုန်း-၀၉-၄၉၂၃၇၉၈၆
ဒေါက်တာလှလှအေး	ဖုန်း-၀၉-၅၀၉၈၅၅၇၇	-ကိုခင်မောင်ညွှန့်	ဖုန်း-၀၉-၄၅၁၂၃၀၈၄
ဒေါက်တာလဲ့လဲ့နိုင်	ဖုန်း-၀၉-၇၉၀၁၇၆၇၇၄	-မမာမာစိုး	ဖုန်း-၀၉-၅၂၀၀၆၃၃၃
ဒေါက်တာလဲ့လဲ့ဦး	ဖုန်း-၀၉-၄၂၄၄၀၉၉၄	-မငြိမ်းအေး	ဖုန်း-၀၉-၅၁၄၄၇၀၁၆
မခင်မာဆွေ	ဖုန်း-၀၉-၄၅၈၁၉၄၀၉၉	-မခင်မာချို(ရန်ကုန်)	ဖုန်း-၀၉-၄၃၀၂၄၈၈၃
မခင်ချိုပြုံး(ရန်ကုန်)	ဖုန်း-၀၉-၅၀၀၄၄၄၂	-ကိုအောင်ဆန်း(မြောင်းမြ)	ဖုန်း-၀၉-၈၅၇၆၁၁၈
စောစော်ဇင်(ဟင်္သာတ)	ဖုန်း-၀၉-၂၅၆၃၀၈၈၂၂	-မအေးအေးကြည်(ကျောင်းကုန်း)	ဖုန်း-၀၉-၄၂၂၄၈၅၄၀၅
ကိုအောင်ဇံလင်း(ဟင်္သာတ)	ဖုန်း-၀၉-၄၃၀၈၈၅၁၂	-မနီလာမော်(ပန်းတနော်)	ဖုန်း-၀၉-၇၈၈၈၆၆၁၈
ကိုမောင်မောင်တိုး(ပြည်မြို့)	ဖုန်း-၀၉-၅၃၀၇၀၂၄၇	-ကိုစိန်ရွှေ(ကြို့ပင်ကောက်)	ဖုန်း-၀၉-၄၃၀၃၈၃၅၂
ဒေါ်စောသန္တာငြိမ်း(ပြည်မြို့)	ဖုန်း-၀၉-၃၁၁၁၀၉၀၀	-ကိုဆန်းလွင်ဦး(လပွတ္တာ)	ဖုန်း-၀၉-၂၅၀၄၄၈၁၃
		-ကိုဖေသွင်လှ(ပုသိမ်)	ဖုန်း-၀၉-၈၅၆၈၃၃၀၆

"ဟင်္သာတမြို့၊ အစိုးရအထက်တန်းကျောင်း အထက(၁) (၄၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်"

ဟင်္သာတမြို့၊ အထက(၁)၌ ပညာသင်ပေးခဲ့ကြသည့် အသက်(၆၀)ပြည့် အငြိမ်းစား ယူသွားကြသော ဆရာကြီး၊ဆရာမကြီးများအား (၄၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲတို့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ(၄)ရက် (တနင်္ဂနွေနေ့)၊ နံနက်(၈)နာရီတွင် ဟင်္သာတမြို့ အထက(၁) ဟင်္သာခန်းမ၌ ကျင်းပမည် ဖြစ်ပါ၍ အပူဇော်ခံ ဆရာ ဆရာမကြီးများ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ အပူဇော်ခံကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျောင်းသား၊ကျောင်းသူဟောင်းများလည်း စုံညီစွာတက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးမိန်ဝင်း၊ ဖုန်း-၀၉-၂၅၀၀၁၀၁၁၄၄၄၊ ဦးလှသိန်း၊ ဖုန်း-၀၉-၅၀၆၇၀၃၀၊ ဦးနိုင်ထွန်းအောင် ဖုန်း-၀၉-၂၅၄၀၇၅၁၇၇၊ ဦးဝင်းထွန်းအောင် ဖုန်း-၀၉-၃၁၃၇၈၃၆၀၊ ဦးဖြင့်သိန်း၊ ဖုန်း-၀၉-၂၂၄၅၅၂၄၅၅၊ ဦးညွှန့်ဝင်း ဖုန်း-၀၉-၂၅၃၀၄၆၅၆၅ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။

ရန်ကုန်မြို့မှ လိုက်ပါကြမည့် သူများအတွက် ဓော်တော်ယာဉ်များ စီစဉ်ထားရာ ဒီဇင်ဘာ(၃)ရက် (စနေနေ့)၊ နံနက်(၆)နာရီတွင် ဟင်္သာတအသင်းတိုက် အမှတ်(၁၀၄-၁၀၆)၊ ၄၅-လမ်း(အထက်)မှ ထွက်ခွာမည်ဖြစ်၍ ဟင်္သာတအသင်းဖုန်း-၀၁-၃၉၈၇၁၆ နှင့် ဦးစိုးမြင့် ဖုန်း-၀၉-၇၃၀၄၃၀၂၂၂၊ ဦးစိန်ဝင်း၊ ဖုန်း-၀၉-၂၅၀၀၁၀၁၁၄၄၊ ဦးနိုင်ထွန်းအောင် ဖုန်း-၀၉-၂၅၄၀၇၅၁၇၇၇ တို့ထံ ကြိုတင်စာရင်းပေးနိုင်သည်။

ဒဂုံတက္ကသိုလ်တွင် ၁၉၉၉ ခုနှစ် နိုင်ငံတကာဆက်ဆံရေး (International Relation) ပထမ အတူတူ ပညာသင်ခဲ့ကြသော သူငယ်ချင်းတို့ရေ..... ကျောင်းတော်ကြီးမှာပညာသင်ခဲ့ကြပြီး ပြန်မတွေ့ဖြစ်ခဲ့ကြတာ ကြာပြီမို့ ဒီနှစ်ကစ တို့တွေအားလုံး တစ်နှစ်တစ်ခါ ပြန်ဆုံတွေ့ကြရအောင် နေရာက **ခမ်ပိုင်ရွှေဘဲ** စားသောက်ဆိုင်၊ အမှိန်က နေ့လည် ၁နာရီကစ ဂုနာရီထိ၊ ၂၄.၁၂.၂၀၁၆ ရက်နေ့မှာ တွေ့ကြရအောင်

ဆက်သွယ်ရန်ဖုန်း- ချိမင်းကျော်-၀၉၇၉၁၀၁၃၉၅၂၇၊ ကြူကြူလင်း-၀၉၄၃၂၀၀၆၆၇၀

အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အောက်ဖော်ပြပါ အမှိုက်သိမ်းယာဉ်(၁)စီးကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်။

စဉ် ပစ္စည်းအမျိုးအမည် အရေအတွက်

(က) Forland Mini Dumper Truck N-490 QB(48kw) (၁)စီး

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ၂၈-၁၁-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း အုတ်ဖိုမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့အင်ဂျင်နီယာဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၅-၁၂-၂၀၁၆ရက်၊ ၁၅:၃၀နာရီဖြစ်ပါသည်။

တင်ဒါစီစစ်ရွေးချယ်ရေးကော်မတီ
အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့
ဖုန်း-၀၅၃-၈၀၀၀၅

တိုက်ခန်းရောင်းမည်

သယ်နှုန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်လမ်းကျောဘက်-ပြည်တော်အေးလမ်း

(၁၂×၅၀)ပေ
မှန်ခန်း-ဘယ်/ညာ
တိုက်သစ် Hall, Bcc ကျပြီး
ရောင်းဈေးတစ်ခန်းလျှင်
သိန်း(၃၅၀)
Ph-09-31060124
09-453122906

ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၈၂)ရှိ တော်ဝင်ကိုး အပြည့်ပြည့်ဆိုင်ရာ ရောင်းဝယ်ရေး ကုမ္ပဏီလိမ်တက်၏ ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၆၃/၂၀၀၆-၂၀၀၇နှင့် သွင်းကုန်ထုတ်ကုန်လိုင်စင်တို့ ရုံးအပြောင်းအရွှေ့တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်အကြောင်းကြားပေးပါရန်။**ဖုန်း-၀၁-၂၅၀၂၂၅**

မိုးဘေးရှောင် မလောင်ခင်တား

အမည်ပြောင်း

ရောဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ အမှတ်၆ရပ်ကွက်နေ ဦးချစ်လွင်-ဒေါ်မူမူခိုင်တို့၏ သမီးဖြစ်သူ၊ မြောင်းမြမြို့၊ အထက(၁)ကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင် မကြော့ကြော့နွင်း ဇင်-မှတ်ပုံတင်အမှတ်၁၁၄/ကကထ(နိုင်)၁၉၉၀၃၄အား မခိုင်ဇင်သော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ကန်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊မြတိုင်းလုံးကွက် အမှတ်-၄၄၊မြကွက်အမှတ်-၀၏ အစိတ်အပိုင်း (၅၆×၇၅)မြကွက်တည် နေထူ-အမှတ်-၁ ၂၀၈၁၄လမ်းသွယ်၊ (၅)လုံးကွက်မရမ်းကုန်းမြို့နယ်၊ဦးတာသိန်း နှင့်၅၅၂၊အမည်ပေါက်၊ဒီ-လ/နှ-၃၃ (သိပ်ယာဌေ)အား ဦးသက်ဝင်းအောင် ထိမှ၂၀.၁၁. ၂၀၁၆ရက်စွဲပါအရပ်ကတိ စာရွက်ပြင်ဆင်ယူကြောင်းသတင်းရသည်အရ နှုန်းအမှန်ကတရားလိုပြည်လုပ်ရှင်နှင့်ကုန်အနေနာက်ပိုင်း ခရိုင်တရားရုံး၊တရားမကြီးမှုအမှတ် ၅၄၄/ ၂၀၁၆ခုနှစ်တွင် ဦးသက်ဝင်းအောင်အား၊တရားရုံးမှသတိပေးစာများဆွဲဆိုင်ရာ တရားနိုင်မှုအခိုင်အမာရှိရမည်ဖြစ်ပါသည်။ ဇာမြေအမှတ်-၁၅၄/ ၂၀၁၆အရ တရားရုံးကို ယင်းစားဆောင်ရွက်ရန်အတွက် တရားလိုမှတာဝန်ယေးအပ်ခြင်းခံရသူ ဒေါ်နုဝင်းမူတာရယ်ဆေးသားသုတ်သင် ရုံးတော်ကြီးမှတ်ပုံတင်အမှတ်(၁၂/ ဒဂန(နိုင်)၀၀၀

မင်္ဂလာစေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးတင်ထွန်း-ဒေါ်အေးသိန်းတို့၏ သားငယ်

မောင်တင့်ထူးအောင် B.E (Marine Engineering)
Field Engineer III (M-I Swaco, Schlumberger)

နှင့်

ရန်ကုန်မြို့နေ ပိုလ်မှူးစည်အောင်(ငြိမ်း)- **Dr.**ခင်မေအေးတို့၏ သမီးငယ်

မအေးသန္တာစည် B.E (Information Technology)
Senior Software Developer (IT Dept:, AYA Bank)

တို့သည် နှစ်ဖက်သောမိဘများ၊ ဆွေမျိုးများ ရှေ့မှောက်၌ ၁၉-၁၁-၂၀၁၆ ရက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်တင့်ထူးအောင်-မအေးသန္တာစည်

သာသနာရေးဝန်ကြီးဌာန၊ရုံးအဖွဲ့မှူး (ငြိမ်း) ဦးမောင်မောင်မြင့်ဦးစီးသော

နာလန္ဒာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

အိန္ဒိယ/နီပေါလ်နိုင်ငံတို့ရှိ သံဃေနိယ၊အဝိဇဟိတလေးဌာနတို့သို့ ဘုရားဖူးပို့ဆောင်ပေးလျက်ရှိပါသည်။
အသက်သာဆုံးစျေးနှုန်း၊ အကောင်းဆုံးသောဝန်ဆောင်မှုတို့ဖြင့် ဘုရားဖူးများ စိတ်အေးချမ်းသာစွာဖြင့် သွားရောက် ဖူးမြော်နိုင်ရန် စီစဉ်ထားပါသည်။ဘုရားဖူးခရီးသည်များမှ စိတ်ချမ်းသာစွာဘုရားဖူးနိုင်ရန် သက်ဗုတ်ထားသောရက်များအား ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ဗိသားစုသီးသန့်ခရီးစဉ်များနှင့် (၁၄)ညအိပ်(၁၅)ရက်ခရီး၊(၁၁)ညအိပ်(၁၂)ရက်ခရီး၊(၇)ညအိပ်(၈)ရက်ခရီးစဉ်များတို့ပို့ဆောင်ပေးပါသည်။ (၁၆)ဦးလျှင်(၁)ဦးအခမဲ့ပေးပါသည်။ ခရီးစဉ်တစ်လျှောက်ဝန်ဆောင်မှုများမှာ စရိတ်ငြိမ်းဖြစ်ပါသည်။
ခရီးစဉ်ထွက်ခွာမည့်ရက်များ (၁) ၂၈. ၁၂. ၂၀၁၆ (၂) ၁၈. ၀၁. ၂၀၁၇ (၃) ၀၃. ၀၂. ၂၀၁၇ (၄) ၁၉. ၀၂. ၂၀၁၇ (၅) ၁၀. ၀၃. ၂၀၁၇ ရက်များသို့ စာရင်းပေးသွင်းနိုင်ပါသည်။
အမှတ်--(၂၂၃)မြေညီထပ်၊ဗိုလ်တထောင်စွေးလမ်း(ယခင်အီဒင်လမ်း)၊(၂)ရပ်ကွက်၊ဗုဒ္ဓနိတောင်မြို့နယ်၊
ဖုန်း--၀၉၄၂၁၀၈၂၂၇၃၊ ၀၉၃၃၀၃၈၅၅၇၊ ၀၉၄၂၁၀၈၂၂၅၆၊ ၀၉၉၆၄၂၁၀၈၂၂
သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။



100% သံချေးမတက်သည့် Stainless Steel ဘလိတ်များသွားဆုံးကြိုးများကို
စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလိမိတက်မှ စျေးနှုန်းချိုသာစွာ
ဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။

အရောင်းခန်းမ(၁) - အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ (နင်းသီကုန်းဘိုးဘွားမိုဘ်သာရေး)၊ ဗဟန်းမြို့နယ်။
Ph :01-545531,01-8603141,09-5008161
အရောင်းခန်းမ(၂) - အမှတ်(၃၆/A)၊ မြည်လမ်းမ၊ (၉)မိုင်၊ မရမ်းကုန်း
Ph :01-656521, 09-421024731, 09-421024741
အရောင်းခန်းမ(၃) - အမှတ် (S-6)၊ လေးထောင့်ကုန်လမ်းမကြီး (ILBC) အနီး တာမွေမြို့နယ်။
Ph: 09 5553323, 09-5103323
အရောင်းခန်းမ(၄) - အောင်(သစ်)၊ အမှတ်(၅)၊ ကျောက်မီးရထားပေါက်ဈေးတန်းကြီးမကုန်းကားဝင်း၊ ဒဂုံမြို့နယ်။
Ph:01-642748, 09-5069101,09-73152381

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် **Laminate Flooring** ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
ဇွဲနိုင်းကြမ်းခင်းပြားများကို စျေးသက်သာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁)-အမှတ်(၂၀၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်။
Ph : 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂)-တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ပညာဒေလမ်း၊
Ph : 09-5425251, 09-73225484
အရောင်းခန်းမ(၃)- အမှတ်(၂၄၈)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရွှေဆောင်ဘဏ်ဘေး၊တာမွေမြို့နယ်။
Ph : 09-5076661, 09-5076662,09-5076663
အရောင်းခန်းမ(၄)- အမှတ် (၁၁-ဘီ)၊ မြည်လမ်းမ၊ အောမ်းမှတ်တိုင်အနီး၊ (၉) မိုင်၊ မရမ်းကုန်းမြို့နယ်။
Ph : 09-5091526, 09 5091527

မလေးရှားနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် အမျိုးသမီးအလုပ်သမားအသစ်များ အလိုရှိသည်။

မလေးရှားနိုင်ငံ၊ ဆီလန်ဂေါ်ပြည်နယ်၊ ဘန်ဒါပြိုနယ်ရှိ Nichicon(Malaysia)SDN.BHD (နီခီကွန် လွှမ်စစ်ဝရွှင်းထုတ်လုပ်ရေး) စက်ခုံတွင် တာဝန်ထမ်းဆောင်ရန် ထုတ်လုပ်ရေးလုပ်သားအမျိုးသမီး (၁၀၀) ဦး အလိုရှိသည်။

အခြေခံလစာ	- ရင်းဂစ်	၁၀၀၀.၀၀
ညဆိုင်းအပိုကြေးငွေ	- ရင်းဂစ်	၄၄.၀၀
ခန့်မှန်းအချိန်ပိုလုပ်အားခ	- ရင်းဂစ်	၄၅၁.၇၃
စုစုပေါင်းတစ်လခန့်မှန်းလစာ	- ရင်းဂစ်	၁၄၉၅.၇၃

အလုပ်အကိုင်နိုင်ငံကူးလက်မှတ် (JOB PASSPORT) PJ လျှောက်ထားခြင်းကို ကူညီဆောင်ရွက်ပေးပါမည်။

နိုင်ငံကူးလက်မှတ်၊ ဆေးစစ် Online တင်၊ ဓာတ်ကြေး၊ လေယာဉ်လက်မှတ်၊ Work Permit ကုန်ကျစရိတ်များအားလုံးကို NICHICON (MALAYSIA) SDN.BHD ကုမ္ပဏီ၏အလုပ်ရှင်မှ ကျခံပေးပါမည်။

အာဗဲဝန်ဆောင်ရှု စနှစ်ဖြစ်သည်

လစာမှ ပြန်လည်ဖြတ်တောက်ခြင်းမရှိပါ။
အသက် ၁၈ - ၃၀ နှစ်အတွင်း၊ ပညာအရည်အချင်း အလယ်တန်းအဆင့် (ကျန်းမာရေးကောင်းမွန်ပြီး အလုပ်ကို တာဝန်ယူကြိုးစားလုပ်ကိုင်နိုင်သူဖြစ်ရမည်။)
အင်တာဗျူးမည့်ရက် - ၈.၁၂.၂၀၁၆ မှ ၁၀.၁၂.၂၀၁၆ အထိ (၃) ရက်
အချိန် - နံနက် (၁၀:၀၀) နာရီ

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။(နံနက် ၉ နာရီမှ ညနေ ၅ နာရီ)

ဆက်သွယ်စုံစမ်းရန် - ကောင်းမြတ်စံသူကုမ္ပဏီလီမိတက်၊ အမှတ်(၃၆၅)၊ ဒုတိယထပ်(ယာ)၊(၃၈)လမ်းနှင့် ဆိပ်ကမ်းသာလမ်းထိပ်၊ မဟာဗန္ဓုလလမ်းမကြီး၊ ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉၅၄၁၀၄၄၄၊ ၀၉၇၃၀၈၇၈ ၂၆၆၊ ၀၉၄၄၈၀၀၈ ၂၇၉

New One HospiSmartPro ဆေးရုံလုပ်ငန်းသုံးကွန်ပျူတာစနစ်

New Two SmartHotelero ဟိုတယ်လုပ်ငန်းသုံးကွန်ပျူတာစနစ်

New Three FoodiePOS စားသောက်ဆိုင်လုပ်ငန်းသုံး ကွန်ပျူတာစနစ်

9th Since 2007 iNFO Net future through technology Anniversary Promotion

18th To 30th November, 2016

လုပ်ငန်းသုံးကွန်ပျူတာစနစ်ရင်းကိုင်စနစ်အမျိုးမျိုးရရှိနိုင်သော iNFO Net ၏ (၉) နှစ်ပြည့် နှစ်ပတ်လည် အထူးအစီအစဉ်များ

Get free anniversary shirt gift! နှစ်ပတ်လည်အမှတ်တရအင်္ကျီလက်ဆောင်

Get free APK for online reporting anywhere! စာရင်းအချက်အလက်များကို နေရာဒေသမရွေးကြည့်ရန်

